# သက်သေခံအက်ဥပဒေ

## ၁/၁၈၇၂

## (၁၈၇၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

## အပိုင်း (၁)

## အကြောင်းခြင်းရာများစပ်ဆိုင်ခြင်း

## အခန်း (၁)

## ပဏာမဖော်ပြချက်

ဥပဒေနှင့်သက်ဆိုင်စေခြင်း။

၁။ ဤဥပဒေသည် တရားရုံးတစ်ခုခု၌စစ်ဆေးစီရင်သော မှုခင်းအားလုံးနှင့်ဖြစ်စေ၊ တပ်မတော်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သမျှ စစ်တရားရုံးတစ်ခုခု၌ စစ်ဆေးစီရင်သောမှု ခင်းအားလုံးနှင့်ဖြစ်စေ သက်ဆိုင်စေရမည်။

သို့ရာတွင် ဤဥပဒေသည် တရားရုံးတစ်ခုခု သို့မဟုတ် အရာရှိတစ်ဦးဦးထံတွင်တင်သွင်းသော ကျမ်းကျိန်လွှာများ၊ ခုံသမာဓိလူကြီးများရှေ့မှောက်တွင် စစ်ဆေးသော မှုခင်းများနှင့် မသက်ဆိုင်စေရ။

၂။ x x x x

အဓိပ္ပာယ်ဖော်ပြချက်။

၃။ ဤဥပဒေတွင် ရှေ့နောက်ဆက်စပ်နေသော စကားရပ်များကိုထောက်ချင့်၍ ဆန့်ကျင်သော အဓိပ္ပာယ် ပေါက်စေရန် ရည်ရွယ်ချက်ရှိသည်ဟု မပေါ်ပေါက်လျှင် အောက်ပါစကားရပ်များကို ဖော်ပြပါအဓိပ္ပာယ် အတိုင်းအသုံးပြုထားသည်။

**တရားရုံး။**

"တရားရုံး" ဆိုသောစကားရပ်တွင် တရားမတရားသူကြီးများ၊ ရာဇဝတ်တရားသူကြီးများ၊ တရား ဥပဒေနှင့်အညီ သက်သေခံချက်ရယူနိုင်သော ပုဂ္ဂိုလ်အားလုံးပါဝင်သည်။ သို့ရာတွင် ခုံသမာဓိ လူကြီးများမပါဝင်ချေ။

**အကြောင်းခြင်းရာ။**

"အကြောင်းခြင်းရာ"ဆိုသည်မှာ-

(၁) အာရုံဖြင့်သိမြင်နိုင်သောအရာများ သို့မဟုတ် ထိုအရာများ၏အခြေအနေ သို့မဟုတ် အရာတစ်ခုနှင့် ဆက်သွယ်ခြင်းများနှင့်

(၂) မည်သူမဆိုသိရှိနိုင်သော စိတ်၏အခြေအနေများပါဝင်သည်။

**ဥပမာများ**



Myanmar Law Information System (MLIS)

(က)တစ်စုံတစ်ရာသော ပစ္စည်းများသည် တစ်စုံတစ်ရာသော အစီအစဉ်အတိုင်း၊ တစ်စုံတစ်ခုသောအရပ်၌ရှိခြင်းသည်အကြောင်းခြင်းရာဖြစ်သည်။

(ခ) တစ်ဦးတစ်ယောက်သောသူက တစ်စုံတစ်ရာကို ကြားရခြင်း သို့မဟုတ် မြင်ရခြင်းသည် အကြောင်းခြင်းရာဖြစ်သည်။

(ဂ) တစ်ဦးတစ်ယောက်သော သူက တစ်စုံတစ်ရာသော စကားကိုပြောဆိုခြင်းသည်အကြောင်းခြင်းရာ ဖြစ်သည်။

(ဃ) တစ်ဦးတစ်ယောက်သောသူမှာ တစ်စုံတစ်ခုသော ထင်မြင်ချက်ရှိခြင်း၊ တစ်စုံတစ်ခုသော အကြံ အစည်ရှိခြင်း၊ သဘောရိုးဖြင့် သို့မဟုတ် လိမ်လည်လှည့်ဖြားသော သဘောဖြင့် ပြုမူခြင်း၊ တစ်စုံတစ်ရာ သော အဓိပ္ပာယ်ကို ရည်ရွယ်၍ တစ်စုံတစ်ခုသော စကားကို သုံးစွဲခြင်း၊ တစ်စုံတစ်ခုသောအချိန်တွင် တစ်စုံတစ်ခုသောအာရုံကို သိရှိခံစားရခြင်း၊ သိရှိခံစားဖူးခြင်းတို့သည် အကြောင်းခြင်းရာများဖြစ်သည်။

(င) တစ်ဦးတစ်ယောက်သောသူမှာ တစ်စုံတစ်ရာသော ကျော်ဇောသတင်းရှိခြင်းသည် အကြောင်းခြင်းရာဖြစ်သည်။

**စပ်ဆိုင်ခြင်း။**

ဤဥပဒေ၌ အကြောင်းခြင်းရာများ စပ်ဆိုင်ပုံနှင့် စပ်လျဉ်း၍ ဖော်ပြထားသည် ဖြစ်ရာအကြောင်းခြင်း ရာတစ်ခုနှင့် အခြားအကြောင်းခြင်းရာတစ်ခု ဆက်စပ်ပုံသည် ဤဥပဒေတွင်ဖော်ပြထားသည့်အတိုင်း ဆက်စပ်ခြင်းဖြစ်လျှင် ထိုအကြောင်းခြင်းရာသည် အဆိုပါအခြားအကြောင်းခြင်းရာနှင့် စပ်ဆိုင်သည်ဟု ဆိုရမည်။

**အငြင်းထွက်အကြောင်းခြင်းရာ။**

"အငြင်းထွက်အကြောင်းခြင်းရာ"ဆိုသည်မှာ အကြောင်းခြင်းရာတစ်ခုခုဖြစ်စေ၊ အခြားအကြောင်းခြင်းရာတစ်ခုနှင့်ဆက်သွယ်၍ဖြစ်စေ၊ တရားမမှုတစ်ခုခုတွင်သော်လည်းကောင်း၊ မှုခင်းကိစ္စတစ်ခုခုတွင်သော် လည်းကောင်း ရှိကြောင်းအဆိုရှိသည် သို့မဟုတ် မတည်ရှိကြောင်းငြင်းဆိုသည့် အခွင့်အရေးတာဝန် သို့မဟုတ် အရည်အချင်းချို့တဲ့မှုရှိ၊ မရှိ၊ ရှိလျှင်လည်း မည်သည့် အခွင့်အရေး၊ တာဝန် သို့မဟုတ် မစွမ်းဆောင်နိုင်ခြင်းမျိုးဖြစ်၍ မည်မျှရှိသည်ကို ပေါ်လွင်သိစေနိုင်တတ်သော အကြောင်းခြင်းရာပါဝင်သည်။

**ရှင်းလင်းချက်** ။ တရားမကျင့်ထုံးနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ တရားရုံးတစ် ခုခုက အကြောင်းခြင်းရာ ဆိုင်ရာငြင်းချက်ထုတ်သည့်အခါ၊ အဆိုပါငြင်းချက်ကို ဖြေဆိုရာတွင်၊ အခိုင်အမာထွက်ဆိုရမည့် သို့မဟုတ် ငြင်းဆိုရမည့် အကြောင်းခြင်းရာသည် အငြင်းထွက်အကြောင်းခြင်း ရာဖြစ်သည်။

**ဥပမာများ**

A သည် B ကိုသတ်သည့်လူသတ်မှုဖြင့်စွဲဆိုခံရသည်။

အမှုကို စစ်ဆေးစီရင်သည့်အခါ အငြင်းဖြစ်နိုင်သည့်အကြောင်းခြင်းရာများမှာ-

A က B ကိုသေစေကြောင်း၊

A က B ကိုသေစေရန် ကြံရွယ်ကြောင်း၊



Myanmar Law Information System (MLIS)

A အား ရုတ်တရက် အကြီးအကျယ်ဒေါသဖြစ်စေရန် B က ပြုလုပ်ကြောင်း၊

A သည် B အား သေစေရန်ပြုလုပ်ချိန်ကစိတ်ပေါ့သွပ်သဖြင့် မိမိပြုလုပ်သောအမှုသည် မည်သို့သဘော ရှိသည်ကိုသိနိုင်စွမ်း မရှိကြောင်းတို့ဖြစ်သည်။

**စာတမ်းအမှတ်အသား။**

"စာတမ်းအမှတ်အသား" ဆိုသည်မှာအကြောင်းအရာ တစ်ခုကိုမှတ်သားရန်အလို့ငှာ၊ အသုံးပြုရန်ကြံ ရွယ်သည့် သို့မဟုတ် အသုံးပြုနိုင်သည့် အက္ခရာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထိုနည်းများအနက် တစ်နည်းထက်ပိုသော နည်းများဖြင့်ဖြစ်စေမည်သည့်အရာဝတ္ထုပေါ်တွင်မဆို ရေးသားထားသည့် သို့မဟုတ် ဖော်ပြသည့် အကြောင်းအရာတစ်ခုခုကိုဆိုလိုသည်။

**ဥပမာများ**

လက်ရေးစာသည် စာတမ်းအမှတ်အသားဖြစ်သည်။

ပုံနှိပ်စာလုံးများ၊ ကျောက်ပုံနှိပ်စာလုံးများ၊ ဓာတ်ပုံရိုက်ထားသော စာလုံးများသည် စာတမ်းအမှတ်အသား ဖြစ်သည်။

မြေပုံ သို့မဟုတ် စနစ်ပုံသည် စာတမ်းအမှတ်အသားဖြစ်သည်။

သတ္တုပြား သို့မဟုတ် ကျောက်ပေါ်တွင် အက္ခရာတင်ထားသော စာသည်စာတမ်းအမှတ်အသားဖြစ်သည်။

ရယ်ဖွယ်ရုပ်ပုံသည် စာတမ်းအမှတ်အသားဖြစ်သည်။

**သက်သေခံချက်။**

"သက်သေခံချက်"ဆိုသည်မှာ-

(၁) စုံစမ်းစစ်ဆေးဆဲဖြစ်သော အကြောင်းအချက်များနှင့်စပ်လျဉ်း၍ တရားရုံးရှေ့တွင် ထိုတရားရုံး ၏ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်အရ၊ သက်သေအဖြစ်အစစ်ခံသူများကထွက်ဆိုသော ထွက်ချက် များကိုဆိုသည်။ ယင်းထွက်ချက်များကို နှုတ်သက်သေခံချက်ဟုခေါ်သည်။

(၂) တရားရုံးက ကြည့်ရှုစစ်ဆေးရန်အလို့ငှာ တရားရုံးသို့တင်ပြထားသည့် စာတမ်းအမှတ်အသားအား လုံးကိုဆိုသည်။ ယင်းစာတမ်းအမှတ်အသားများကို စာတမ်းအမှတ်အသားသက်သေခံချက်ဟုခေါ်သည်။

**သက်သေထင်ရှားခြင်း။**

တရားရုံးရှေ့တွင် ထွက်ဆိုတင်ပြထားသည့် အကြောင်းအရာများကို တရားရုံးက ဆင်ခြင်စဉ်းစားပြီး နောက် အကြောင်းခြင်းရာတစ်ခုကိုအမှန် ဖြစ်သည်ဟုတရားရုံးက ယုံကြည်လျှင် သို့မဟုတ် အလားတူ အခြေအနေမျိုးတွင် ဆင်ခြင်တတ်သော သူတစ်ဦးတစ်ယောက်သည်အဆိုပါအကြောင်းခြင်းရာမှာ အမှန် ဖြစ်သည်ဟု မှတ်ယူလျက် ပြုမှုဆောင်ရွက်ပေးလိမ့်မည်ဟု တရားရုံးက ထင်မြင်ယူဆလျှင် ထိုအကြောင်း ခြင်းရာမှာသက်သေထင်ရှားခြင်းရှိသည်ဟုဆိုရမည်။

**သက်သေထင်ရှားမရှိခြင်း။**

အကြောင်းခြင်းရာတစ်ခုသည် သက်သေထင်ရှားမရှိခြင်းဟုဆိုရာ၌ ထိုအကြောင်းခြင်းရာကို စဉ်းစား ဆင် ခြင်ပြီးနောက် ထိုအကြောင်းခြင်းရာများမတည်ရှိကြောင်း သို့မဟုတ် ဆင်ခြင်စဉ်းစားတတ်သောသူ တစ်ဦးက

ထိုအခြေအနေတွင် ထောက်ရှု၍ ယင်းအကြောင်းခြင်းရာ ဖြစ်ဖွယ်မရှိဟု ယူဆလျှင် ယင်းအကြောင်း ခြင်းရာသည် သက်သေထင်ရှားမရှိဟုဆိုသည်။

**မထင်ရှားခြင်း။**

အကြောင်းခြင်းရာတစ်ခုမှာ သက်သေထင်ရှားခြင်းလည်း မဟုတ်၊ သက်သေထင်ရှားမရှိခြင်းလည်းမ ဟုတ်ဖြစ်နေလျှင် ထိုအကြောင်းခြင်းရာမှာ မထင်ရှားဟုဆိုသည်။

အမှန်ကဲ့သို့ မှတ်ယူနိုင်ခြင်း။

၄။ အကြောင်းခြင်းရာတစ်ခုကို မှန်သည်ဟု တရားရုံးက မှတ်ယူနိုင်ကြောင်း ဤဥပဒေတွင်ပြဋ္ဌာန်းထား လျှင် ထိုအကြောင်းခြင်းရာမှာမထင်ရှားကြောင်း မတွေ့ရသမျှကာလပတ်လုံးတရားရုံးက ထိုအကြောင်း ခြင်းရာကို သက်သေထင်ရှားရှိဘိသကဲ့သို့ မှတ်ယူနိုင်သည် သို့မဟုတ် ထိုအကြောင်းခြင်းရာကို သက်သေ တင်ပြရန်ညွှန်ကြားနိုင်သည်။

**အမှန်ကဲ့သို့မှတ်ယူရခြင်း။**

အကြောင်းခြင်းရာတစ်ခုကိုမှန်သည်ဟု တရားရုံးက မှတ်ယူရမည်ဖြစ်ကြောင်းဤဥပဒေတွင် ပြဋ္ဌာန်း ထားလျှင် ထိုအကြောင်းခြင်းရာမှာ မထင်ရှားကြောင်း မတွေ့ရသမျှကာလပတ်လုံး တရားရုံးက ထိုအ ကြောင်းခြင်းရာကို သက်သေထင်ရှားရှိဘိသကဲ့သို့ မှတ်ယူရမည်။

**အပြီးသတ်သက်သေခံချက်။**

အကြောင်းခြင်းရာတစ်ခုသည် အခြား အကြောင်းခြင်းရာတစ်ခုအတွက်အပြီးသတ်သက်သေခံချက်ဖြစ် သည်ဟု ဤဥပဒေက ပြဋ္ဌာန်းထားလျှင် တရားရုံးသည် ပထမ အကြောင်းခြင်းရာသက်သေထင်ရှားရှိ သည့်အခါ၊ ဒုတိယအကြောင်းခြင်းရာ မထင်ရှားကြောင်း ပြသရန်အတွက် သက်သေခံချက်တင်ပြခွင့်မပြု ရ။

## အခန်း (၂)

## အကြောင်းခြင်းရာများစပ်ဆိုင်ခြင်း

အငြင်းဖြစ်သည့်အကြောင်းခြင်းရာ၊ စပ်ဆိုင်သောအကြောင်းခြင်းရာများကိုသာ သက်သေခံတင် ပြနိုင်ခြင်း။

၅။ မည်သည့် တရားမမှု၊ သို့မဟုတ် မှုခင်းတွင်မဆို အငြင်းဖြစ်သည့် အကြောင်းခြင်းရာများနှင့် ဤ ဥပဒေတွင် နောက်လာမည့် ပြဋ္ဌာန်းချက်များ၌ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်ဟု ဖော်ပြထား သော အကြောင်းခြင်းရာများအမှန်ဟုတ် မဟုတ် ဆိုသည်ကိုသက်သေခံတင်ပြနိုင်သည်။ အဆိုပါအငြင်း ဖြစ်သည့် အကြောင်းခြင်းရာများ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာများမှ အပအခြား အကြောင်းခြင်းရာများ အမှန်ဟုတ် မဟုတ်ဆိုသည်ကို သက်သေခံတင်ပြခြင်းမပြုနိုင်။

**ရှင်းလင်းချက်။** တရားမကျင့်ထုံး တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ၊ တစ်ဦးတစ်ယောက် သောသူမှာ အကြောင်းခြင်းရာ တစ်ခုကို သက်သေထင်ရှား တင်ပြခွင့်မရှိလျှင် ထိုသူသည် ဤပုဒ်မအရ ထိုအကြောင်းခြင်းရာကို သက်သေခံတင်ပြနိုင်ခွင့် ရှိမည်မဟုတ်ချေ။

Myanmar Law Information System (MLIS)

**ဥပမာများ**

(က) A သည် B ကို သေစေလိုသော ကြံရွယ်ချက်ဖြင့် တုတ်နှင့်ရိုက်၍ လူသတ်မှုကို ကျူးလွန်သည်ဟု အမှုစစ်ဆေးစီရင်ရာတွင် အောက်ပါတို့သည် အငြင်းဖြစ်သော အကြောင်းခြင်းရာဖြစ်သည်-

A က B ကိုတုတ်နှင့်ရိုက်ကြောင်း၊

A ကထိုသို့ရိုက်သဖြင့် B ကိုသေဆုံးစေကြောင်း၊

A က B ကိုသေလိုသောကြံရွယ်ချက်ရှိကြောင်း။

(ခ) တရားမမှုမှ အမှုသည်တစ်ဦးသည် ပထမအကြိမ် အမှုကြားနာစစ်ဆေးရန်ချိန်းဆိုထားသော အချိန် တွင် မိမိအား ကိုးအားထားပြုသည့်စာချုပ်ကို ယူဆောင်မလာသဖြင့် တင်ပြရန်အသင့်မရှိချေ။ နောက် တစ်ကြိမ်အမှု ကြားနာစစ်ဆေးသည့် အဆင့်တွင် ထိုသူသည် တရားမ ကျင့်ထုံးဥပဒေပါ စည်းကမ်းချက် များနှင့်အညီမှတစ်ပါး၊ အဆိုပါစာချုပ်ကိုတင်ပြရန်ဖြစ်စေ၊ ထိုစာချုပ်ပါ အချက်အလက်များကို သက်သေ ထင်ရှားတင် ပြရန် ဖြစ်စေ ဤပုဒ်မကခွင့်ပြုသည်မဟုတ်။

အမှုကိစ္စတစ်မှုတည်းတွင် ပါဝင်သောအကြောင်းခြင်းရာများသည်စပ်ဆိုင်သောအကြောင်းခြင်း ရာများဖြစ်ခြင်း။

၆။ အချို့အကြောင်းခြင်းရာများသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာများနှင့်အတူ အမှုကိစ္စတစ်ခု တည်းတွင် ပါဝင်နေသည်ဟုဆိုရလောက်အောင် တစ်ခုနှင့် တစ်ခုဆက်စပ်လျှင် တစ်ချိန်တည်း၊ တစ်နေ ရာတည်းတွင် သို့မဟုတ် ကွဲပြားခြားနားသောအချိန်များ၊ နေရာများတွင် ဖြစ်ပွားစေကာမူ၊ အဆိုပါ အ ကြောင်းခြင်းရာများသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာများပင်မဟုတ်သော်လည်း အမှု၌စပ်ဆိုင် သည်။

**ဥပမာများ**

(က) A သည် B ကို ရိုက်နှက်ခြင်းဖြင့် လူသတ်မှုကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသည်။ ထိုသို့ရိုက်နှက် စဉ် ဖြစ်စေ၊ အမှုကိစ္စတစ်ခုတည်းတွင် အပါအဝင်ဖြစ်လောက်အောင် အဆိုပါရိုက်နှက်ချိန်ထက် မရှေး မနှောင်းသောအချိန်တွင်ဖြစ်စေ၊ A သို့မဟုတ် B သို့မဟုတ် အနီးအနားရှိလူများပြောဆိုပြုမူသမျှသည် စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

(ခ) A သည်လက်နက်စွဲကိုင်ဆူပူသောင်းကျန်းရာတွင် ပါဝင်ခြင်းကြောင့် နိုင်ငံတော်ကို စစ်မက်ပြိုင် ဆိုင်မှုဖြင့်စွဲဆိုခြင်းခံရသည်။ ထိုသို့လက်နက်စွဲကိုင်ဆူပူသောင်းကျန်းရာတွင် ဥစ္စာပစ္စည်းကိုဖျက်ဆီး ခြင်း၊ တပ်မတော်ကိုတိုက်ခိုက်ခြင်း၊ အကျဉ်းထောင်များကို ဖောက်ခြင်းတို့ပါဝင်သည်။ အဆိုပါ အကြောင်းခြင်းရာများ ဖြစ်ပွားရာနေရာအားလုံး၌ A မရှိသော်လည်း ထိုဖြစ်ပွားမှုများမှာ ပင်မအမှုကြီး တွင်အပါအဝင် ဖြစ်သောကြောင့်စပ်ဆိုင်သည်။

(ဂ) A နှင့် B တို့စာပေးစာယူ ပြုလုပ်ရာတွင်ပါဝင်သည့်စာတစ်စောင်၌ပါရှိသော အသရေပျက်စေသည့် စကားများနှင့်စပ်လျဉ်း၍ A က B ကိုတရားမမှုစွဲဆိုသည်။ အခြားစာများမှာ အသရေပျက်စေသည့် စကားများမပါရှိသော်လည်း၊ ထိုအသရေပျက်မှု ဖြစ်ပွားလာရင်းအကြောင်းကိစ္စနှင့်ဆက်စပ်နေပြီး

Myanmar Law Information System (MLIS)

နှစ်ဘက်အမှုသည်တို့စာပေးစာယူပြုလုပ်ရာတွင်ပါဝင်သည့် စာများဖြစ်လျှင် စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

(ဃ) ပြဿနာမှာ B ထံမှ မှာယူသောကုန်ပစ္စည်းများကို A အားပေးအပ်ခြင်း ပြု မပြုဖြစ်သည်။ ထိုကုန် ပစ္စည်းများကို ကြားလူများမှ တစ်ဆင့်ပြီးတစ်ဆင့် ပေးအပ်သည်။ ဤကဲ့သို့ တစ်ဆင့်မှတစ်ဆင့် ပေးအပ်ခဲ့ခြင်းသည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

အငြင်းဖြစ်သည့်အကြောင်းခြင်းရာများဖြစ်ပွားသည့်အခါတွင်သော်လည်းကောင်း၊ ဖြစ်ပွားရသည့် အကြောင်းတရားသော်လည်းကောင်း၊ ဖြစ်ပွားမှု၏အကျိုးတရားသော်လည်းကောင်း ဖြစ်သော အကြောင်းခြင်းရာများ။

၇။ စပ်ဆိုင်သောအကြောင်းခြင်းရာများ သို့မဟုတ် အငြင်းဖြစ်သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့် အခါတွင်၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဖြစ်ပွားရသည့် အကြောင်းတရား သို့မ ဟုတ် အကျိုးတရားသည်လည်းကောင်း၊ ဆိုခဲ့သည့်အကြောင်းခြင်းရာများဖြစ်ပွားစဉ်က အခြေအနေတို့ သည်လည်းကောင်း၊ ဆိုခဲ့သည့်အကြောင်းခြင်းရာများ ဖြစ်ပွားပေါ်ပေါက်စေသည့်အခွင့်အလမ်းများ သည်လည်းကောင်း အမှု၌စပ်ဆိုင်သော အကြောင်းအခြင်းရာများဖြစ်သည်။

**ဥပမာများ**

(က) ပြဿနာမှာ B က A ကို လုယက်ခြင်း ပြုမပြုဖြစ်သည်။ ထိုလုယက်မှု မဖြစ်ပွားမီ အချိန်အနည်းငယ် အတွင်း B သည်ငွေကိုကိုင်ဆောင်လျက် ဈေးသို့သွားခြင်း၊ အခြားသူများအား ထိုငွေကို ထုတ်ပြခြင်း သို့မ ဟုတ် ငွေပါသည်ဟု ပြောပြခြင်းတို့မှာ စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A က B ကို သတ် မသတ်ဖြစ်သည်။ လူသတ်မှု ကျူးလွန်သည့် နေရာတွင်ဖြစ်စေ၊ ထို နေရာအနီးအနားတွင်ဖြစ်စေ၊ ထွေးလုံးကြောင်းမြေကြီးပေါ်၌ အမှတ်ထင်ရာများသည် စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

(ဂ) ပြဿနာမှာ A က B ကို အဆိပ်ခတ် မခတ်ဖြစ်သည်။ အဆိပ်ကြောင့် ဖြစ်ပွားသည့်လက္ခဏာများ မပေါ်မီက B ၏ကျန်းမာရေးအခြေအနေသည်လည်းကောင်း၊ A သိရှိထားသဖြင့်၊ အဆိပ်ခတ်ရန်အခွင့် အလမ်းရှိစေသော B ၏အမူအကျင့်များသည်လည်းကောင်း စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ် သည်။

စေ့ဆော်ချက်၊ ပြင်ဆင်မှု၊ အမှုမတိုင်မီ အပြုအမူ သို့မဟုတ် အမှုဖြစ်ပွားပြီးနောက်အပြုအမူ။

၈။ အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာတစ်ခုခုအတွက်စေ့ ဆော်ချက်တစ်ခု သို့မဟုတ် ပြင်ဆင်မှုတစ်ခုကို ဖော်ပြသောအကြောင်းခြင်းရာသည်စပ်ဆိုင်သည်။

တရားမမှု သို့မဟုတ် မှုခင်းတစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုအမှုတွင်ပါရှိသော အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အမှုသည်တစ်ဦး၏ သို့မဟုတ် အမှုသည်၏ကိုယ်စားဆောင်ရွက်သူတစ်ဦး၏အပြုအမူသည်လည်းကောင်း၊ ပြစ်မှုတစ်ခုခု ဖြင့်အမှုစွဲဆိုခြင်းခံရသူ၏ အပြုအမူသည်လည်းကောင်း၊ အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာကြောင့်ဖြစ်ရသည့် အပြုအမူ သို့မဟုတ် ထိုအကြောင်းခြင်းရာကို ဖြစ်စေသည့် အပြုအမူဖြစ်လျှင်

ထိုအပြုအမူသည် အမှုမတိုင်မီက ပြုလုပ်ခဲ့သည်ဖြစ်စေ၊ အမှုဖြစ်ပွားပြီးသည့်နောက်မှ ပြုလုပ်သည်ဖြစ်စေ အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

**ရှင်းလင်းချက် ၁။** ထွက်ဆိုချက်များသည် ပြုလုပ်မှုများနှင့်တွဲဖက်ခြင်းလည်းမရှိ၊ ပြုလုပ်မှုများ၏ အဓိပ္ပာယ်ကို ရှင်းလင်းစေသည်လည်းမဟုတ်လျှင် ထိုထွက်ဆိုချက်များသည် ဤပုဒ်မရှိ "အပြုအမူ" ဆိုသည့်စကားတွင် အကျုံးမဝင်ချေ။ သို့ရာတွင် ဤရှင်းလင်းချက်ကြောင့် ဤဥပဒေပါအခြားပုဒ်မတစ် ခုခုအရဖြစ်သော ထွက်ဆိုချက်များ၏စပ်ဆိုင်ခြင်းကို မထိခိုက်စေရ။

**ရှင်းလင်းချက် ၂။** တစ်ဦးတစ်ယောက်သောသူ၏ အပြုအမူသည်စပ်ဆိုင်လျှင် ထိုအပြုအမူကိုထိခိုက်စေ သော ထိုသူအားပြောဆိုချက်၊ သို့မဟုတ် ထိုသူ၏ ရှေ့မှောက်တွင် ထိုသူကြားလောက်သောပြောဆိုချက် သည် စပ်ဆိုင်သည်။

**ဥပမာများ**

(က) A သည် B ကိုသတ်မှုဖြင့်စွဲဆိုစစ်ဆေးစီရင်ခြင်းခံရသည်။A က C ကို သတ်ခြင်း၊ A က C ကိုသတ်သည်ကို B သိခြင်း၊ B ကဤကဲ့သို့မိမိသိသည်ကို လူအများသိရှိအောင် ပြုလုပ်မည်ဟု ခြိမ်းခြောက်ပြောဆို၍ A ထံမှ ငွေခြောက် လှန့်တောင်းယူရန်ကြိုးပမ်းခြင်းဟူသည့် အကြောင်းခြင်းရာ များသည်စပ်ဆိုင်သည်။

(ခ) Aက ငွေချေးစာချုပ်အရ B ထံမှ ငွေရလိုကြောင်းနှင့် တရားစွဲဆိုသည်။ B ကထိုစာချုပ်ကို မချုပ်ဆိုရကြောင်းငြင်းဆိုသည်။ စာချုပ်ကို ချုပ်ဆိုသည်ဆိုသော အချိန်က B သည် အကြောင်းကိစ္စ တစ်ခုအတွက် ငွေအသုံးလိုသည်ဟူသော အချက်သည် စပ်ဆိုင်သည်။

(ဂ) A သည် B ကို အဆိပ်ခတ်၍ သတ်မှုဖြင့် စွဲဆိုစစ်ဆေးစီရင်ခြင်းခံရသည်။

B မသေမီက ယင်းအားခတ်သော အဆိပ်နှင့်အလားတူသောအဆိပ်ကို A ကရှာဖွေရယူသည်ဆိုသောအ ချက်သည်စပ်ဆိုင်သည်။

(ဃ) ပြဿနာမှာ စာတမ်းအမှတ်အသားတစ်ခုသည် A ၏ သေတမ်းစာဟုတ်မဟုတ်ဖြစ်သည်။

အဆိုပါ သေတမ်းစာပါနေ့စွဲ မတိုင်မီက A သည် သေတမ်းစာတွင်ပါရှိသည့်အချက်များနှင့် သက်ဆိုင်သောအကြောင်းအရာများကို စုံစမ်းမေးမြန်းခြင်း၊ သေတမ်းစာရေးရန်အတွက် ရှေ့နေများနှင့်တိုင်ပင်ခြင်း၊ အခြားသေတမ်းစာ အကြမ်းများကို ရေးဆွဲစေခဲ့သော်လည်း A က ထိုသေတမ်းစာအကြမ်းများကို သဘောကိုက်ညီမှုမရှိခဲ့ခြင်းဟူသော အချက်များသည် စပ်ဆိုင်သည်။

(င) A သည်ပြစ်မှုတစ်ခုကျူးလွန်ကြောင်းဖြင့် စွဲဆိုခြင်းခံရသည်။

စွပ်စွဲသည့် ပြစ်မှုမတိုင်မီဖြစ်စေ၊ ထိုပြစ်မှုကျူးလွန်ချိန်တွင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သည့်နောက်မှဖြစ်စေ၊ A သည် မိမိအတွက်အကျိုးပြုမည့် လက္ခဏာရှိသော သက်သေခံချက်များကိုစီမံခြင်း၊ သက်သေခံချက်များကိုဖျက်ဆီးခြင်း သို့မဟုတ် ဖုံးကွယ်ခြင်း၊ သက်သေဖြစ်နိုင်သူများကို မလာရောက်စေရန် တားဆီး ခြင်း သို့မဟုတ် တိမ်းရှောင်နေစေခြင်း၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ မှသားသက်သေခံရန်အလို့ငှာ လူအများကိုသွေးဆောင်ခြင်းဟူသည့် အချက်များသည်စပ်ဆိုင်သည်။

Myanmar Law Information System (MLIS)

(စ) ပြဿနာမှာ A က B ကို လုယက် မလုယက်ဖြစ်သည်။

B လုယက်ခြင်းခံရပြီးနောက် C က A ၏ရှေ့မှောက်တွင် “B ကိုလုယက်သူအား ရှာရန်ရဲများလာနေသည်” ဟုပြောဆိုခြင်း၊ ထိုသို့ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက် A ထွက်ပြေးခြင်းဟူသော အချက်များသည် စပ်ဆိုင်သည်။

(ဆ) ပြဿနာမှာ A က B သို့ငွေ ကျပ် ၁၀၀၀၀ ကြွေးဆပ်ရန် ရှိ မရှိဖြစ်သည်။

A က မိမိအား ငွေချေးရန် C အားပြောဆိုခြင်း၊ D သည် A ရှေ့၊ A ကြားအောင် “A ကိုမယုံနှင့်၊ သူ့မှာ B သို့ပေးဆပ်ရန်ကြွေး ကျပ် ၁၀၀၀၀ ရှိနေသည်” ဟူ၍ C အားပြောဆိုခြင်း၊ ထိုသို့ပြောဆိုသည်ကို A က မည်သို့မျှစကားတုံ့ပြန်ပြောဆိုခြင်းမပြုဘဲ၊ ထွက်ခွာသွားခြင်းတို့မှာ စပ်ဆိုင်သည်။

(ဇ) ပြဿနာမှာ A သည် ပြစ်မှုတစ်ကို ကျူးလွန် မကျူးလွန်ဖြစ်သည်။

ပြစ်မှုကျူးလွန်သူကို စုံစမ်းနေသည်ဟူသော သတိပေးစာကိုရရှိပြီးနောက် A ထွက်ပြေးတိမ်းရှောင်သွားခြင်းနှင့် အဆိုပါစာတွင်ပါရှိသော အကြောင်းအရာများသည် စပ်ဆိုင်သည်။

(ဈ) A သည် ပြစ်မှုတစ်ခုကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသည်။ အဆိုပါ ပြစ်မှုကို ကျူးလွန်ပြီးနောက် A ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သို့မဟုတ် ပြစ်မှုကျူးလွန်၍ရရှိသော ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်းကို ရောင်းချ၍ရရှိသော ကြေးငွေကိုဖြစ်စေ၊ A ၏လက်ဝယ်တွင်တွေ့ရှိခြင်း၊ ထိုပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သို့မဟုတ် အသုံးပြုရန် လက္ခဏာရှိသောအရာဝတ္ထုများကို ကွယ်ဝှက်ရန် အားထုတ်ခြင်း တို့သည် စပ်ဆိုင်သည်။

(ည) ပြဿနာမှာ A သည် မုဒိမ်းပြုကျင့်ခံရခြင်း ဟုတ်မဟုတ် ဖြစ်သည်။

အဆိုပါမုဒိမ်းမှုကျူးလွန်ပြီးနောက် မကြာမီအတွင်း ထိုပြစ်မှုနှင့်ပတ်သက်၍ A က တိုင်တန်းခြင်း၊ ထိုသို့ တိုင်တန်းရာ၌ မည်သည့်အခြေအနေများအရ၊ မည်သည့် အချက်အလက်များကို တိုင်တန်းခြင်းဟူသော အချက်များမှာ စပ်ဆိုင်သည်။

မိမိမုဒိမ်းပြုကျင့်ခံရကြောင်းတိုင်တန်းခြင်းကားမပြု၊ ထိုသို့ပြုကျင့်ခြင်းခံခဲ့ရသည်ဟူ၍သာ A ကပြော ဆိုခြင်းမှာ ဤပုဒ်မအရ အပြုအမူအဖြစ်ဖြင့် အမှု၌စပ်ဆိုင်သည့်အကြောင်းခြင်းရာမဟုတ်ချေ။ သို့ရာတွင် ပုဒ်မ ၃၂၊ အပိုဒ် (၁) အရသေခါနီးထွက်ဆိုချက်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၁၅၇ အရထောက်ခံ သောသက်သေခံချက်အဖြစ်ဖြင့်သော်လည်းကောင်း စပ်ဆိုင်သည်။

(ဋ) ပြဿနာမှာ A သည် လုယက်ခြင်းခံရ မခံရဖြစ်သည်။

အဆိုပါ လုယက်မှုဖြစ်ပွားပြီးနောက် မကြာမီအတွင်း ထိုပြစ်မှုနှင့် စပ်လျဉ်း၍ A ကတိုင်တန်းခြင်း၊ ထို သို့တိုင်တန်းရာတွင် မည်သည့်အခြေအနေများအရ မည်သည့်အချက်အလက်များကို တိုင်တန်းခြင်းဟူ သောအချက်များမှာစပ်ဆိုင်သည်။

မိမိလုယက်ခြင်းခံရကြောင်း တိုင်တန်းခြင်းကားမပြု၊ လုယက်ခြင်းခံရသည်ဟူ၍သာ A က ပြောဆိုခြင်း မှာ ဤပုဒ်မ အရ အပြုအမူအဖြစ်စပ်ဆိုင်သည့် အကြောင်းခြင်းရာမဟုတ်ချေ။ သို့ရာတွင် ပုဒ်မ ၃၂၊ အပိုဒ် (၁) အရ သေခါနီးထွက်ဆိုချက်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၁၅၇ အရ ထောက်ခံသော သက်သေခံချက် အဖြစ်ဖြင့်သော်လည်းကောင်း စပ်ဆိုင်နိုင်သည်။

စပ်ဆိုင်သော အကြောင်းခြင်းရာများကို ရှင်းလင်းရန်သို့မဟုတ် ထုတ်ဖော်ရန်လိုအပ်သော အကြောင်းခြင်းရာများ။

Myanmar Law Information System (MLIS)

၉။ အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာကို ရှင်းလင်းရန်ဖြစ် စေ၊ ထုတ်ဖော်ရန်ဖြစ်စေ၊ လိုအပ်သောအချက်များသည် လည်းကောင်း၊ အငြင်းဖြစ်သည့်အကြောင်းခြင်း ရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာပေါ်ပေါက်သည့်ကောက်ယူချက်ကိုထောက်ခံသော သို့မ ဟုတ် ငြင်းဆိုသော အချက်များသည်လည်းကောင်း၊ တစ်စုံတစ်ခုသောအရာဝတ္ထုသည် မည်သည့်အရာ ဖြစ်သည်ဆိုသော အချက် သို့မဟုတ် တစ်ဦးတစ်ယောက်သောသူသည် မည်သူဖြစ်သည်ဆိုသော အချက် သည်စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်လျှင် ထိုအချက်များကို ဖော်ပြသည့်အချက်များသည်လည်း ကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာတစ်ခုခုဖြစ်ပွား သည့်အချိန် သို့မဟုတ် နေရာကိုဖော်ပြသည့် အချက်များသည်လည်းကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာကိုဖြစ်စေ၊ စပ်ဆိုင်သော အကြောင်းခြင်းရာကိုဖြစ်စေ ပြုလုပ်ခဲ့သူများ တစ်ဦးနှင့်တစ် ဦး ဆက်သွယ်မှုကိုဖော်ပြသော အချက်များသည် လည်းကောင်း၊ သက်ဆိုင်ရာကိစ္စအတွက် လိုအပ်သမျှ သည် စပ်ဆိုင်သောအကြောင်းခြင်းရာများဖြစ်သည်။

**ဥပမာများ**

(က) ပြဿနာမှာ စာတမ်းအမှတ်အသားတစ်ခုသည် A ၏သေတမ်းစာ ဟုတ်မဟုတ်ဖြစ်သည်။

အဆိုပါသေတမ်းစာပါနေ့ရက်တွင် A ၏ပစ္စည်းနှင့် မိသားစုတို့၏အခြေအနေမှာ စပ်ဆိုင်သောအကြောင်း ခြင်းရာများဖြစ်နိုင်သည်။

(ခ) A သည် ရှက်ဖွယ်ရာအပြုအမူကို ပြုကျင့်ကြောင်းဖြင့် B ကစွပ်စွဲသည့်အတွက် B အပေါ်တွင် အသရေဖျက်မှုဖြင့် A က တရားစွဲဆိုသည်။ အသရေပျက်စေသည်ဆိုသော အကြောင်းအရာများသည် မှန်ကန်သည်ဟု B က ထွက်ဆိုသည်။

အသရေပျက်စေသည့် အကြောင်းကြေညာသည့် အချိန်က အမှုသည်များ၏အနေအထားနှင့် ဆက်ဆံပုံ တို့မှာအငြင်းဖြစ်သည့် အချက်များကို ထုတ်ဖော်သည့် အနေဖြင့် အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာ များဖြစ်နိုင်သည်။

အသရေပျက်မှုနှင့် မသက်ဆိုင်သော အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ A နှင့် B တို့အငြင်းပွားသည့် အကြောင်းအရာများမှာ အမှု၌စပ်ဆိုင်ခြင်းမရှိ။ သို့ရာတွင် ထိုအငြင်းပွားမှုကြောင့် A နှင့် B တို့၏ဆက် ဆံရေးကို ထိခိုက်စေလျှင် ထိုကဲ့သို့ အငြင်းပွားမှုရှိသည်ဆိုသော အချက်မှာ စပ်ဆိုင်သော အကြောင်းခြင်း ရာဖြစ်နိုင်သည်။

(ဂ) A သည် ပြစ်မှုတစ်ခုဖြင့်စွပ်စွဲခံရသည်။

ပြစ်မှုကျူးလွန်ပြီးနောက် မကြာမီ A သည် နေအိမ်မှထွက်ပြေးသွားခြင်းမှာ အငြင်းဖြစ်သည့် အကြောင်း ခြင်းရာနောက်ပိုင်းတွင် ယင်းအကြောင်းခြင်းရာကြောင့် ဖြစ်ပေါ်သော အပြုအမူအဖြစ် ပုဒ်မ ၈ အရ စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

နေအိမ်မှ ထွက်ခွာသွားသည့် အချိန်ကငင်းသွားရောက်သော အရပ်တွင် ရုတ်တရက်အရေးကြီးသော ကိစ္စ ရှိခြင်းမှာ နေအိမ်မှ ရုတ်တရက်ထွက်သွားရခြင်း၏ အကြောင်းရင်းကိုရှင်းလင်းသည့် အနေဖြင့် စပ်ဆိုင် သည်။

ထွက်ခွာသွားရသော ကိစ္စနှင့် ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများမှာ စပ်ဆိုင်ခြင်းမရှိ။ ကိစ္စ မှာ ရုတ်တရက်နှင့် အရေးတကြီးဖြစ်ကြောင်း ဖော်ပြရန် လိုအပ်သရွေ့သာလျှင်စပ်ဆိုင်သည်။

(ဃ) A ထံတွင် အလုပ်လုပ်ရန်ပဋိညာဉ်ကို ဖောက်ဖျက်စေရန်အတွက် B က C ကိုသွေးဆောင်သည်ဟု A က B အပေါ်တွင်တရားစွဲဆိုသည်။ C က A ထံမှအလုပ်ထွက်သွားစဉ် "B က ကျွန်တော့်အားလစာကြေးငွေ ပိုမိုပေးမည်ဆို၍ကျွန်တော် ခင်ဗျားထံမှထွက်သည်" ဟု A ကိုပြောဆိုသည်။ ဤပြောဆိုချက်သည် C ၏အပြုအမူကိုရှင်းလင်းသည့်အနေဖြင့် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။ C ၏ အပြုအမူသည်လည်း အငြင်းဖြစ်သည့် အကြောင်းခြင်းရာအဖြစ်ဖြင့်စပ်ဆိုင်သော အကြောင်းခြင်းရာ ဖြစ်သည်။

(င) A သည် ခိုးမှုဖြင့် စွဲဆိုခံရရာတွင် ခိုးရာပါ ပစ္စည်းကို B သို့ပေးလိုက်၍ B က ထိုပစ္စည်းကို A ၏ဇနီးသို့ပေး လိုက်သည်ကိုတွေ့မြင်ရသည်။ B ကပစ္စည်းပေးလိုက်စဉ် "ဒီဟာကို ဝှက်ထားရန် A မှာလိုက်သည်" ဟု ပြောဆိုသည်။ B ၏ပြောဆိုချက်သည် အမှုကိစ္စတွင် ပါဝင်သော အချက် တစ်စိတ်တစ်ဒေသကို ရှင်းလင်းသည့်အနေဖြင့် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(စ) A အားရန်းရင်းဆန်ခတ်မှုဖြင့် တရားစွဲဆိုရာ A သည်လူစုလူဝေး၏ ရှေ့မှခေါင်းဆောင် ချီတက် သွားကြောင်း သက်သေထင်ရှားရှိသည်။ ထိုလူစုလူဝေး၏အော်ဟစ်သံများသည် အမှုကိစ္စ၏သဘောကို ရှင်းလင်းသည့် အနေဖြင့် စပ်ဆိုင်သည်။

တူညီသောအကြံအစည်နှင့် စပ်လျဉ်း၍ ပူးပေါင်းကြံစည်သူ၏ပြောဆိုချက် သို့မဟုတ် ပြုမူချက်များ။

၁၀။ ပြစ်မှုတစ်ခုကိုဖြစ်စေ၊ တရားမကြောင်းစွဲဆိုနိုင်သော အကျိုးနစ်နာမှုတစ်ခုကိုဖြစ်စေ၊ ကျူးလွန်ရန် အတွက် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ပူပေါင်းကြံစည်သည်ဟုယုံကြည်ရန် ယုတ္တိတန်သော အကြောင်းရှိလျှင် အဆိုပါသူများအနက် တစ်ဦးက ထိုအကြံအစည်ကို ဦးစွာပထမရရှိပြီးနောက် ထိုအကြံအစည်နှင့်စပ်လျဉ်း၍ အဆိုပါသူတစ်ဦးဦး၏ပြောဆိုချက်၊ ပြုမူချက်၊ ရေးသားချက်တစ်ခုခုသည် ပူးပေါင်းကြံစည်မှုတစ်ခုရှိကြောင်း သက်သေထင်ရှားပြရန် အလို့ငှာလည်းကောင်း၊ ထိုသူတစ်ဦးတစ် ယောက်သည် ထိုအစုအဝေးတွင်ပါဝင်သူဖြစ်ကြောင်း ပြသရန်အလို့ငှာလည်းကောင်း၊ အမှု၌ပူးပေါင်း ကြံစည်သည်ဟု ယုံကြည်ရသူတစ်ဦးစီ၏ အပေါ်တွင်စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

**ဥပမာများ**

အစိုးရကို စစ်မက်ပြိုင်ဆိုင်ရန်ပူးပေါင်းကြံစည်မှုတွင် A ပါဝင်သည်ဟု ယုံကြည်ရန်ယုတ္တိတန်သော အကြောင်းရှိသည်။ ပူးပေါင်းကြံစည်မှုကိစ္စအတွက် B သည်ဥရောပတိုက်တွင် လက်နက်များကို ရှာဖွေရယူခြင်း၊ ထိုကိစ္စအ တွက် C သည် ရန်ကုန်မြို့တွင် ငွေများကောက်ခံခြင်း၊ D သည် ပုသိမ်မြို့၌ ပူးပေါင်းကြံစည်မှုတွင် ပါဝင်ရန် လူများကို ဖြားယောင်းသွေးဆောင်ခြင်း၊ E သည်တောင်ငူမြို့၌ ကြံစည်ချက်ကို အားပေးသည့် ရေးသားချက်များကိုကြေညာခြင်း၊ F က ရန်ကုန်တွင် C ကောက်ခံရရှိထားသော ငွေများကို မန္တလေးမြို့ မှ တောင်ကြီးမြို့ရှိ G ထံသို့ပေးပို့ခြင်းဟူသောအချက်များနှင့် ထိုသို့ပူးပေါင်းကြံစည်ကြသော အကြောင်း အရာများကို H က ထုတ်ဖော်ရေးသားထားသောစာတွင်ပါရှိသော အချက်များသည် ယင်းတို့အားလုံးမှာ ပူးပေါင်းကြံစည်မှုရှိကြောင်း သက်သေထင်ရှားတင်ပြရန်အတွက်လည်းကောင်း A သည် အထက်ပါ ပြုလုပ်မှုအားလုံးကိုလည်းမသိ၊ ပြုလုပ်သူများကိုလည်းသိရှိသူမဟုတ်သည့်ပြင်၊ ပြုလုပ်မှုများမှာလည်း ပူးပေါင်း ကြံစည်မှုတွင် A မပါဝင်မီ သို့မဟုတ်

Myanmar Law Information System (MLIS)

ပူးပေါင်းကြံစည်မှုကို A စွန့်လွှတ်ပြီးနောက်မှ ဖြစ်ပွားကြသော်လည်း ထိုပူးပေါင်းကြံစည်မှုတွင် A ပါဝင်ကြောင်း သက်သေထင်ရှားတင်ပြရန်အတွက် လည်းကောင်း စပ်ဆိုင်သည်။

အခြားနည်းအားဖြင့် စပ်ဆိုင်ခြင်းမရှိသည့်အကြောင်းခြင်းရာများမည်သည့်အခါစပ်ဆိုင်လာခြင်း။

၁၁။ အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်ဟု အခြားနေရာများတွင် ပြဋ္ဌာန်းမထားသော် လည်း အချို့အကြောင်းခြင်းရာများသည် အောက်ပါကိစ္စများတွင် စပ်ဆိုင်သည်-

(၁) အဆိုပါ အကြောင်းခြင်းရာများသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခုနှင့် မညီညွတ်သောကိစ္စ၊

(၂) အဆိုပါ အကြောင်းခြင်းရာများက ယင်းတို့ချည်းသက်သက်ဖြစ်စေ၊ အခြားအကြောင်းခြင်းရာများ နှင့် ဆက်စပ်၍ဖြစ်စေ၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခု ဟုတ်မှန်ကြောင်းကိုသော်လည်းကောင်း၊ မဟုတ်မှန်ကြောင်းကိုသော်လည်းကောင်း ဖြစ်နိုင် လောက်သည်ဟု သို့မဟုတ် မဖြစ်နိုင်လောက်သည်ဟု ကောက်ယူစေနိုင်သောကိစ္စ။

**ဥပမာများ**

(က) ပြဿနာမှာ A သည်ရန်ကုန်မြို့၌နေ့တစ်နေ့တွင် ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းရှိမရှိဖြစ်သည်။

ထိုနေ့က A သည် မေမြို့၌ရှိနေသည်ဆိုသော အချက်သည်စပ်ဆိုင်သည်။

ပြစ်မှုကျူးလွန်ချိန် ပတ်ဝန်းကျင်တွင် A သည် ပြစ်မှုကျူးလွန်သည့်နေရာနှင့်ခရီးအတန် ဝေးကွာသည့် နေရာ၌ရောက်ရှိနေသဖြင့် ပြစ်မှုမကျူးလွန်ဟု မုချမဆိုနိုင်သော်လည်း ကျူးလွန်ရန်လွန်စွာ အကြောင်းရှိတန်သည် မဟုတ်လျှင် အဆိုပါနေရာ၌ A ရောက်ရှိနေခြင်းသည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A သည်ပြစ်မှုတစ်ခုကို ကျူးလွန် မကျူးလွန်ဖြစ်သည်။

သက်ဆိုင်သော အခြေအနေများအရ A၊ B၊ C၊ D၊ တို့အနက် တစ်ဦးဦးကပြစ်မှုကျူးလွန်ခြင်းဖြစ်ရမည်။ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပြစ်မှုကျူးလွန်ခြင်း မဟုတ်နိုင်ကြောင်းနှင့် B၊ C၊ D၊ တို့ကျူးလွန်ခြင်းလည်း မဟုတ်ကြောင်းဖော်ပြသော အချက်အားလုံးသည်စပ်ဆိုင်သည်။

နစ်နာကြေးရရန်စွဲဆိုသောတရားမမှုများတွင်နစ်နာကြေးငွေအရေအတွက်ကိုတရားရုံးကသတ်မှတ် နိုင်ရန်အထောက်အကူဖြစ်စေမည့်အကြောင်းခြင်းရာများသည်စပ်ဆိုင်ခြင်း။

၁၂။ နစ်နာကြေးရရန် စွဲဆိုသောတရားမမှုများတွင် နစ်နာကြေးငွေ အရေအတွက်မည်မျှခွင့်ပြုသင့် ကြောင်းတရားရုံးက သတ်မှတ်နိုင်ရန်အတွက် အထောက်အကူပြုမည့် တစ်စုံတစ်ရာသောအကြောင်း ခြင်းရာသည် စပ်ဆိုင်သည်။

အခွင့်အရေး သို့မဟုတ် ဓလေ့ထုံးတမ်းရှိမရှိဟူသောပြဿနာပေါ်ပေါက်သည့်အခါစပ်ဆိုင်သော အကြောင်းခြင်းရာများ။

၁၃။ တစ်စုံတစ်ခုသော အခွင့်အရေး သို့မဟုတ် ဓလေ့ထုံးတမ်းရှိ မရှိဟူသော ပြဿနာတွင် အောက်ပါ အကြောင်းခြင်းရာများသည် စပ်ဆိုင်သည်-

(က) အဆိုပါ အခွင့်အရေးကိုဖြစ်စေ၊ ဓလေ့ထုံးတမ်းကိုဖြစ်စေ၊ ဖြစ်ပေါ်စေခြင်း၊ တောင်းဆိုခြင်း၊ ပြင် ဆင်ခြင်း၊ အသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်း သို့မဟုတ်ငြင်းပယ်ခြင်းပြုသောကိစ္စ သို့မဟုတ် အဆိုပါ အခွင့်အရေး၊ ဓလေ့ထုံးတမ်းတို့ရှိသည်ဆိုခြင်းနှင့် မညီညွတ်သောကိစ္စ၊

(ခ) အဆိုပါ အခွင့်အရေးကိုဖြစ်စေ၊ ဓလေ့ထုံးတမ်းကိုဖြစ်စေ၊ တောင်းဆိုခြင်း၊ အသိအမှတ်ပြုခြင်း သို့မဟုတ် လိုက်နာကျင့်သုံးခြင်းပြုသည့် တသီးတခြားအဖြစ်အပျက်များ သို့မဟုတ် ထိုသို့လိုက်နာကျင့် သုံးရန် အငြင်းပွားခြင်း၊ ထောက်ခံခြင်း သို့မဟုတ် ခွဲထွက်ခြင်းပြုသည့် တသီးတခြားအဖြစ်အပျက်များ။

**ဥပမာ**

ပြဿနာမှာ A သည် အင်းတစ်ခုတွင် အခွင့်အရေးရှိ မရှိဖြစ်သည်။

A ၏မိဘဘိုးဘွားများသို့ အင်းကိုအပိုင်ပေးသော စာချုပ်သည် လည်းကောင်း၊ A ၏ဖခင်က အင်းကို ပေါင်နှံထားသည့်စာချုပ်သည်လည်းကောင်း၊ ထိုနောက်တွင် အဆိုပါ အပေါင်နှင့်ဆန့်ကျင်လျက် A ၏ဖခင်က အင်းကိုလွှဲပြောင်းပေးခြင်း၊ A ၏ ဖခင်ကအဆိုပါအခွင့်အရေးကို အသုံးပြုခဲ့သည့် သီးခြား အဖြစ်အပျက်များနှင့် ထိုသို့အသုံးပြုသည်ကိုအနီးအနားတွင်နေထိုင်သူများက တားမြစ်ခဲ့သည့် သီးခြား အဖြစ်အပျက်များတို့သည်လည်းကောင်း စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

စိတ်၏အခြေအနေသော်လည်းကောင်း၊ ကိုယ်ခန္ဓာ၏အခြေအနေသော်လည်းကောင်း၊ ကိုယ်ခန္ဓာ၌ခံစားမှုအခြေအနေသော်လည်းကောင်း၊ အမှန်တည်ရှိကြောင်းဖော်ပြသည့်အကြောင်းအချက်များ။

၁၄။ အကြံအစည်ရှိခြင်း၊ သိရှိခြင်း၊ ရိုးဖြောင့်သောသဘောရှိခြင်း၊ ပေါ့လျော့ခြင်း၊ အရမ်းပြုလုပ်ခြင်း၊ လူတစ်ဦးတစ်ယောက်အပေါ်မလိုမုန်းတီးစိတ်ရှိခြင်း သို့မဟုတ် ကောင်းသောစိတ်ဆန္ဒထားခြင်းကဲ့သို့ သော စိတ်အခြေအနေ တစ်ရပ်ရပ်သည် လည်းကောင်း၊ ကိုယ်ခန္ဓာ၏အခြေအနေတစ်ရပ်ရပ် သို့မဟုတ် ကိုယ်ခန္ဓာ၌ဖြစ်ပေါ်သော ခံစားမှုတစ်ရပ်ရပ်သည်လည်းကောင်း၊ အဆိုပါစိတ်၏သို့မဟုတ် ကိုယ်ခန္ဓာ၏ အခြေအနေတစ်ရပ်ရပ်ဖြစ်စေ၊ ကိုယ်ခန္ဓာ၌ဖြစ်ပေါ်သောခံစားမှုတစ်ရပ်ရပ်ဖြစ်စေ၊ အမှန်ရှိခြင်း ဟုတ်မ ဟုတ်ဟူသော အချက်သည် အငြင်းဖြစ်လျှင် သို့မဟုတ်စပ်ဆိုင်ခြင်းဖြစ်လျှင် အဆိုပါအချက်တို့ကို ဖော် ပြသောအချက်များသည် စပ်ဆိုင်သည်။

**ရှင်းလင်းချက် ၁** ။ စပ်ဆိုင်သော စိတ်၏အခြေအနေတစ်ရပ်တည်ရှိကြောင်း ဖော်ပြသည့်အချက်တစ်ခု သည် အဆိုပါစိတ်၏ အခြေအနေကိုယေဘုယျအားဖြင့် ဖော်ပြခြင်းမဟုတ်ဘဲ အငြင်းဖြစ်သည့်ကိစ္စနှင့် သက်ဆိုင်သည့် အခြေအနေကိုဖော်ပြခြင်းဖြစ်မှသာစပ်ဆိုင်သည်။

**ရှင်းလင်းချက် ၂** ။ သို့ရာတွင် ပြစ်မှုတစ်ခုကို ကျူးလွန်ကြောင်းဖြင့် စွပ်စွဲခံရသူတစ်ဦးတစ်ယောက်ကို စစ်ဆေးစီရင်ရာ၌ ပြစ်မှုတစ်ခုကို ယခင်က တရားခံ ကျူးလွန်ခဲ့ခြင်းသည် ဤပုဒ်မ၏အဓိပ္ပာယ်အရ စပ် ဆိုင်လျှင် ထိုသူ့အပေါ်တွင် ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာလည်းစပ်ဆိုင်သောအကြောင်းခြင်းရာ ဖြစ်ရမည်။

**ဥပမာများ**

(က) A သည်ပစ္စည်းများကို ခိုးရာပါပစ္စည်းများဖြစ်ကြောင်းသိလျက်နှင့် လက်ခံထားသည်ဟုစွဲဆိုခြင်းခံ ရသည်။

Myanmar Law Information System (MLIS)

သူ၏လက်ဝယ်တွင် ထိုခိုးရာပါပစ္စည်းရှိခြင်းမှာ သက်သေထင်ရှားခြင်းရှိသည်။

သူ၏လက်ဝယ်တွင် တစ်ချိန်တည်း၌ အခြားသောခိုးရာပါပစ္စည်းများ အမြောက်အမြားတွေ့ရှိခြင်းသည် အားလုံးသော ပစ္စည်းများကိုခိုးရာပါ ပစ္စည်းများဖြစ်ကြောင်းသိလျက်နှင့် လက်ခံထားခြင်းဖြစ်သည်ကို ဖော်ပြသည့်အနေဖြင့်စပ်ဆိုင်သည်။

(ခ) Aသည် ဒင်္ဂါး တစ်ခုကို အတုဖြစ်ကြောင်းသိလျက်နှင့် လိမ်လည်လိုသောသဘောဖြင့် အခြားသူတစ် ဦးသို့ပေးအပ်သည်ဟုစွပ်စွဲခြင်းခံရသည်။

ထိုသို့ပေးအပ်စဉ်က အခြားဒင်္ဂါးအတုအများအပြား A ထံတွင်ရှိနေခြင်းသည်စပ်ဆိုင်သည်။

A သည်ယခင်က ဒင်္ဂါးအတုဖြစ်ကြောင်းသိလျက်နှင့် ဒင်္ဂါးအမှန်ဖြစ်သည်ဟု အခြားသူတစ်ဦးသို့ပေး သဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသည်ဆိုသောအချက်သည်စပ်ဆိုင်သည်။

(ဂ) B ၏ခွေးတစ်ကောင်မှာ ဆိုးသောခွေးဖြစ်ကြောင်း B သိရှိသဖြင့် ထိုခွေးကြောင့်ပျက်စီးနစ်နာခြင်း အတွက် နစ်နာကြေးပေးရမည်ဟု A က B ကိုတရားစွဲသည်။

ထိုခွေးသည်ယခင်က X၊ Y နှင့် Z တို့ကိုကိုက်ဖူးခြင်း၊ ထိုသူတို့က B ကိုတိုင်ဖူးခြင်းတို့သည်စပ်ဆိုင် သည်။

(ဃ) ပြဿနာမှာ ငွေလွှဲစာချုပ်ကို လက်ခံသူ A သည်ငွေအပေးခံရမည့်သူ၏ အမည်မှာ ဟန်ဆောင်အ မည်သာဖြစ်ကြောင်း သိမသိဖြစ်သည်။

အလားတူ နည်းလမ်းအတိုင်းရေးသားသည့် အခြားငွေလွှဲစာချုပ်များနှင့်စပ်လျဉ်း၍ ငွေအပေးခံရမည့်သူ အမှန်ရှိခဲ့လျှင် ထိုသူက ထိုငွေလွှဲစာချုပ်များကို A ထံသို့ပေးပို့ခြင်းမပြုနိုင်မီ A ကယင်းငွေလွှဲ စာချုပ်များကို လက်ခံခြင်းသည် ငွေအပေးခံရမည့်သူမှာ ဟန်ဆောင်သာ ဖြစ်ကြောင်း A သိရှိသည်ကိုဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

(င) A သည် B ၏ အသရေကိုပျက်စေရန် ရည်ရွယ်လျက် B အပေါ်တွင် အသရေပျက်စေသော စွပ်စွဲချက် များကိုကြေညာသည်ဟုစွဲဆိုခြင်းခံရသည်။

A သည် B နှင့်ပတ်သက်၍ယခင်က မကောင်းသောစိတ်ဆန္ဒဖြင့် ပြောကြားဖူးခြင်းမှာ A သည် B ၏ အသရေကိုပျက်စေရန်ကြံရွယ်ချက်ရှိကြောင်း အသက်သေထင်ရှားရှိသည့်အတွက်စပ်ဆိုင်သည်။

A နှင့် B တို့သည်ယခင်ကခိုက်ရန်မရှိခဲ့ခြင်းနှင့် A သည်မိမိကြားခဲ့ခြင်းကိုသာတစ်ဆင့်ပြန်လည်ပြော ကြား ခြင်းတို့မှာ A သည် B ၏အသရေကိုပျက်စေရန်ကြံရွယ်ခြင်းမရှိကြောင်းကို ဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

(စ) C သည်ကြွေးမြီပေးဆပ်နိုင်သူမဟုတ်သော်လည်း၊ ကြွေးမြီပေးဆပ်နိုင်သူဖြစ်သည်ဟု A ကလိမ် လည်ပြောဆိုသဖြင့် B သည် C အပေါ်တွင် ယုံကြည်ခဲ့ခြင်းကြောင့်ဆုံးရှုံးခဲ့ရပါသည်ဟု A အား B က တရားစွဲဆိုသည်။

A က B သည် ကြွေးမြီဆပ်နိုင်သူဖြစ်ကြောင်းပြောကြားသည့်အချိန်တွင် C ၏အိမ်နီးချင်းများ၊ C နှင့် ဆက်ဆံနေသူများက C သည် ကြွေးမြီဆပ်နိုင်သူဟုထင်မှတ်ကြသည်ဆိုသော အချက်သည် A ကရိုး ဖြောင့်သော သဘောဖြင့်ပြောဆိုကြောင်းဖော်ပြသည့်အတွက်စပ်ဆိုင်သည်။

(ဆ) ပိုင်ရှင်ဖြစ်သူ A ၏ အိမ်အတွက်ကန်ထရိုက်လုပ်ကိုင်သူ C ၏ စေခိုင်းချက်ဖြင့် B ကလုပ်ကိုင်ခဲ့ရ သောလက်ခကြေးငွေများကို ရလိုကြောင်းဖြင့် B က A ကိုတရားစွဲဆိုသည်။

Myanmar Law Information System (MLIS)

A က B ၏ပဋိညာဉ်မှာ C နှင့်ပြုလုပ်ခြင်းဖြစ်ကြောင်းထုချေသည်။

A ကလက်ခကြေးငွေများကို C သို့ပေးရသည်ဆိုသောအချက်သည် A ကရိုးဖြောင့်သောသဘောဖြင့် အလုပ်၏စီမံအုပ်ချုပ်မှုကို C သို့လွှဲအပ်ထားသဖြင့်၊ C သည်၎င်းကိုယ်တိုင်အနေဖြင့် B နှင့် ပဋိညာဉ်ပြု လုပ်ခြင်းဖြစ်၍ A ၏ကိုယ်စားဝင်သူအဖြစ်မဟုတ်ကြောင်းသက်သေထင်ရှားသဖြင့်စပ်ဆိုင်သည်။

(ဇ) A သည်ကောက်ရသောပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့်အလွဲသုံးစားပြုသည်ဟု စွဲဆိုခြင်းခံရရာ တွင်ပြဿနာမှာယင်းသည် အလွဲသုံးစားလိုက်သည့်အချိန်က ပစ္စည်းပိုင်ရှင်ကို မတွေ့နိုင် ဟု သဘောရိုးဖြင့် ယုံကြည်ခြင်းဟုတ် မဟုတ်ဖြစ်သည်။

ပစ္စည်းပျောက်ဆုံးသည်ကို A ရှိရာအရပ်၌လူအများသိရှိစေရန် ကြေညာသည်ဆိုသော အကြောင်းခြင်း ရာမှာ A သည် ပစ္စည်းပိုင်ရှင်ကိုရှာမတွေ့နိုင်ဟု သဘောရိုးဖြင့်ယုံကြည်ခြင်း မဟုတ်ကြောင်းကို ဖော်ပြသည့် အတွက် စပ်ဆိုင်သည်။

ပစ္စည်းပျောက်ဆုံးကြောင်း ကြားသိ၍ ပစ္စည်းကိုလိမ်လည်တောင်းဆိုလိုသဖြင့် C ကကြေညာချက်ကို လိမ်လည်လှည့်ဖြား၍ထုတ်ကြောင်း A ကသိရှိသည် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိသည်ဟူသော အချက်သည် ထိုသို့ကြေညာချက်ထုတ်သည်ကို A သိသည်ဆိုသောအချက်အားဖြင့် A သည် သဘောရိုး နှင့် မဟုတ်ဆိုသည်မှာ သက်သေအထင်အရှားမရှိသည့်အတွက်စပ်ဆိုင်သည်။

(ဈ) A သည် B အားသေစေရန်ကြံရွယ်ချက်ဖြင့် သေနတ်ဖြင့်ပစ်ခတ်သည်ဟုစွပ်စွဲခြင်းခံရသည်။ A၏ ကြံရွယ်ချက်ကိုသိသာနိုင်ရန်အလို့ငှာ A သည် B အားယခင်ကသေနတ်ဖြင့်ပစ်ဖူးသည်ဆိုသော အကြောင်းခြင်းရာကို သက်သေထင်ရှားတင်ပြနိုင်သည်။

(ည) A သည် B ထံသို့ခြိမ်းခြောက်သောစာများကိုပေးပို့သည်ဟုစွပ်စွဲခြင်းခံရသည်။ စာများပေးပို့ခြင်း ၏ ကြံရွယ်ချက်ကို သိသာနိုင်ရန်အလို့ငှာ A က B သို့ယခင်ကပေးပို့ခဲ့သည့် ခြိမ်းခြောက်သောစာများကို သက်သေခံတင်ပြနိုင်သည်။

(ဋ) ပြဿနာမှာ A သည်သူ၏ဇနီး B အားညှဉ်းပန်းနှိပ်စက်မှုပြုလုပ်ခြင်းရှိ မရှိဖြစ်သည်။

ညှဉ်းပန်းနှိပ်စက်မှုမတိုင်မီနှင့် ထိုနောက်အချိန်အနည်းငယ်အတွင်း တစ်ဦးနှင့်တစ်ဦးမည်ကဲ့သို့ စိတ်ထားရှိကြောင်းပြောဆိုချက်များသည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(ဌ) ပြဿနာမှာ A သေဆုံးရခြင်းသည်အဆိပ်ကြောင့်ဟုတ်မဟုတ်ဖြစ်သည်။

Aက နာဆဲအချိန်တွင် ဝေဒနာမည်ကဲ့သို့ခံစားရသည်များကို ပြောဆိုချက်များမှာ စပ်ဆိုင်သော အကြောင်း ခြင်းရာများဖြစ်သည်။

(ဍ) ပြဿနာမှာ A သည်အသက်အာမခံပြုလုပ်သည့်အချိန်က ၎င်း၏ကျန်းမာရေးအခြေအနေမှာမည်ကဲ့ သို့ရှိကြောင်းဖြစ်သည်။

ဖော်ပြပါအချိန်တွင် သို့မဟုတ် ထိုအချိန်နှင့်နီးကပ်သော အချိန်တွင် A ကမိမိ၏ကျန်းမာရေးအခြေအနေ မည်ကဲ့သို့ရှိကြောင်း ပြောဆိုချက်များမှာ စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

(ဎ) အသုံးပြုရန်မသင့်လျော်သော ရထားတစ်စီးကို ငှားရမ်းသဖြင့် A ၌ ထိခိုက်ဒဏ်ရာရသည်ဟု A က B ကိုပေါ့လျော့မှုဖြင့်တရားစွဲဆိုသည်။

Myanmar Law Information System (MLIS)

အခြားအချိန်အခါများ၌ အဆိုပါရထား၏ချွတ်ယွင်းခြင်းအကြောင်း B အားသတိပေးခဲ့သည်ဆိုသော အချက်မှာ စပ်ဆိုင်သည်။

B သည်မိမိငှားထားသော ရထားများနှင့်ပတ်သက်၍ ပေါ့လျော့သော အလေ့အထရှိသည် ဆိုသော အချက်သည် စပ်ဆိုင်ခြင်းမရှိပါ။

(ဏ) A သည် B အားတမင်သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သည့် လူသတ်မှုဖြင့်စစ်ဆေးစီရင်ခြင်းခံရ သည်။

A သည် အခြားအချိန်အခါများတွင် B ကိုသေနတ်ဖြင့်ပစ်ဖူးသည်ဆိုသော အချက်သည် A က B ကို သေနတ်ဖြင့်ပစ်ရန်ကြံရွယ်ချက်ရှိကြောင်းဖော်ပြသည့်အတွက်စပ်ဆိုင်သည်။

A သည်အခြားလူများကိုသတ်ရန်ကြံရွယ်လျက်သေနတ်ဖြင့် ပစ်လေ့ရှိသည်ဆိုသောအကြောင်းခြင်းရာ သည် စပ်ဆိုင်ခြင်းမရှိ။

(တ) A သည် ပြစ်မှုတစ်ခုကျူးလွန်ကြောင်းဖြင့်စစ်ဆေးစီရင်းခြင်းခံရသည်။ ထိုပြစ်မှုကို ကျူးလွန်ရန် ကြံရွယ်ချက်ရှိကြောင်းဖော်ပြသည့် အကြောင်းအရာတစ်ခုခုကို A ပြောဆိုသည်ဟူသောအချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

ထိုပြစ်မှုမျိုးကို ကျူးလွန်ရန်ယေဘုယျ စိတ်ထားရှိကြောင်းဖော်ပြသည့်အကြောင်းအရာတစ်ခုကို A ပြောဆိုသည်ဟူသောအချက်သည်စပ်ဆိုင်ခြင်းမရှိ။

ပြုလုပ်မှုကိုမတော်တဆ သို့မဟုတ် တမင်ပြုလုပ်ခြင်း ဟုတ် မဟုတ် ဟူသောပြဿနာနှင့် သက်ဆိုင်သော အကြောင်းခြင်းရာများ။

၁၅။ ပြုလုပ်မှုတစ်ခုသည်မတော်တဆပြုလုပ်ခြင်း သို့မဟုတ် တမင်ပြုလုပ်ခြင်း သို့မဟုတ် တစ်စုံတစ်ခု ဖြစ်မည်ကို သိလျက်နှင့်ဖြစ်စေ၊ တစ်စုံတစ်ခုဖြစ်စေရန်ကြံရွယ်ချက်နှင့်ဖြစ်စေ ပြုလုပ်ခြင်းဟုတ်မဟုတ် ဟူသောပြဿနာပေါ်ပေါက်သည့်အခါ ထိုသို့ပြုလုပ်သူပါဝင်ပတ်သက်ခဲ့သည့်အလားတူ တစ်ဆက် တည်းဖြစ်သော ဖြစ်ရပ်များတွင်အဆိုပါ ပြုလုပ်ချက်သည် ဆက်စပ်လျက်ရှိလျှင် ထိုသို့ဆက်စပ်လျက်ရှိ သည်ဟူသောအချက်မှာစပ်ဆိုင်သည်။

## ဥပမာများ

(က) A သည်အာမခံထားသည့်ငွေကို ရရှိရန်မိမိ၏နေအိမ်ကိုမီးရှို့မှုဖြင့်စွပ်စွဲခြင်းခံရသည်။

A သည် အိမ်အများအပြားတွင်တစ်အိမ်ပြီး တစ်အိမ်နေထိုင်ခဲ့၍ အိမ်တိုင်းကို အာမခံထားခဲ့သည်၊ အိမ် တိုင်းကို မီးလောင်ခဲ့သည်၊ မီးတစ်ကြိမ် တစ်ကြိမ်လောင်ပြီးနောက် A သည်မီးအာမခံရုံး တစ်ရုံးစီမှ ထုတ်ပေးငွေရရှိခဲ့သည် ဆိုသောအချက်များသည် မီးလောင်ခြင်းမှာ မတော်တဆ မဟုတ်ကြောင်း ဖော်ပြ သည့်အတွက်စပ်ဆိုင်သည်။

(ခ) A အား B ၏မြီစားများထံမှ ငွေများကိုကောက်ခံပေးရန်ငှားရမ်းထားသည်။ A ၏ဝတ္တရားမှာ မိမိ ရရှိသောငွေများကိုစာအုပ်တစ်အုပ်တွင်ရေးမှတ်ထားရန်ဖြစ်သည်။ တစ်ကြိမ်တွင်ငွေကိုအမှန်ရရှိသည် ထက် လျော့နည်း၍ရရှိသည်ဟုထည့်သွင်းရေးသားထားသည်။

ပြဿနာမှာ ဤကဲ့သို့ မမှန်မကန်ရေးသားထားခြင်းမှာ မတော်တဆ သို့မဟုတ် တမင် ဟုတ်မဟုတ် ဖြစ်သည်။

ယင်းစာအုပ်၌ပင် A ရေးသားသော အခြားရေးသွင်းချက်များမှာ မမှန်ကန်ခြင်းနှင့်ဤကဲ့သို့မမှန်သော ရေးသားချက်တိုင်းတွင် A အကျိုးခံစားမှုရှိစေရန် ရေးသားထားသည်ဆိုသောအချက်များမှာစပ်ဆိုင် သည်။

(ဂ) A သည်ဒင်္ဂါးအတု တစ်ခုကိုမရိုးမဖြောင့်သော သဘောဖြင့်ပေးသည်ဟုစွပ်စွဲခြင်းခံရသည်။

ပြဿနာမှာ ဒင်္ဂါးကို မတော်တဆ ပေးခြင်း ဟုတ် မဟုတ်ဖြစ်သည်။

B သို့မပေးမီ မကြာခင်ကဖြစ်စေ၊ ပေးပြီးနောက် မကြာမီတွင်ဖြစ်စေ၊ A သည် C D E တို့သို့ဒင်္ဂါးအတု များပေးသည်ဆိုသောအချက်သည် B သို့ပေးခြင်းမှာမတော်တဆ မဟုတ်ကြောင်းဖော်ပြသည့်အတွက် စပ်ဆိုင်သည်။

လုပ်ရိုးလုပ်စဉ်ရှိခြင်းသည်မည်သည့်အခါတွင်စပ်ဆိုင်ခြင်း။

၁၆။ တစ်စုံတစ်ခုသောပြုလုပ်မှုကို ပြုခဲ့ခြင်းဟုတ်မဟုတ် ဟူသောပြဿနာပေါ်ပေါက်သည့်အခါ လုပ်ရိုး လုပ်စဉ်အလုပ်တစ်ခုကိုပြုလုပ်ရာ၌ သဘာဝအတိုင်းဆိုလျှင်အဆိုပါ ပြုလုပ်မှုကို ပြုလုပ်ခဲ့မည်ဖြစ်ပါက ထိုလုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုရှိသည်ဆိုခြင်းသည် အမှု၌စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

## ဥပမာများ

(က) ပြဿနာမှာ သက်ဆိုင်ရာစာတစ်စောင်ကို ပို့ မပို့ဖြစ်သည်။

နေရာတစ်နေရာတွင် ထည့်သည့်စာအားလုံးကို စာတိုက်သို့ပို့ရမြဲလုပ်ရိုးလုပ်စဉ်ရှိခြင်း၊ ထိုစာကို အဆိုပါ နေရာတွင်ထည့်ခြင်းတို့သည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ သက်ဆိုင်ရာစာတစ်စောင်သည် A ထံသို့ရောက်မရောက်ဖြစ်သည်။

ထိုစာကို လုပ်ရိုးလုပ်စဉ်အတိုင်းစာတိုက်တွင် ထည့်လိုက်ကြောင်း၊ လူရှာမတွေ့ဟု စာသေရုံးမှ ထိုစာပြန်လည်ရောက်ရှိခြင်းမရှိဆိုသော အချက်များတို့သည် စပ်ဆိုင်သည်။

## ဝန်ခံချက်များ

ဝန်ခံချက် ဆိုသည်ကိုအဓိပ္ပါယ်ဖော်ပြခြင်း။

၁၇။ ဝန်ခံချက်ဆိုသည်မှာ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်း ခြင်းရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ခုသော အဓိပ္ပာယ်ကောက်ယူနိုင်ရန်နောက်လာမည့် ပြဋ္ဌာန်း ချက်များတွင် ဖော်ပြထားသည့်အခြေအနေများ၌ ဖော်ပြထားသူတစ်ဦးဦးက နှုတ်ဖြင့်ဖြစ်စေ၊ စာတမ်းအမှတ်အသားဖြင့် ဖြစ်စေ တင်ပြသောထွက်ဆိုချက်ကိုဆိုသည်။

အမှုသည်၏ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ၏ဝန်ခံချက်။

၁၈။ အမှုသည်တစ်ဦး၏ ထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သည်။ ထို့ပြင်ထိုသို့ထွက်ဆိုနိုင်ရန် အဆိုပါအမှုသည်က အတိအလင်းသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ပိုင်ခွင့်အပ် နှင်းထားသူဟု တရားရုံးကအမှု၏အခြေအနေများအရ ယူဆသော ထိုအမှုသည်၏ကိုယ်စားဆောင်ရွက် သူ၏ ထွက်ဆိုချက်များသည်လည်းဝန်ခံချက်များဖြစ်သည်။

**ကိုယ်စားလှယ်အဖြစ်ဖြင့် စွဲဆိုသောအမှုသည်၏ဝန်ခံချက်။**



Myanmar Law Information System (MLIS)

တရားမမှုများတွင် ကိုယ်စားလှယ်အဖြစ်ဖြင့် တရားစွဲဆိုသည့် သို့မဟုတ်တရားစွဲဆိုခြင်းခံရသည့်အမှုသည်များ၏ထွက်ဆိုချက်များသည် ထိုသို့ကိုယ်စားလှယ်အဖြစ်ထွက်ဆိုခြင်းဖြစ်လျှင် ဝန်ခံချက်များ ဖြစ်သည်။

**အချင်းဖြစ် ပစ္စည်းတွင်အကျိုးခံစားခွင့်ရှိသူအမှုသည်၏ဝန်ခံချက်။**

ထွက်ဆိုချက်များပြုလုပ်ရာတွင်-

(၁) အမှု၌အချင်းဖြစ်ပစ္စည်းတွင် ပိုင်ဆိုင်ခွင့်သော်လည်းကောင်း၊ ငွေရေးကြေးရေးအကျိုးခံစားခွင့်သော် လည်းကောင်း ရှိသူများက ထိုသို့အကျိုးခံစားခွင့်ရှိသူများအနေနှင့်ထွက်ဆိုချက်များသည် သို့မဟုတ်

**အဆိုပါ အကျိုးခံစားခွင့်ရရှိရာဖြစ်သောသူ၏ဝန်ခံချက်။**

(၂) တရားမမှု၌ အချင်းဖြစ်ပစ္စည်းတွင် အကျိုးခံစားခွင့်ကို အမှုသည်များက အခြားသူများထံမှ ရရှိသည့်အခါ ထိုအကျိုးခံစားခွင့်ကို မူလလက်ရှိဖြစ်သူတို့၏ ထွက်ဆိုချက်များသည် ထွက်ဆိုသူများ၏အကျိုးခံစားခွင့် တည်ရှိနေဆဲကာလအတွင်း ထွက်ဆိုခဲ့ခြင်းဖြစ်လျှင် ဝန်ခံချက်များ ဖြစ်သည်။

အမှုသည်တစ်ဦးဦးကိုဆန့်ကျင်စေမည့် သက်သေထင်ရှားအဖြစ်မိမိတို့၏ အနေအထားကို သက်သေတူရမည့်သူတို့၏ဝန်ခံချက်များ။

၁၉။ တရားမမှုတွင် အမှုသည်ဖြစ်နေသူ တစ်ဦးဦးကို ဆန့်ကျင်စေသည့်သက်သေထင်ရှားအဖြစ် အခြား သူတို့၏အနေအထား သို့မဟုတ် တာဝန်ရှိမှုကို သက်သေထူရန်လိုအပ်သည့်အခါထိုအခြားသူတို့၏ ထွက်ဆိုချက်များသည် ယင်းတို့ကစွဲဆိုသော သို့မဟုတ် ယင်းတို့အားစွဲဆိုသောတရားမမှုရှိပါက ထိုအမှု တွင် အဆိုပါအနေအထား သို့မဟုတ် တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ ယင်းတို့ကိုဆန့်ကျင်စေမည့် စပ်ဆိုင်သော အချက်များဖြစ်သည့်ပြင် ယင်းတို့သည် အဆိုပါအနေအထား သို့မဟုတ် အဆိုပါတာဝန်လက်ရှိဖြစ်နေ ခိုက် ထိုသို့ထွက်ဆိုခြင်းဖြစ်လျှင်၊ အဆိုပါထွက်ဆိုချက်များသည်ဝန်ခံချက်များဖြစ်သည်။

**ဥပမာများ**

A သည် B အတွက်ငှားရမ်းခများကို ကောက်ခံပေးရန်တာဝန်ယူသည်။

C ထံမှ B ရရန်ရှိသော ငှားရမ်းခများကို ကောက်ခံခြင်းမပြုဟု B က A ကိုတရားစွဲသည်။

C သည် B သို့ငှားရမ်းခပေးရန်မရှိကြောင်း A ကငြင်းဆိုသည်။

C က B သို့ငှားရမ်းခပေးရန်ရှိကြောင်း C ၏ပြောဆိုချက်သည်ဝန်ခံချက်ဖြစ်၍၊ C သည် B သို့ငှားရမ်း ခပေးရန် မရှိကြောင်း A ကငြင်းဆိုလျှင် အဆိုပါ C ၏ပြောဆိုချက်သည် A အပေါ်တွင် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

တရားမမှုတွင် အမှုသည်ကအတိအလင်းရည်ညွှန်းထားသူတို့၏ဝန်ခံချက်များ။

၂၀။ တရားမမှုတွင် အငြင်းပွားသော ကိစ္စနှင့်စပ်လျဉ်း၍ သိလိုသော အကြောင်းအရာကို မည်သူတို့ ထံ မေးမြန်းနိုင်ကြောင်း အမှုသည်တစ်ဦးက အတိအလင်း ညွှန်ပြလျှင် ထိုသို့ညွှန်ပြခြင်းခံရသူတို့၏ ထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သည်။

**ဥပမာများ**

ပြဿနာမှာ A က B သို့ရောင်းလိုက်သော မြင်းသည် အနာအဆာလွတ်ခြင်းရှိ မရှိဖြစ်သည်။

Myanmar Law Information System (MLIS)

A က C ထံသို့သွားမေးပါ။ “C သည် မြင်းအကြောင်းကို အလုံးစုံသိပါသည်” ဟု B အားပြောသည်။ C ၏ပြောဆိုချက်သည် ဝန်ခံချက်ဖြစ်သည်။

ဝန်ခံချက်များကို ဝန်ခံချက်ပြုသူတို့အား သက်သေထင်ရှားစေခြင်း၊ ထို့ပြင်ဝန်ခံချက်ပြုသူတို့က သော်လည်းကောင်း၊ ယင်းတို့အတွက်အခြားသူတို့ကသော်လည်းကောင်း ထိုဝန်ခံချက်များကိုသက် သေထင်ရှားစေခြင်း။

၂၁။ ဝန်ခံချက်များသည် အမှု၌စပ်ဆိုင်သော်အချက်များဖြစ်သည့်ပြင် ဝန်ခံချက်ပြုသူကိုဖြစ်စေ၊ ယင်း၏ အကျိုးဆက်ခံသည့် ကိုယ်စားလှယ်ကိုဖြစ်စေ ဆန့်ကျင်၍လည်း ထိုခံဝန်ချက်များကိုသက်သေထင်ရှား တင်ပြနိုင်သည်။ သို့သော်လည်း ဝန်ခံချက်ပြုသူကိုယ်တိုင်သော်လည်းကောင်း၊ ယင်းအတွက် အခြား သူကသော်လည်းကောင်း၊ ယင်းအကျိုးဆက်ခံသည့် ကိုယ်စားလှယ်ကသော်လည်းကောင်းအဆိုပါဝန်ခံ ချက်များကို သက်သေထင်ရှားအဖြစ်အောက်ပါ ကိစ္စများမှာမှတစ်ပါးသက်သေတင်ပြခြင်းမပြုနိုင်ချေ-

(၁) အကယ်၍ ဝန်ခံချက်ပြုသူသေဆုံးခဲ့သော် ထိုဝန်ခံချက်မှာ အခြားအမှုသည်များအကြားဖြစ်ပွားသည့် အမှုတွင် ပုဒ်မ ၃၂ အရစပ်ဆိုင်လျှင် ဝန်ခံချက်ပြုသူကဖြစ်စေ၊ ထိုသူအတွက်အခြားသူကဖြစ်စေအဆိုပါ ဝန်ခံချက်ကို သက်သေထင်ရှားတင်ပြနိုင်သည်။

(၂) ဝန်ခံချက်တွင် စိတ်၏သို့မဟုတ် ကိုယ်ခန္ဓာ၏အခြေအနေတစ်ရပ်ရပ်အမှန်တည်ရှိကြောင်း ထွက်ဆိုချက်ပါရှိ၍ အဆိုပါစိတ်၏ သို့မဟုတ် ကိုယ်ခန္ဓာ၏အခြေအနေအမှန်တည်ရှိခြင်းမှာလည်း စပ်ဆိုင်ခြင်း သို့မဟုတ် အငြင်းဖြစ်ခြင်းဖြစ်သည့်ပြင်ဆိုခဲ့သောစိတ်၏ သို့မဟုတ် ကိုယ်ခန္ဓာ၏ အခြေအနေအမှန်တည် ရှိသည့် အချိန် သို့မဟုတ် ထိုအချိန်လောက်တွင် ထိုသို့ထွက်ဆိုခြင်းဖြစ်ပြီး၊ သို့ထွက်ဆိုရာ၌လည်း လိမ် လည်ပြောဆိုခြင်း မဟုတ်တန်ရာဟု ကောက်ယူထိုက်သည့်အပြုအမူပါရှိလျှင် ဝန်ခံချက်ပြုသူကဖြစ်စေ၊ ထိုသူအတွက် အခြားသူကဖြစ်စေ ထိုဝန်ခံချက်ကို သက်သေထင်ရှားတင်ပြ နိုင်သည်။

(၃) ဝန်ခံချက်မှာ ဝန်ခံချက် အဖြစ်ဖြင့်မဟုတ်ဘဲ၊ အခြားနည်းဖြင့်စပ်ဆိုင်လျှင် ဝန်ခံချက်ပြုသူကဖြစ် စေ၊ ထိုသူအတွက် အခြားသူကဖြစ်စေ ထိုဝန်ခံချက်ကိုသက်သေထင်ရှားတင်ပြနိုင်သည်။

**ဥပမာများ**

(က) B နှင့် A တို့နှစ်ဦးတွင် ပြဿနာမှာ စာချုပ်တစ်စောင်သည် အတုပြုလုပ်ထားခြင်း ဟုတ်မဟုတ် ဖြစ်သည်။

A က စာချုပ်သည် အစစ်အမှန်ဖြစ်သည်ဟုဆိုသည်။ B ကအတုဖြစ်သည်ဟုဆိုသည်။

စာချုပ်မှာ အစစ်အမှန်ဖြစ်သည်ဟူသော B ၏ထွက်ဆိုချက်ကို A က သက်သေထင်ရှားပြနိုင်သည်။

စာချုပ်မှာအတုဖြစ်သည်ဟူသော A ၏ထွက်ဆိုချက်ကို B ကသက်သေထင်ရှားတင်ပြနိုင်သည်။ သို့ရာတွင် A ကစာချုပ်မှာအစစ်အမှန်ဖြစ်သည်ဟု မိမိကိုယ်တိုင်၏ထွက်ဆိုချက်ကို သက်သေထင်ရှား မတင်ပြနိုင်။

ထို့အတူ B ကစာချုပ်အတုဖြစ်သည်ဟု မိမိကိုယ်တိုင်၏ထွက်ဆိုချက်ကို သက်သေထင်ရှားမတင်ပြနိုင်။

(ခ) သင်္ဘောမှူး A သည် သင်္ဘောကိုရေတွင်မျောသွားစေမှုဖြင့် စစ်ဆေးစီရင်ခြင်းခံရသည်။

သင်္ဘောကို သွားရိုးလမ်းစဉ်မှလွှဲဖယ်၍ သွားစေသည်ဟု သက်သေခံချက်တင်ပြသည်။

Myanmar Law Information System (MLIS)

A ကလုပ်ရိုးလုပ်စဉ်အတိုင်းစာအုပ်တစ်အုပ်ထားရှိ၍ နေ့စဉ်တွေ့ရှိချက်များကို ရေးမှတ်ထားသဖြင့် သင်္ဘောသည်သွားရိုးလမ်းကြောင်းမှ လွဲဖယ်၍သွားခြင်းမရှိကြောင်းဖော်ပြထားသော ထိုစာအုပ်ကိုတင်ပြ သည်။ ထိုရေးသားချက်များသည် အကယ်၍ A သေဆုံးခဲ့လျှင် အခြားသူများအကြားဖြစ်ပွားသည့် အမှု တွင် ပုဒ်မ ၃၂၊ အပိုဒ် (၂) အရ၊ သက်သေခံဝင်မည်ဖြစ်၍ A က ထိုရေးသားချက်များမှန်ကြောင်းသက် သေ ထင်ရှားတင်ပြနိုင်သည်။

(ဂ) A သည်ရန်ကုန်မြို့တွင် ပြစ်မှုတစ်ခုကိုကျူးလွန်သည်ဟုစွပ်စွဲခြင်းခံရသည်။ သူသည်ထိုနေ့စွဲဖြင့် မေမြို့မှ မိမိရေးသားထား၍ မေမြို့စာတိုက်မှ နေ့စွဲတံဆိပ်ပါရှိသောစာတစ်စောင်ကိုတင်ပြသည်။

အကယ်၍ A သေဆုံးလျှင် ထိုစာတွင်ပါရှိသော နေ့စွဲပါဖော်ပြချက်မှာ ပုဒ်မ ၃၂၊ အပိုဒ် (၂) အရ သက်သေခံဝင်မည်ဖြစ်သောကြောင့် ထိုနေ့စွဲပါဖော်ပြချက်မှာ သက်သေခံဝင်သည်။

(ဃ) A သည် ပစ္စည်းကို ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် လက်ခံသည်ဟုစွပ်စွဲခြင်းခံရသည်။

သူကပစ္စည်းကို တန်ဖိုးထက်လျှော့နည်း၍ ရောင်းခြင်းမပြုနိုင်ကြောင်း မိမိငြင်းဆိုခဲ့သည်ကို သက်သေခံ တင်ပြလာသည်။

ထိုသို့ ငြင်းဆိုသည့် ထွက်ဆိုချက်များသည် ဝန်ခံချက်များဖြစ်သော်လည်းအငြင်းဖြစ်သည့် အကြောင်း ခြင်းရာများ၏အရှိန်သြဇာသက်ရောက်သည့် အပြုအမူကိုရှင်းလင်းဖော်ပြသောကြောင့် A က ထိုထွက်ဆို ချက်များကိုသက်သေထင်ရှားတင်ပြနိုင်သည်။

(င) A သည်ဒင်္ဂါးအတုဖြစ်ကြောင်းသိလျက်နှင့် လိမ်လည်လိုသောကြောင့် ထိုဒင်္ဂါးကိုလက်ရှိထားသည် ဟုစွပ်စွဲခြင်းခံရသည်။

သူက ဒင်္ဂါးအတု ဟုတ် မဟုတ် မိမိမသင်္ကာသဖြင့် ကျွမ်းကျင်သောသူတစ်ဦးအားစစ်ဆေးကြည့်ရှုစေရာ ထိုသူက စစ်ဆေးပြီးနောက် ဒင်္ဂါးအစစ်ဖြစ်သည်ဟု ပြောဆိုကြောင်းသက်သေထင်ရှားတင်ပြလိုသည်ဟု ကမ်းလှမ်းပြောဆိုသည်။

A သည် ဤအကြောင်းခြင်းရာများအားအထက်ဥပမာအတိုင်း သက်သေထင်ရှားတင်ပြနိုင်သည်။

စာတမ်း အမှတ်အသားများပါအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ နှုတ်ဖြင့်ဝန်ခံချက်များသည် မည်သည့်အခါ၌စပ်ဆိုင်ခြင်း။

၂၂။ စာတမ်းအမှတ်အသားတစ်ခုပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ နှုတ်ဖြင့်ဝန်ခံချက်များသည်နောက် လာမည့်ပြဋ္ဌာန်းချက်များအရ အဆိုပါစာတမ်းအမှတ်အသားပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ ဒုတိယ အဆင့်သက်သေခံချက်တင်ပြနိုင်ခွင့်ရှိသည့်ကိစ္စ သို့မဟုတ် တင်ပြထားသော စာတမ်းအမှတ်အသား သည် အစစ်အမှန် ဟုတ် မဟုတ် အငြင်းပွားနေသည့်ကိစ္စများမှတစ်ပါး အမှု၌မစပ်ဆိုင်ချေ။

တရားမမှုများတွင် ဝန်ခံချက်များသည် မည်သည့်အခါစပ်ဆိုင်ခြင်း။

၂၃။ တရားမမှုများတွင် ဝန်ခံချက်နှင့်စပ်လျဉ်း၍ သက်သေခံချက်တင်ပြခြင်းမပြုရဟူသော စည်းကမ်း ချက်အတိအလင်းသတ်မှတ်၍ ပြုလုပ်ခြင်းဖြစ်လျှင် သို့မဟုတ် သက်သေခံချက်တင်ပြခြင်းမပြုရန် နှစ်ဘက်သောအမှုသည်များသဘောတူညီကြသည်ဟု တရားရုံးက အဆိုပါဝန်ခံချက်ပြုလုပ်စဉ်က ရှိနေ သော အခြေအနေများကိုထောက်၍ အဓိပ္ပာယ်ကောက်ယူနိုင်လျှင် ထိုဝန်ခံချက်သည်အမှုနှင့်မစပ်ဆိုင်ချေ။

**ရှင်းလင်းချက်** ။ ။ ဤပုဒ်မပါ မည်သည့်အချက်ကမျှ ရှေ့နေတစ်ဦးဦးမှာ ပုဒ်မ ၁၂၆ အရသက်သေမခံဘဲ မနေရသော အကြောင်းကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံချက်တင်ပြရခြင်းမှ ကင်းလွတ်ခွင့်ရရှိ သည်ဟု မကောက်ယူရ။

သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်းကြောင့် ပေးသောဖြောင့်ချက်သည် မည်သည့်အခါပြစ်မှုဆိုင်ရာအမှု၌မစပ်ဆိုင်ခြင်း။

၂၄။ ပြစ်မှုဆိုင်ရာ အမှုတစ်ခုတွင်တရားခံတစ်ဦးကပေးသောဖြောင့်ချက်သည် သွေးဆောင်ခြင်း၊ ခြိမ်း ခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်းကြောင့်ဖြစ်ရသည်ဟုလည်းကောင်း၊ ယင်းသို့ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းတို့သည် တရားခံအပေါ် အရေးယူထားသောစွပ်စွဲချက်ကို ရည်ညွှန်း ကြောင်း၊ အခွင့်အာဏာရှိသူတစ်ဦးထံမှ ထွက်ပေါ်လာကြောင်း၊ ထိုသို့ဖြောင့်ချက်ပေးလျှင် တရားခံ၌ အမှုနှင့်စပ်လျဉ်း၍ အကျိုးတစ်စုံတစ်ရာခံစားရမည် သို့မဟုတ် ယခုဘဝမှာပင် ဆိုးကျိုးတစ်ခုခုကို တိမ်း ရှောင်နိုင်မည်ဟု တရားခံက ယုံကြည်လောက်အောင် အကြောင်းခိုင်လုံသည်ဟု တရားရုံးကထင်မြင်ဖွယ် ရှိကြောင်းကိုလည်းကောင်း၊ တရားရုံးကတွေ့ရှိရလျှင်ထိုဖြောင့်ချက်သည် မစပ်ဆိုင်ချေ။

ရဲအရာရှိထံပေးသောဖြောင့်ချက်ကို သက်သေထင်ရှားမတင်ပြရခြင်း။

၂၅။ ရဲအရာရှိထံပေးသော ဖြောင့်ချက်ကို ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟုစွပ်စွဲခြင်းခံရသူအပေါ်၌သက် သေထင်ရှားတင်ပြခြင်းမပြုရ၊

သို့ရာတွင် ဤပုဒ်မသည် ကျေးရွာဥပဒေအရ ခန့်ထားသောသူကြီး သို့မဟုတ် ကျေးရွာရဲတစ်ဦးဦးထံ ပေးသောဖြောင့်ချက်နှင့် မသက်ဆိုင်စေရ။

ရဲအချုပ်တွင်ရှိနေစဉ်အတွင်းတရားခံပေးသည့်ဖြောင့်ချက်ကို ယင်းအားနစ်နာစေမည့်သက်သေထင် ရှားမတင်ပြရခြင်း။

၂၆။ တစ်ဦးတစ်ယောက်သောသူက ရဲအရာရှိ၏အချုပ်တွင်ရှိစဉ် အတွင်းပေးသည့်ဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီး၏ ရှေ့မှောက်တွင် ပေးသည့်ဖြောင့်ချက်မဟုတ်လျှင် အဆိုပါဖြောင့်ချက်ကို ထိုသူ အပေါ်၌သက်သေထင်ရှားတင်ပြခြင်းမပြုရ။

**ရှင်းလင်းချက်** ။ ။ ဤပုဒ်မ၌ ရာဇဝတ်တရားသူကြီးဆိုသည့် စကားရပ်တွင် ရာဇဝတ်တရားသူကြီး၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်နေသော်လည်း ရာဇဝတ်ကျင့်ထုံးကိုဥပဒေအရ၊ ရာဇဝတ်တရားသူ ကြီး၏အာဏာများကို သုံးစွဲနေသောရာဇဝတ်တရားသူကြီး မဟုတ်သည့် ရွာသူကြီးမပါဝင်ချေ။

တရားခံထံကရရှိသည့်သတင်းများအနက် မည်မျှကိုသက်သေခံတင်ပြနိုင်ခြင်း။

၂၇။ သို့ရာတွင် ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရ၍ ရဲအရာရှိ၏ အချုပ်တွင်ရှိနေသူ တစ်ဦးဦးထံက ရရှိသည့်သတင်းအရ၊ အကြောင်းခြင်းရာတစ်ခုကို တွေ့ရှိလျှင်တရားခံ၏ သတင်းပေး ချက်များအနက် ထိုတွေ့ရှိရသော အကြောင်းခြင်းရာအား တိတိကျကျဖော်ပြသည့်သတင်းပေးချက်ကို ဖြောင့်ချက်ဟုတ် သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမှု၌သက်သေထင်ရှားတင်ပြနိုင်သည်။

သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်းတစ်ခုခုကြောင့်ပေါ်ပေါက်လာသည့်ထင်မြင် ချက် ကိုပပျောက်စေပြီးမှပေးသောဖြောင့်ချက်သည်စပ်ဆိုင်ခြင်း။

Myanmar Law Information System (MLIS)

၂၈။ ပုဒ်မ ၂၄ တွင်ဖော်ပြထားသည့်အတိုင်းပြစ်မှုဆိုင်ရာအမှုတစ်ခုတွင်စွပ်စွဲခြင်းခံရသောတရားခံတစ်ဦး ၏ဖြောင့်ချက်သည် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကတိပေးခြင်းတစ်ခုခုကြောင့် ပေါ် ပေါက်လာသည့် ထင်မြင်ချက်ကို လုံးဝပပျောက်စေပြီးမှ ပေးသောဖြောင့်ချက်ဖြစ်သည်ဟုတရားရုံးကယူ ဆလျှင် ထိုဖြောင့်ချက်သည်စပ်ဆိုင်သည်။

အခြားနည်းစပ်ဆိုင်သည့်ဖြောင့်ချက်သည်လျှို့ဝှက်ထားမည်ဟုကတိပြုခြင်းစသောအကြောင်းများ ကြောင့်မစပ်ဆိုင်ဟုမဖြစ်စေရခြင်း။

၂၉။ ဆိုခဲ့သော ဖြောင့်ချက်တစ်ခုသည် အခြားနည်း၌စပ်ဆိုင်လျှင် ဖြောင့်ချက်ကို လျှို့ဝှက်ထားမည်ဟု ကတိပြုခြင်းကြောင့်ဖြစ်စေ၊ တရားခံကို လိမ်လည်လှည့်ဖြားခြင်းကြောင့်ဖြစ်စေ၊ တရားခံမှာ အရက်သေစာ သောက်စားမူးယစ်ခြင်းကြောင့်ဖြစ်စေ ဖြောင့်ချက်ပေးရသည် ဆိုသောကိစ္စ၊ မည်သည့်မေးခွန်းမျိုးဖြင့် မေးသည်ဖြစ်စေ၊ ထိုမေးခွန်းကို ဖြေဆိုရန်မလိုဘဲလျက်ဖြေဆိုရာ၌ ဖြောင့်ချက်ပေးရသည်ဆိုသောကိစ္စ၊ ဖြောင့်ချက်ပေးရန်တာဝန်မရှိကြောင်း၊ ဖြောင့်ချက်ပေးလျှင်လည်း ယင်းဖြောင့်ချက်ကို ထိုသူအပေါ် သက်သေထင်ရှားတင်ပြနိုင်ကြောင်း သတိမပေးသဖြင့် ဖြောင့်ချက်ပေးရသည်ဆိုသောကိစ္စ စသည့်တစ်ခုခုကြောင့် အဆိုပါဖြောင့်ချက်ကို မစပ်ဆိုင်ဟုမဖြစ်စေရ။

ဖြောင့်ချက်ပေးသူနှင့်တကွပြစ်မှုတစ်မျိုးတည်းအတွက်အမှုတစ်ခုတည်းတွင်စစ်ဆေးစီရင်ခြင်းခံရသူများကိုပါ ထိခိုက်သည့်ပြင် သက်သေထင်ရှားလည်းရှိသော ဖြောင့်ချက်ကိုထည့်သွင်းစဉ်းစားခြင်း။

၃၀။ တစ်ဦးထက်ပိုသောသူများကို ပြစ်မှုတစ်မျိုးတည်းအတွက်အမှုတစ်ခုတည်းတွင် အတူပူးတွဲလျက် စစ်ဆေးစီရင်သည့်အခါ ထိုသူများအနက် တစ်ဦးတစ်ယောက်သောသူက ပေးသောဖြောင့်ချက်သည် မိမိ နှင့် အခြားသူတစ်ဦးအပေါ်တွင် ထိခိုက်စေသည့်ဖြောင့်ချက်ဖြစ်ကြောင်း သက်သေထင်ရှားရှိလျှင် ထိုဖြောင့်ချက်ကို ဖြောင့်ချက်ပေးသူအပြင် အဆိုပါ အခြားသူအပေါ်တွင်လည်းတရားရုံးကထည့်သွင်း စဉ်းစားနိုင်သည်။

**ရှင်းလင်းချက်**။ ။ဤပုဒ်မတွင် အသုံးပြုထားသည့် "ပြစ်မှု" ဆိုသည့်စကားတွင် ထိုပြစ်မှုကိုအားပေးကူ ညီခြင်း သို့မဟုတ် ထိုပြစ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်းလည်းပါဝင်သည်။

**ဥပမာများ**

(က) A နှင့် B တို့အား C ကိုသတ်မှုဖြင့် တစ်မှုတည်းတွင်အတူပူးတွဲစစ်ဆေးစီရင်သည်။ A က "B နှင့် ကျွန်တော် C ကိုသတ်သည်" ဟုပြောကြောင်း သက်သေထင်ရှားရှိသည်။ တရားရုံးသည်ထိုဖြောင့်ချက် ၏အကျိုးသက်ရောက်မှုကို B အပေါ်တွင်ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) A အား C ကိုသတ်မှုဖြင့် စစ်ဆေးစီရင်သည်၊ C ကို A နှင့် B တို့သတ်ကြောင်းနှင့် B က "A နှင့် ကျွန်တော် C ကိုသတ်သည်" ဟုပြောကြောင်းသက်သေခံချက်ရှိသည်။

ဤပြောဆိုချက်ကို A အပေါ်တွင် တရားရုံးကထည့်သွင်းစဉ်းစားခြင်းမပြုနိုင်။ အဘယ့်ကြောင့်ဆိုသော် B ကို တစ်မှုတည်းတွင်ပူးတွဲစစ်ဆေးစီရင်ခြင်းမပြုသောကြောင့်ဖြစ်သည်။

ဝန်ခံချက်များသည် အပြီးသတ် သက်သေခံချက်မဟုတ်သော်လည်း ကွဲပြားသည့်သက်သေခံချက် များ မတင်ပြနိုင်ရန်ငြင်းဆိုခွင့်မရှိခြင်း။



Myanmar Law Information System (MLIS)

၃၁။ ဝန်ခံချက်များသည် ဝန်ခံသည့်ကိစ္စများအတွက် အပြီးသတ်သက်သေခံချက် မဟုတ်သော်လည်း နောက်တွင်ပါရှိမည့်ပြဋ္ဌာန်းချက်များအရ ကွဲပြားသည့် သက်သေခံချက်မတင်ပြနိုင်ရန်ကိုငြင်းဆိုခွင့် မရှိသည့် အချက်များဖြစ်လာနိုင်သည်။

**သက်သေများအဖြစ်ဆင့်ခေါ်၍ မရနိုင်သူတို့၏ ထွက်ဆိုချက်များအကြောင်း**

သေဆုံးသူ၊ ရှာ၍မတွေ့နိုင်သူအစရှိသောသူတစ်ဦးဦးက အမှု၌စပ်ဆိုင်သောအကြောင်းခြင်းရာကို ထွက်ဆိုချက်သည် မည်သည့်ကိစ္စများ၌ စပ်ဆိုင်ခြင်း။

၃၂။ သေဆုံးသူကဖြစ်စေ၊ ရှာ၍မတွေ့နိုင်သူကဖြစ်စေ၊ သက်သေခံချက်မပေးနိုင်သည့်အဖြစ်သို့ရောက်ရှိ သူကဖြစ်စေ၊ အမှု၏အခြေအနေကို ထောက်ချင့်၍ ထိုသူလာရောက်စေရန်အတွက်ကြန့်ကြာမည့်အချိန် သို့မဟုတ် ကုန်ကျမည့် စရိတ်သည်သင့်တော်ခြင်းမရှိဟု တရားရုံးက ထင်မြင်သည့်ကိစ္စ၌ ထိုသူက ဖြစ်စေ၊ အမှု၌စပ်ဆိုင်သောအကြောင်းခြင်းရာများကို စာဖြင့်ရေးသားချက် သို့မဟုတ် နှုတ်ဖြင့် ပြောဆို ချက်များရှိပါက အဆိုပါထွက်ဆိုချက်များသည်ပင်လျှင် အောက်ပါကိစ္စများတွင်အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်- သေဆုံးရခြင်းအကြောင်းရင်းနှင့်သက်ဆိုင်သည့်ကိစ္စ။

(၁) လူတစ်ဦးတစ်ယောက်မည်သည့်အကြောင်းကြောင့် သေဆုံးကြောင်းပြဿနာပေါ်ပေါက်သည့်ကိစ္စ များတွင် ထိုသူသေဆုံးရခြင်း၏အကြောင်းရင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုသူသေဆုံးရသည့်အဖြစ်အပျက် ဖြစ်ပွားစဉ်က အခြေအနေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထိုသူကိုယ်တိုင်ကထွက်ဆိုသည့်ကိစ္စ၊

ထိုသို့ ထွက်ဆိုခဲ့သူသည် ထွက်ဆိုစဉ်အခါက မိမိသေရမည်ဟုတွေးထင်ရန် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထို့ပြင် မည်သည့် အကြောင်းကြောင့် ထိုသူသေဆုံးရကြောင်း ပြဿနာပေါ်ပေါက်ရာမှုခင်းမှာလည်း မည်သည့်မှုခင်းမျိုးပင်ဖြစ်စေ၊ အဆိုပါထွက်ဆိုချက်များမှာ အမှု၌ စပ်ဆိုင်သည်။

**သို့မဟုတ် လုပ်ရိုးလုပ်စဉ်အရလုပ်ကိုင်သည့်ကိစ္စ။**

(၂) ထိုသူက သာမန်လုပ်ရိုးလုပ်စဉ်အရ လုပ်ကိုင်ရာတွင် ရေးသားခြင်းသို့မဟုတ် ပြောဆိုခြင်းပြုသည့် ကိစ္စ၊ ထို့ပြင် အထူးသဖြင့် သာမန်လုပ်ရိုးလုပ်စဉ်အရ လုပ်ကိုင်ရာတွင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ တာဝန် ထမ်းဆောင်ရာတွင်ဖြစ်စေ၊ ထားရှိသောစာအုပ်များ၌ ထိုသူ၏ရေးသွင်းချက်သို့မဟုတ် မှတ်တမ်းတင် ချက်၊ ငွေကြေးဖြစ်စေ၊ ကုန်စည်ဖြစ်စေ၊ အာမခံစာချုပ်စာတမ်း သို့မဟုတ် ပစ္စည်းတစ်မျိုးမျိုးဖြစ်စေ ရရှိကြောင်း ထိုသူရေးသားထားသော သို့မဟုတ် လက်မှတ်ရေးထိုးထားသော ကူးသန်းရောင်းဝယ်မှုပြုရာ၌ သုံးခဲ့သည့် စာရွက်စာတမ်း၊ ရက်စွဲတပ်၍ ရေးသားလေ့ရှိသည့် ထိုသူရေးသားသော သို့မဟုတ် လက်မှတ်ထိုးသောပေးစာ သို့မဟုတ် အခြားစာရွက်စာတမ်းပါရက်စွဲ။

သို့မဟုတ်ထွက်ဆိုချက်မှာ ထွက်ဆိုသူ၏အကျိုးနှင့် ဆန့်ကျင်သည့်ကိစ္စ။

(၃) ထွက်ဆိုချက်မှာ ထွက်ဆိုသူ၏ ငွေရေးကြေးရေးအကျိုးခံစားခွင့်နှင့်ဖြစ်စေ၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ဖြစ်စေ၊ ဆန့်ကျင်သည့်ကိစ္စ သို့မဟုတ် ထိုထွက်ဆိုချက်မှန်ကန်လျှင် ထိုသူအပေါ်ပြစ်မှုဆိုင်ရာ မှုခင်းဖြစ် စေ လျော်ကြေးရရန်တရားမမှုဖြစ်စေ စွဲဆိုနိုင်မည် သို့မဟုတ် စွဲဆိုပြီး ဖြစ်မည့်ကိစ္စ။



Myanmar Law Information System (MLIS)

သို့မဟုတ် အများပြည်သူတို့၏အခွင့်အရေး၊ ဓလေ့ထုံးတမ်းတို့နှင့်စပ်လျဉ်း၍ ဖြစ်စေ အများအကျိုး နှင့်သက်ဆိုင်သည့် အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ ထင်မြင်ချက်ပေးသည့်ကိစ္စ။

(၄) အများပြည်သူတို့၏အခွင့်အရေး သို့မဟုတ် ဓလေ့ထုံးတမ်းသော်လည်းကောင်း၊ အများပြည်သူတို့ ၏ အကျိုးနှင့်သက်ဆိုင်သော အကြောင်းကိစ္စသော်လည်းကောင်းအမှန်တကယ်ရှိ မရှိနှင့်စပ်လျဉ်း၍ ထိုသူက မိမိ၏ထင်မြင်ချက်ကိုထွက်ဆိုရေးသားသည့်ကိစ္စ ယင်းတို့ရှိကြောင်းကို အမှန်ရှိလျှင် ထိုသူသည် သိရှိပြီး ဖြစ်ရမည့်အပြင်ထိုထွက်ဆိုချက်သည်လည်း အဆိုပါ အခွင့်အရေး၊ ဓလေ့ထုံးတမ်း၊ အကြောင်း ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အငြင်းမပွားမီက ထွက်ဆိုချက်ဖြစ်ရမည်။

သို့မဟုတ် ဆွေမျိုးတော်စပ်ခြင်းရှိ မရှိနှင့်သက်ဆိုင်သည့်ကိစ္စ။

(၅) ထွက်ဆိုချက်မှာ လူတစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်ခြင်း သို့မဟုတ် ထိမ်းမြားခြင်းသို့မဟုတ် မွေးစားခြင်းဖြင့် ဆွေမျိုးတော်စပ်ခြင်းရှိ မရှိဟူသည့် အချက်နှင့် သက်ဆိုင်သည့်ကိစ္စ၊ ထိုသို့ သွေးသား တော်စပ်ခြင်း၊ ထိမ်းမြားခြင်း၊ မွေးစားခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်သည့်အကြောင်းကို အဆိုပါထွက်ဆိုသူသည် အထူးသဖြင့် သိနိုင်သော အခွင့်အလမ်းရှိ ပြီး ယင်းထွက်ဆိုချက်သည်လည်း အငြင်းပွားသည့်ပြဿနာမပေါ်ပေါက်မီကထွက်ဆိုချက်ဖြစ်ရမည်။

သို့မဟုတ် မိသားစု အရေးကိစ္စများနှင့် သက်ဆိုင်သောသေတမ်းစာ သို့မဟုတ် စာချုပ်စာတမ်းတွင် ဖော်ပြသည့်ကိစ္စ။

(၆) ထိုဖော်ပြချက်မှာ ကွယ်လွန်သူတစ်ဦးနှင့်တစ်ဦး သွေးသားတော်စပ်၍ဖြစ်စေ၊ ထိမ်းမြား၍ဖြစ်စေ၊ မွေးစား၍ဖြစ်စေ၊ ဆွေမျိုးတော်စပ်ခြင်း ရှိ မရှိဟူသောအချက်နှင့်သက်ဆိုင်သည့်ကိစ္စ၊ ထိုဖော်ပြချက်ကို ကွယ်လွန်သူ တစ်ဦးဦးပါဝင်သောမိသားစု၏အရေးကိစ္စများနှင့်သက်ဆိုင်သောသေတမ်းစာ သို့မဟုတ် စာချုပ်စာတမ်းတစ်ခုခုတွင်လည်းကောင်း၊ မိသားစုဆွေစဉ်မျိုးဆက် စာရင်းတစ်ခုခုတွင်သော်လည်း ကောင်း၊ အဆိုပါဖော်ပြချက်များပြုလုပ်လေ့ပြုလုပ်ထရှိရာ သင်္ချိုင်းကမ္ပည်းကျောက်ပြားသို့မဟုတ် မိသားစုရုပ်ပုံ၊ သို့မ ဟုတ် အခြားအရာဝတ္ထုတစ်ခုခုပေါ်တွင် သော်လည်းကောင်း ပြုလုပ်ထားခြင်းဖြစ်ပြီး ဖော်ပြချက်သည် လည်း အငြင်းပွားသည့် ပြဿနာမပေါ်ပေါက်မီက ပြုလုပ်ချက် ဖြစ်ရမည်။

သို့မဟုတ် ပုဒ်မ ၁၃၊ အပိုဒ်(က) တွင်ဖော်ပြထားသောအမှုကိစ္စနှင့်သက်ဆိုင်သည့်စာတမ်းအမှတ် အသား တွင်ပါရှိသည့်ကိစ္စ။

(၇) ထိုရေးသားဖော်ပြချက်သည် ပုဒ်မ ၁၃၊ အပိုဒ် (က) တွင်ဖော်ပြထားသည့် အမှုကိစ္စတစ်ခုခုနှင့် သက် ဆိုင်သော စာချုပ်စာတမ်း သို့မဟုတ် သေတမ်းစာ သို့မဟုတ် အခြားစာတမ်းအမှတ်အသားတစ်ခုခုတွင် ပါလိုဆောင်ရွက်မှုရှိနေသည့်ကိစ္စ။

သို့မဟုတ် အချင်းဖြစ်ကိစ္စနှင့်စပ်ဆိုင်သောခံစားချက်ကိုဖော်ပြလျက်၊ လူအများကထွက်ဆိုခြင်းပြု သည့်ကိစ္စ။

(၈) ထိုထွက်ဆိုချက်ကို လူအများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းထွက်ဆိုချက်သည် အချင်းဖြစ်ကိစ္စနှင့် စပ်ဆိုင်သော ထိုသူ၏ခံစားချက် သို့မဟုတ်ထင်မြင်ချက်ကိုဖော်ပြခြင်းဖြစ်သည့်ကိစ္စ။

**ဥပမာများ**



Myanmar Law Information System (MLIS)

(က) ပြဿနာမှာ B က A ကိုသတ်မသတ်ဖြစ်သည် သို့မဟုတ်

A သည် မုဒိမ်းပြုကျင့်ခြင်းခံရစဉ်က ရရှိသော ဒဏ်ရာများကြောင့်သေဆုံးရာ၊ ပြဿနာမှာ A ကို B က မုဒိမ်းကျင့်ခြင်းဟုတ် မဟုတ်ဖြစ်သည် သို့မဟုတ်

ပြဿနာမှာ A ကို B ကသတ်ရာတွင် A ၏မယားမှဆိုးမ၌ B အပေါ်တရားမမှု စွဲဆိုခွင့်ရှိစေမည့်အခြေ အနေများအရ A ကို B က သတ်မသတ်ဖြစ်သည်။

စဉ်းစားဆဲဖြစ်သည့် လူသတ်မှု၊ မုဒိမ်းမှု၊ တရားစွဲဆိုခွင့်ရှိသော နစ်နာမှုအသီးသီးနှင့် စပ်လျဉ်း၍ A သို့မ ဟုတ် သူက ယင်းသေဆုံးရခြင်း၏အကြောင်းရင်းနှင့်ပတ်သက်၍ ပြောဆိုချက်များသည်စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

(ခ) ပြဿနာမှာ A ၏ မွေးရက်သည် မည်သည့်နေ့ရက်ဖြစ်သည်။

ကွယ်လွန်သူ ဆရာဝန်တစ်ဦးက လုပ်ရိုးလုပ်စဉ်အရ အမြဲထားရှိသော နေ့စဉ်မှတ်တမ်းစာအုပ်တွင်မည် သည့်နေ့ရက်က မိမိသည် A ၏မိခင်အား သားယောကျ်ားတစ်ယောက် မွေးဖွားပေးရကြောင်း ရေးသားထားချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဂ) ပြဿနာမှာ A သည် ဖော်ပြပါနေ့ရက်တစ်ရက်တွင် ရန်ကုန်မြို့၌ ရှိ မရှိဖြစ်သည်။

ကွယ်လွန်သူ တရားရုံးချုပ်ရုံးရှေ့နေတစ်ဦးက လုပ်ရိုးလုပ်စဉ်အရ အမြဲထားရှိသော နေ့စဉ်မှတ်တမ်း စာအုပ်တွင်အဆိုပါ နေ့ရက်၌သတ်မှတ်ဖော်ပြသည့်အလုပ်ကိစ္စနှင့် စပ်လျဉ်း၍ A နှင့် တိုင်ပင်ဆွေးနွေးရန် အလို့ငှာ ရန်ကုန်မြို့ရှိ ဖော်ပြထားသည့်နေရာတွင် ထိုရှေ့နေက A နှင့် တွေ့ဆုံကြောင်းရေးသားထားချက် သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဃ) ပြဿနာမှာ သင်္ဘောတစ်စင်းသည် ဖော်ပြပါ နေ့ရက်တစ်ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှထွက်ခွာခြင်း ရှိ မရှိဖြစ်သည်။

သင်္ဘောကို ငှားရမ်းသည့် ကုန်သည်လုပ်ငန်းမှ ကွယ်လွန်သူလုပ်ငန်းအဖွဲ့ဝင်တစ်ဦးက လန်ဒန်မြို့ရှိ ကုန် စည်ပို့အပ်ခြင်းခံရမည့်သူများထံသို့ အဆိုပါ သင်္ဘောသည် ပြဆိုသည့် နေ့ရက်တွင်ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း ရေးသားလိုက်သည့် စာသည်စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(င) ပြဿနာမှာ မြေကွက်တစ်ကွက်အတွက်ငှားရမ်းခကို A သို့ပေးပြီးခြင်းရှိ မရှိဖြစ်သည်။

A ၏ကွယ်လွန်သည့်ကိုယ်စားဆောင်ရွက်သူထံမှ မိမိသည်အဆိုပါငှားရမ်းခကို A အတွက်ရရှိပြီးဖြစ် ကြောင်းနှင့် ငှားရမ်းခကို A ၏အမိန့်အရ မိမိလက်ဝယ်ထားရှိကြောင်းဖြင့် A ထံသို့ရေးသောစာသည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(စ) ပြဿနာမှာ A နှင့် B တို့သည် တရားဝင်ထိမ်းမြားခဲ့ခြင်း ရှိမရှိဖြစ်သည်။

ကွယ်လွန်သူ ခရစ်ယာန်ဘုန်းကြီးက A နှင့် B တို့ကို မိမိထိမ်းမြားပေးခဲ့ရာ၌ ထိမ်းမြားမင်္ဂလာအခမ်း အနားကျင်းပလျှင် ပြစ်မှုမြောက်မည့် အခြေအနေရှိလျက်နှင့် ထိမ်းမြားပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုချက်သည်စပ်ဆိုင်သည်။

(ဆ) ပြဿနာရှာ၍ မတွေ့နိုင်သူ A ကစာတစ်စောင်ကိုသတ်မှတ်ထားသော နေ့ရက်တစ်ရက်၌ ရေးမရေးဖြစ်သည်။

A ရေးသောစာတစ်စောင်တွင်ထိုနေ့ရက်ဖြင့် နေ့စွဲတပ်ထားသည်ဆိုသောအချက်သည်စပ်ဆိုင်သည်။

Myanmar Law Information System (MLIS)

(ဇ) ပြဿနာမှာ သင်္ဘောတစ်စင်းသည် မည်သည့်အကြောင်းကြောင့် ပျက်စီးရကြောင်းဖြစ်သည်။

ဆင့်ခေါ်၍မရနိုင်သော သင်္ဘောမှူးက ယင်း၌တာဝန်မရှိကြောင်း ကန့်ကွက်ထားချက်မှာ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(ဈ) ပြဿနာမှာ ဖော်ပြပါ လမ်းတစ်လမ်းသည် အများပြည်သူဆိုင်ရာလမ်း ဟုတ်မဟုတ် ဖြစ်သည်။

ကွယ်လွန်သူရွာသူကြီး A ကအဆိုပါလမ်းသည် အများပြည်သူတို့သွားလာရာလမ်းဖြစ်သည်ဟု ပြောဆို ချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ည) ပြဿနာမှာ သတ်မှတ်ထားသောနေ့ရက်တစ်ရက်တွင်တစ်စုံတစ်ခုသော ဈေးကွက်၌ သီးနှံဈေး မည်မျှပေါက်ကြောင်းဖြစ်သည်။

ကွယ်လွန်သူကုန်သည်တစ်ဦးက မိမိ၏သာမန်လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်ကိုင်ရာတွင် သီးနှံဈေးမည်ရွေ့ မည်မျှဖြစ်ကြောင်းထွက်ဆိုချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဋ) ပြဿနာမှာ ကွယ်လွန်သူ A သည် B ၏ဖခင်ဟုတ်မဟုတ်ဖြစ်သည်။

A က B သည် မိမိ၏သားဖြစ်ကြောင်း ထွက်ဆိုချက်သည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

(ဌ) ပြဿနာမှာ A သည်မည်သည့် နေ့ရက်တွင်မွေးဖွားကြောင်းဖြစ်သည်။

A ၏ဖခင်ကွယ်လွန်သူကယင်း၏မိတ်ဆွေတစ်ဦးထံသို့ A သည်ဤမည်သောနေ့ရက်တွင် မွေးဖွား ကြောင်းရေးသားသည့်စာသည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဍ) ပြဿနာမှာ A နှင့် B တို့သည်ထိမ်းမြားခြင်း ပြုမပြုနှင့် ထိမ်းမြားခြင်းပြုလျှင်လည်းမည်သည့် အခါကပြုကြောင်းဖြစ်သည်။

B ၏ ဖခင်ကွယ်လွန်သူ C က မိမိ၏သမီးနှင့် A တို့သည် ဖော်ပြပါနေ့ရက်တွင်ထိမ်းမြားကြောင်းဖြင့် မှတ်တမ်းစာအုပ်တွင်ရေးသားထားချက်မှာ စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(ဎ) ဈေးဆိုင်ပြတင်းပေါက်တွင် လူအများမြင်သာအောင် ပြသထားသော ရယ်ဖွယ်ဖြစ်အောင် ရေးဆွဲထား သည့်ရုပ်ပုံကားချပ်တွင် ပါရှိသည့်အသရေပျက်စေသောစာအမှတ်အသားကြောင့် A က B ကိုတရားစွဲဆို သည်။ ပြဿနာမှာရုပ်ပုံသဏ္ဌာန်တူမတူနှင့် အသရေပျက်စေသည့် သဘောလက္ခဏာ ရှိမရှိဖြစ်သည်။

ဤအချက်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းကြည့်ရှုကြသူတို့၏ မှတ်ချက်များကို သက်သေ ထင်ရှားတင်ပြနိုင် သည်။

အမှုတစ်မှုမှသက်သေခံချက်၌ဖော်ပြထားသည့်အကြောင်းခြင်းရာများ သက်သေထင်ရှားအဖြစ် နောက်တစ်မှုတွင် သက်သေခံတင်ပြရန်အတွက်အဆိုပါသက်သေခံချက်သည်အမှု၌စပ်ဆိုင်ခြင်း။

၃၃။ တရားစီရင်ရေးမှုခင်း တစ်ခုတွင်ဖြစ်စေ၊ တရားဥပဒေအရသက်သေခံချက်ရေးမှတ်ယူခွင့်ရှိသူတစ် ဦးတစ်ယောက်ထံတွင်ဖြစ်စေ၊ သက်သေခံတစ်ဦးကထွက်ဆိုသော သက်သေခံချက်သည် ထိုသက်သေခံ ချက်တွင်ပါရှိသည့်အကြောင်းအရာများသက်သေထင်ရှားအဖြစ်ထိုအမှု၏နောက်ပိုင်း အဆင့်တွင်သော် လည်းကောင်း၊ နောက်ထပ်စွဲဆိုသော တရားစီရင်ရေးမှုခင်းတစ်ခုတွင်သော်လည်းကောင်း၊ သက်သေခံ တင်ပြရာတွင် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်ဟု ဆိုရမည်။ ထိုသို့သက်သေခံ တင်ပြခြင်းသည် ထိုသက်သေသေဆုံးခြင်း သို့မဟုတ်



Myanmar Law Information System (MLIS)

ထိုသက်သေကိုရှာ၍ မတွေ့နိုင်ခြင်း သို့မဟုတ် ထိုသက်သေက သက်သေခံချက်မပေးနိုင်သည့်အဖြစ်သို့ ရောက်ရှိခြင်း သို့မဟုတ် ဆန့်ကျင်ဘက် အမှုသည်က ထိုသက်သေကို မလာရောက်စေရန် တစ်နည်းနည်းပြုလုပ်ထားခြင်း သို့မဟုတ် အမှု၏ အခြေအနေကို ထောက်ချင့်၍ ထိုသက်သေလာရောက်စေရန်အတွက် ကြန့်ကြာမည့်အချိန် သို့မဟုတ် ကုန်ကျမည့်စရိတ် မှာသင့်တော်ခြင်း မရှိဟုတရားရုံးက ယူဆခြင်းကြောင့် သက်သေခံတင်ပြခြင်း ဖြစ်ရမည်။

သို့ရာတွင် ပထမမှုခင်းမှ အမှုသည်များသည် ဒုတိယမှုခင်းမှ အမှုသည်များ သို့မဟုတ် ယင်းတို့၏အကျိုး ဆက်ခံသည့် ကိုယ်စားလှယ်များနှင့်တူညီခြင်း၊ ပထမမှုခင်းတွင် ဆန့်ကျင်ဘက် အမှုသည်ကပြန်လှန်စစ်မေးရန် အခွင့်အရေးရရှိခဲ့ခြင်း၊ ပထမမှုခင်းနှင့် ဒုတိယမှုခင်းတွင်ပေါ်ပေါက်သော အရေးပါသည့်အငြင်း ဖြစ်ပြဿနာများမှာ တစ်မှုနှင့်တစ်မှု တူညီခြင်းရှိရမည်။

**ရှင်းလင်းချက်** ။ ။ ပြစ်မှုဆိုင်ရာ အမှုစစ်ဆေးစီရင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ တရားစွဲဆိုသူနှင့် တရားခံတို့အကြားဖြစ်ပွားသော မှုခင်းဖြစ်သည်ဟုမှတ်ယူရမည်။

**ထူးခြားသော အခြေအနေတွင် ထွက်ဆိုရေးသားချက်များ**

စာရင်းစာအုပ်များပါရေးသွင်းချက်များသည်မည်သည့်အခါစပ်ဆိုင်ခြင်း။

၃၄။ လုပ်ရိုးလုပ်စဉ်အရ နည်းလမ်းတကျထားရှိသည့် ငွေစာရင်းစာအုပ်များပါ ရေးသွင်းချက်များသည် တရားရုံးက စုံစမ်းစစ်ဆေးရသည့် အကြောင်းအရာနှင့်သက်ဆိုင်သည့်အခါစပ်ဆိုင်သည်။ သို့ရာတွင် ထိုသို့ ရေးသားချက်များ သက်သက်မျှဖြင့် တစ်ဦးတစ်ယောက်သော သူအပေါ်တွင်တာဝန်ရှိစေရန် လုံ လောက်သောသက်သေခံချက်မဖြစ်စေရ။

**ဥပမာ**

A က B ထံမှငွေ ကျပ် ၁၀၀၀ ရလိုကြောင်းဖြင့် B အားတရားစွဲဆိုရာ၌ B အပေါ်တွင် A ၏ကြွေးမြီငွေကျပ် တစ်ထောင်တင်ရှိကြောင်း ဖော်ပြသည့်မိမိ၏စာရင်းစာအုပ်များပါ ရေးသွင်းချက်များ ကိုတင်ပြသည်။ ထိုရေးသွင်းချက်များသည် စပ်ဆိုင်သော်လည်း အခြားသက်သေခံချက်မရှိလျှင် ထိုရေးသွင်းချက်တို့မှာ အဆိုပါ ကြွေးမြီတင်ရှိခြင်းအတွက်လုံလောက်သောသက်သေခံချက်မဟုတ်ချေ။

တာဝန်ဝတ္တရားကိုဆောင်ရွက်သောအားဖြင့် အများပြည်သူဆိုင်ရာမှတ်တမ်းတွင် ရေးသွင်းချက် သည် စပ်ဆိုင်ခြင်း။

၃၅။ အများပြည်သူတို့နှင့်သက်ဆိုင်သော သို့မဟုတ် ရုံးလုပ်ငန်းသုံးဖြစ်သော စာအုပ်၊ မှတ်ပုံတင်စာအုပ် သို့မဟုတ် မှတ်တမ်းတစ်ခုခုပါ ရေးသွင်းချက်တစ်ခုသည် အငြင်းဖြစ်သည့်အကြောင်းခြင်းရာကိုဖြစ်စေ၊ သက်ဆိုင်သော အကြောင်းခြင်းရာကိုဖြစ်စေ ဖော်ပြသည်ဖြစ်၍ ထိုရေးသွင်းချက်ကိုလည်း တာဝန် ဝတ္တရားအရ ဆောင်ရွက်ရာတွင် ရေးသွင်းခြင်းပြုသည့် ပြည်သူ့ဝန်ထမ်းကရေးသားခြင်းဖြစ်လျှင် သို့မဟုတ် အဆိုပါ စာအုပ်၊ မှတ်ပုံတင်စာအုပ် သို့မဟုတ်မှတ်တမ်းထားရှိရာတိုင်းပြည်၏တရားဥပဒေ ဖြင့် အထူးဖော်ပြသတ်မှတ်ချက်အရ တာဝန်ဝတ္တရားကို ဆောင်ရွက်ရာတွင် ရေးသွင်းခြင်းပြုသည့်အခြား သူတစ်ဦးဦးက ရေးသွင်းခြင်းဖြစ်လျှင် ထိုရေးသွင်းချက်သည်ပင်လျှင် အမှု၌စပ်ဆိုင်သောအကြောင်း ခြင်းရာတစ်ခုဖြစ်သည်။

မြေပုံ၊ နယ်ပုံအသေးစိတ်မြေပုံများတွင် ပါရှိသည့်ရေးမှတ်ချက်များသည်အမှု၌စပ်ဆိုင်ခြင်း။

၃၆။ အများပြည်သူသို့ရောင်းချရန် ထုတ်ဝေသောမြေပုံများ သို့မဟုတ် နယ်ပုံများတွင် ဖြစ်စေ၊ အစိုးရ၏ အခွင့်အမိန့်အရ ထုတ်လုပ်သောမြေပုံများ သို့မဟုတ် အသေးစိတ် မြေပုံများတွင်ဖြစ်စေ ဖော်ပြလေ့ရှိ သော အကြောင်းအရာများ၌ အငြင်းဖြစ်သည့် အကြောင်းခြင်းရာများ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာများကိုဖော်ပြထားလျှင်အဆိုပါ ဖော်ပြချက်များသည်ပင်လျှင် စပ်ဆိုင်သော အကြောင်း ခြင်းရာများဖြစ်သည်။

အများပြည်သူတို့နှင့်သက်ဆိုင်သည့်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍အချို့သောဥပဒေများ သို့မဟုတ် အမိန့်ကြော်ငြာစာများတွင်ပါရှိသောရေးသားချက်သည်အမှု၌စပ်ဆိုင်ခြင်း။

၃၇။ အများပြည်သူတို့နှင့် သက်ဆိုင်သော အကြောင်းခြင်းရာ တစ်ခုခုသည် အမှန်ရှိမရှိနှင့်စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်အပါအဝင် ယူနိုက်တက်ကင်း ဒမ်းနိုင်ငံ ပါလီမန်မှထုတ်ဆင့်သော အက်ဥပဒေများ သို့မဟုတ် ထိုအချက်ကိုပြည်ထောင်စုမြန်မာနိုင်ငံ တော် သို့မဟုတ် အိန္ဒိယ သို့မဟုတ် ပါကစ္စတန်တွင် တစ်ချိန်ချိန်၌ တည်ဆဲဖြစ်သည့် ဥပဒေတစ်ရပ်ရပ် တွင်ဖြစ်စေ၊ ပြန်တမ်းတွင်ပါရှိသည့် အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၏ အမိန့်ကြော်ငြာစာတွင်ဖြစ်စေ၊ လန်ဒန်ပြန်တမ်းပါပုံနှိပ်စာရွက်တွင်ဖြစ်စေ၊ ဗြိတိန်ဘုရင်ပိုင် ကိုလိုနီနယ်မြေ၏အစိုးရကဖြစ်စေ၊ ရေးသားဖော်ပြထားလျှင် ထိုရေးသားဖော်ပြချက်သည် အမှု၌စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ် သည်။

ဥပဒေစာအုပ်များတွင်ပါရှိသည့် ဥပဒေတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့်ရေးသားဖော်ပြချက်များသည် စပ်ဆိုင်ခြင်း။

၃၈။ တိုင်းပြည်တစ်ပြည်၏ ဥပဒေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ အဆိုပါတိုင်းပြည် အစိုးရ၏အမိန့်အရ၊ ထိုဥပဒေမျိုးကိုထည့်သွင်း၍ ပုံနှိပ်သည့် သို့မဟုတ် ထုတ်ဝေသည့် သဘောသက်ရောက်သော စာအုပ်တွင်ပါရှိသည့်အဆိုပါ ဥပဒေနှင့်စပ်လျဉ်းသော ရေးသားဖော်ပြချက် တစ်ရပ်ရပ်သည်လည်းကောင်း၊ အဆိုပါတိုင်းပြည်ရှိ တရားရုံးများ၏စီရင်ထုံးစာအုပ်အဖြစ် သဘော သက်ရောက်သောစာအုပ်တွင် ပါရှိသည့်စီရင်ထုံးတစ်ခုခုသည်လည်းကောင်းစပ်ဆိုင်သည်။

## ရေးသားဖော်ပြချက်တစ်ခုတွင် မည်မျှကိုသာသက်သေထင်ရှားတင်ပြနိုင်ခြင်း

ရေးသားဖော်ပြချက်သည် တစ်ဦးနှင့်တစ်ဦးပြောကြားသည့် စကားတွင်ဖြစ်စေ၊ စာတမ်းအမှတ် အသားတွင်ဖြစ်စေ၊ စာအုပ်တွင်ဖြစ်စေ၊ ပေးစာများတွင်ဖြစ်စေ၊ စာရွက်စာတမ်းများတွင်ဖြစ်စေတစ် စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသည့်အခါ မည်သို့သောသက်သေခံချက်ကို တင်ပြနိုင်ခြင်း။

၃၉။ ရေးသားဖော်ပြချက်တစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံတင်ပြရာ၌ ထိုရေးသားဖော်ပြချက်သည် ပိုမို ရှည်လျားသော ရေးသားဖော်ပြချက် တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦးပြောကြားသည့် စကားများအနက်မှ တစ်စိတ်တစ်ပိုင်း သို့မဟုတ် တသီးတခြားရှိနေသည့် စာတမ်းအမှတ်အသားတစ်ခု ၏တစ်စိတ်တစ်ပိုင်းဖြစ်သည့်အခါ သို့မဟုတ် စာအုပ်တစ်အုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စာတမ်းတွင် ပါရှိသည့်အခါ သို့မဟုတ် တစ်ဆက်တည်းဖြစ်သော ပေးစာများ သို့မဟုတ် တဆက်တည်းဖြစ်သော စာရွက်စာတမ်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စာတမ်းတွင်ပါရှိသည့်အခါ တရားရုံးကလိုအပ်သည်ဟု ယူဆသမျှကို သက်သေခံတင်ပြရမည်။ အဆိုပါ ရေးသားဖော်ပြချက်၊ ပြောစကား၊ စာတမ်းအမှတ်အသား ၊ စာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများတွင် သက်သေခံ



Myanmar Law Information System (MLIS)

တင်ပြရန် ဖြစ်သော ရေးသားဖော်ပြချက်၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုကိုလည်းကောင်း၊ ထိုသို့ရေးသားပြောဆိုစဉ်က ရှိနေသော အခြေအနေကိုလည်းကောင်း၊ အပြည့်အစုံ နားလည်သဘော ပေါက်စေခြင်းငှာ သက်ဆိုင်ရာအမှု၌ တရားရုံးက လိုအပ်သည်ဟုယူဆသမျှကိုသာ သက်သေခံ တင်ပြရ မည်ဖြစ်သည်။

**တရားရုံး၏ စီရင်ချက်များသည် မည်သည့်အခါ စပ်ဆိုင်ရခြင်း**

ယခင်စီရင်ချက်များသည် ဒုတိယအကြိမ်တရားမမှု သို့မဟုတ် ပြစ်မှုကိုတားမြစ်ပိတ်ပင်ရန်အတွက် စပ်ဆိုင်ခြင်း။

၄၀။ တရားရုံးတစ်ခုခုက တရားမမှုတစ်မှုကို လက်ခံအရေးယူရန် သို့မဟုတ်ပြစ်မှုကို စစ်ဆေးစီရင်ရန် သင့်သည်မသင့်သည်နှင့် စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်သည့်အခါ အဆိုပါတရားမမှုကို လက်ခံအရေး ယူခြင်းမပြုရန် သို့မဟုတ် အဆိုပါပြစ်မှုကို စစ်ဆေးစီရင်ခြင်းမပြုရန် ထိုတရားရုံးအားတရားဥပဒေအရ တားမြစ်သည့်စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီရှိနေခြင်းသည် အမှု၌ စပ်ဆိုင်သောအကြောင်းခြင်း ရာဖြစ်သည်။

သေတမ်းစာအတည်ပြုလက်မှတ်စသည်များနှင့်စပ်လျဉ်း၍စီရင်ပိုင်ခွင့်ရှိသော တရားရုံးကချမှတ် သောစီရင်ချက်များစပ်ဆိုင်ခြင်း။

၄၁။ သေတမ်းစာအတည်ပြုရန်အမှု၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအမှု၊ ရေကြောင်းဆိုင်ရာအမှု၊ လူမွဲ အဖြစ်ခံယူသည့်အမှုများကို စီရင်ပိုင်ခွင့်ရှိသော တရားရုံးက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ကိုကျင့်သုံးလျက် ချမှတ်သော အပြီးသတ်စီရင်ချက်အမိန့် သို့မဟုတ်ဒီကရီသည် တစ်ဦးတစ်ယောက်သောသူအား ဥပဒေ ဆိုင်ရာ အနေအထားတစ်ရပ်ရပ်ကို အပ်နှင်းသော သို့မဟုတ် တစ်ဦးတစ်ယောက်သောသူထံမှ ဥပဒေ ဆိုင်ရာအနေအထားတစ်ရပ်ရပ်ကို ရုပ်သိမ်းသော သို့မဟုတ် တစ်ဦးတစ်ယောက်သောသူမှာ မည် သို့သော ဥပဒေဆိုင်ရာ အနေအထားကိုရပိုင်ခွင့်ရှိကြောင်း သို့မဟုတ် တစ်ဦးတစ်ယောက်သောသူမှာ သီးခြားသတ်မှတ်ထားသည့် အရာဝတ္ထုတစ်ခုခုကိုရပိုင်ခွင့်ရှိကြောင်းအများသိရှိစေရန် ကြေညာပြဋ္ဌာန်း သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီဖြစ်ပါက ထိုသူ၌ အဆိုပါဥပဒေဆိုင်ရာ အနေအထားရှိခြင်းမှာ သို့မဟုတ် ထိုသူက အဆိုပါအရာဝတ္ထုကို ပိုင်ဆိုင်ခွင့်ရှိခြင်းတို့စပ်ဆိုင်သည့်အခါ အဆိုပါ အပြီးသတ်စီ ရင်ချက် အမိန့် သို့မဟုတ် ဒီကရီသည် အမှု၌စပ်ဆိုင်သည်။

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီသည် အောက်ပါကိစ္စများ၌အပြီးသတ် သက်သေခံချက်ဖြစ် သည်-

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီအတည်ဖြစ်သည့်အချိန်တွင်ယင်းသို့အပ်နှင်းသော ဥပဒေဆိုင် ရာအနေအထားပေါ်ပေါက်သည်ဆိုသည့် ကိစ္စ၊

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီ၌ ဥပဒေဆိုင်ရာအနေအထားတစ်စုံတစ်ရာကို ထိုသူရပိုင်ခွင့် ရှိကြောင်း ကြေငြာပြဋ္ဌာန်းသည့်အချိန်တွင် ထိုသူအတွက်ယင်းသို့ ကြော်ငြာပြဋ္ဌာန်းသည့်ဥပဒေဆိုင်ရာ အနေအထားပေါ်ပေါက်သည်ဆိုသည့်ကိစ္စ၊

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီ၌ ထိုသူထံမှ ရုပ်သိမ်းသော ဥပဒေဆိုင်ရာအနေအထား တစ်စုံ တစ်ရာရုပ်စဲပြီးဖြစ်ကြောင်း သို့မဟုတ် ရုပ်စဲရမည်ဖြစ်ကြောင်း ကြေညာပြဋ္ဌာန်းသည့်အချိန်မှစ၍ ယင်း ဥပဒေဆိုင်ရာ အနေအထားသည် ထိုသူထံ၌ ရုပ်စဲသွားသည်ဆိုသည့်ကိစ္စ၊

Myanmar Law Information System (MLIS)

အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီ၌ ထိုသူပိုင်ဆိုင်ခွင့်ရှိကြောင်း ကြေညာထားသောအရာဝတ္ထု တစ်စုံတစ်ရာကို ထိုသူပိုင်ဆိုင်ပြီးဖြစ်ကြောင်း သို့မဟုတ် ပိုင်ဆိုင်ရမည်ဖြစ်ကြောင်း ကြေညာပြဋ္ဌာန်း သည့်အချိန်မှစ၍ အဆိုပါ အရာဝတ္ထုကို ထိုသူပိုင်ဆိုင်သည်ဆိုသည့်ကိစ္စ။

ပုဒ်မ ၄၁ တွင်ဖော်ပြထားသည့်စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများမှတစ်ပါးအခြားစီရင်ချက် အမိန့်၊ သို့မဟုတ် ဒီကရီများ၏စပ်ဆိုင်ခြင်းနှင့် အကျိုးသက်ရောက်ခြင်း။

၄၂။ ပုဒ်မ ၄၁ တွင်ဖော်ပြထားသော စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများပင် မဟုတ်သော်လည်း အခြား စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် စုံစမ်းစစ်ဆေးနေသည့် ကိစ္စနှင့်စပ်ဆိုင်သော အများ ပြည်သူဆိုင်ရာအရေးအခင်းများနှင့်ဆက်စပ်နေလျှင် ထိုစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် စပ်ဆိုင်သည်။ သို့သော်လည်း အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီများသည် ယင်းတို့တွင် ဖော်ပြ ထားချက်များအတွက် အပြီးသတ်သက်သေခံချက် မဟုတ်ချေ။

**ဥပမာ**

A က B ကို မိမိမြေပေါ်တွင်ကျူးကျော်မှုဖြင့်တရားစွဲဆိုသည်။ B ကထိုမြေပေါ်တွင် အများပြည်သူတို့ သွားလာခွင့်ရှိကြောင်းထုချေသည်။ ထိုထုချေချက်မမှန်ကြောင်း A ကငြင်းဆိုသည်။

A က C အားအဆိုပါ မြေပေါ်၌ပင် ကျူးကျော်မှုဖြင့်တရားစွဲဆိုရာတွင် C က ထိုမြေပေါ်တွင်အများပြည် သူတို့ သွားလာခွင့်ရှိသည်ဟူသောအချက်ကိုပင် တင်ပြသဖြင့် တရားပြိုင်အား အနိုင်ပေးလိုက်သောဒီက ရီတည်ရှိခြင်းသည်စပ်ဆိုင်သည်။ သို့သော်လည်း ထိုဒီကရီသည် အချင်းဖြစ်မြေပေါ်တွင် ထိုသို့သွားလာ ခွင့်ရှိကြောင်းမှာ အပြီးသတ်သက်သေခံချက်မဟုတ်ချေ။

ပုဒ်မ ၄၀ မှ ၄၂ တွင်ဖော်ပြထားသော စီရင်ချက်များမဟုတ်သော အခြားစီရင်ချက်စသည်များမှာ မည်သည့်အခါစပ်ဆိုင်ခြင်း။

၄၃။ ပုဒ်မ ၄၀၊ ၄၁ နှင့် ၄၂ တို့တွင် ဖော်ပြထားသော စီရင်ချက်အမိန့်၊ သို့မဟုတ် ဒီကရီများမဟုတ်ပါက အခြားစီရင်ချက်၊ အမိန့်၊ သို့မဟုတ် ဒီကရီများသည် အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီရှိနေသည် ဆိုခြင်းသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာဖြစ်နေသည့်ကိစ္စ သို့မဟုတ် အဆိုပါစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီရှိနေသည်ဆိုခြင်းသည် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အမှု၌ စပ်ဆိုင် နေသည့် ကိစ္စများမှတစ်ပါး အမှု၌မစပ်ဆိုင်ချေ။

**ဥပမာများ**

(က) A နှင့် B တို့က မိမိတို့အသီးသီးအပေါ်တွင် အသရေပျက်စေသည်ဟု C ကိုအသရေပျက်မှုဖြင့် တစ်မှုစီ ခွဲခြား၍တရားစွဲဆိုသည်။ အမှုနှစ်မျိုးလုံးတွင် အသရေပျက်စေသည်ဆိုသော အကြောင်းအရာမှာ အမှန်ဖြစ်ကြောင်း C ကထွက်ဆိုသည်။

အကြောင်းခြင်းရာများကို ထောက်ချင့်၍ အသရေပျက်စေသည်ဆိုသော အကြောင်းအရာမှန်လျှင်လည်း နှစ်မှုလုံးတွင် မှန်၍ မမှန်လျှင်လည်း နှစ်မှုလုံးတွင် မမှန်နိုင်ကြောင်း ယုတ္တိရှိသည်။

C ကမိမိမှန်ကြောင်း မပြနိုင်သဖြင့် A က C အပေါ်တွင် လျော်ကြေးငွေ ဒီကရီရရှိသည်။ ဤအကြောင်းခြင်းရာသည် B နှင့် C တို့အမှု၌ စပ်ဆိုင်ခြင်းမရှိချေ။

(ခ) A ၏ဇနီး C ကိုခိုးယူပေါင်းသင်းမှုဖြင့် A က B ကိုတရားစွဲဆိုသည်။

B က C သည် A ၏ ဇနီးမဟုတ်ကြောင်းငြင်းဆိုသည်။ သို့ရာတွင်တရားရုံးက B ကိုမယားခိုးမှုဖြင့် ပြစ်မှုထင်ရှားစီရင်လိုက်သည်။

ထို့နောက် A အသက်ရှင်လျက်ရှိစဉ်အတွင်း C သည် B နှင့် လက်ထပ်ထိမ်းမြားသဖြင့် ခင်ပွန်းနှစ် ယောက်ယူမှုဖြင့် တရားစွဲဆိုခြင်းခံရသည်။ C က မိမိသည် မည်သည့်အခါမျှ A ၏ဇနီးမဟုတ်ခဲ့ကြောင်း ထုချေသည်။

B အပေါ်တွင် ချမှတ်ထားသော စီရင်ချက်သည် C အပေါ်တွင်စပ်ဆိုင်ခြင်းမရှိစေချေ။

(ဂ) A က B ကို နွားခိုးမှုဖြင့် တရားစွဲဆိုရာ B သည်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်။

ထို့နောက်တွင် B သည် ပြစ်မှုထင်ရှားစီရင်ခြင်းမခံရမီကနွားကို C သို့ရောင်းခဲ့ပြီးဖြစ်သဖြင့် A ကနွားကို ပြန်လည်ရရှိလိုမှုဖြင့် C ကို တရားစွဲဆိုသည်။ B အပေါ်ချမှတ်ထားသော စီရင်ချက်သည် A နှင့် C တို့ စပ်ကြားတွင် စပ်ဆိုင်ခြင်းမရှိချေ။

(ဃ) A သည် B အပေါ်တွင် မြေလက်ရောက်ရရှိရန် ဒီကရီကိုရရှိခဲ့သည်။ သို့ဖြစ်၍ B ၏သားမောင် C က A ကိုသတ်သည်။ အဆိုပါစီရင်ချက်တည်ရှိခြင်းသည် ပြစ်မှုကျူးလွန်ရန်စေ့ဆော်ချက်ကိုဖော်ပြသည့်အတွက် အမှု၌စပ် ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

(င) A အပေါ်တွင် ခိုးမှုဖြင့်စွဲဆိုသည့်အပြင် ယခင်ကလည်း ခိုးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့ဖူးကြောင်းပြ ဆိုသည်။ ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့ဖူးခြင်းသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာအနေဖြင့် စပ် ဆိုင်သည်။

(စ) A သည် B ကိုသတ်မှုဖြင့် စစ်ဆေးစီရင်ခြင်းခံရသည်။ B က A ကိုအသရေပျက်မှုဖြင့် တရားစွဲဆို ခဲ့ရာ A မှာပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းခံခဲ့ရသည်ဟူသော အကြောင်းခြင်းရာသည် အငြင်းဖြစ်သည့် အကြောင်းခြင်းရာအတွက်စေ့ဆော်ချက်ကိုဖော်ပြသဖြင့် ပုဒ်မ ၈ အရ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

စီရင်ချက်ကိုရရှိရန်လိမ်လည်လှည့်ဖြားခြင်း၊ သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းကိုဖြစ်စေ၊ တရားရုံး၌ စီရင်ပိုင်ခွင့်မရှိခြင်းကိုဖြစ်စေ အကြောင်းခြင်းရာတင်ပြနိုင်ခြင်း။

၄၄။ တရားမမှု သို့မဟုတ် အခြားမှုခင်းတစ်ခုတွင် စီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီတစ်ခုသည် ပုဒ်မ ၄၀၊ ၄၁ သို့မဟုတ် ၄၂ အရစပ်ဆိုင်သောအချက်ဖြစ်နေသဖြင့် ဆန့်ကျင်ဘက်အမှုသည်က ထိုစီရင်ချက်၊ အမိန့် သို့မဟုတ် ဒီကရီကို သက်သေထင်ရှားတင်ပြထားလျှင် ထိုတရားရုံးသည် အရည်အချင်းမပြည့်မီ ဘဲ ချမှတ်ခဲ့သည်ဟူ၍လည်းကောင်း၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ဖြစ်စေ ရရှိခဲ့သည် ဟူ၍လည်းကောင်း ကျန်ဆန့်ကျင်ဘက်အမှုသည်ကတင်ပြနိုင်သည်။

**အခြားသူများ၏ထင်မြင်ချက်များသည် မည်သည့်အခါအမှု၌စပ်ဆိုင်ခြင်း**

ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များ။

၄၅။ အခြားနိုင်ငံ၏ ဥပဒေအချက်တစ်ခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သိပ္ပံပညာ သို့မဟုတ် ဝိဇ္ဇာပညာဆိုင်ရာ အချက်တစ်ခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လက်ရေးလက်သား သို့မဟုတ် လက်ဗွေပုံစံတူ မတူနှင့်စပ်လျဉ်း၍ ဖြစ်စေ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ အဆိုပါအခြားနိုင်ငံ၏ဥပဒေ၊ သိပ္ပံပညာ၊ သို့မဟုတ် ဝိဇ္ဇာပညာရပ်တွင်ဖြစ်စေ

Myanmar Law Information System (MLIS)

လက်ရေးလက်သား သို့မဟုတ် လက်ဗွေပုံစံတူ မတူနိုင်းယှဉ်စိစစ်ရာတွင်ဖြစ်စေ ကျွမ်းကျင်တတ်မြောက်သူတို့က ဆိုခဲ့သည့် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ပေးသောထင်မြင် ချက်များသည် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာများဖြစ်သည်။

အဆိုပါ ပုဂ္ဂိုလ်များကို ကျွမ်းကျင်သူများဟုခေါ်သည်။

**ဥပမာများ**

(က) ပြဿနာမှာ A သည် အဆိပ်ကြောင့်သေဆုံးရခြင်းဟုတ်မဟုတ် ဖြစ်သည်။

A စား၍သေဆုံးသည်ဆိုသောအဆိပ်ကြောင့် ပေါ်ပေါက်လာတတ်သော လက္ခဏာများနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ထင်မြင်ချက်များသည်စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A သည်တစ်စုံတစ်ခုသောပြုလုပ်မှုကိုပြုစဉ်အခါက စိတ်ပေါ့သွပ်ခြင်းကြောင့် ထိုပြုလုပ် မှုသည် မည်သို့သောသဘောရှိသည်ကိုသော်လည်းကောင်း၊ မိမိသည်မှားယွင်းသော သို့မဟုတ် တရား ဥပဒေနှင့် ဆန့်ကျင်သောအမှုကိုပြုလျက်ရှိသည်ကိုသော်လည်းကောင်း၊ သိနိုင်စွမ်းရှိ မရှိဖြစ်သည်။

A ၌ တွေ့ရှိရသော လက္ခဏာများသည် ဖြစ်ရိုးဖြစ်စဉ်အားဖြင့် စိတ်ပေါ့သွပ်ခြင်း၏လက္ခဏာများ ဟုတ် မဟုတ်နှင့် ထိုသို့စိတ်ပေါ့သွပ်သူတို့သည် စိတ်ပေါ့သွပ်ခြင်းကြောင့်၊ မိမိတို့၏ပြုလုပ်မှုများသည်မည်သို့ သောသဘောရှိသည်ကိုသော်လည်းကောင်း၊ မိမိတို့၏ပြုလုပ်ချက်သည် မှားယွင်းသည် သို့မဟုတ် တရားဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်လည်းကောင်း သိနိုင်စွမ်းမရှိသည့်အဖြစ်သို့ရောက်မြဲ ဟုတ်မဟုတ်ဆိုသည့် ပြဿနာနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်သည်။

(ဂ) ပြဿနာမှာ စာတမ်းအမှတ်အသားတစ်ခုကို A က ရေးမရေးဖြစ်သည်။

A ရေးကြောင်း သက်သေထင်ရှားတင်ပြပြီးဖြစ်သော သို့မဟုတ် ဝန်ခံပြီးဖြစ်သော အခြားစာတမ်း အမှတ်အသားတစ်ခုကို တင်ပြထားသည်။

ထိုစာတမ်းအမှတ်အသားနှစ်ခုကို တစ်ဦးတည်းကရေးသားသည် သို့မဟုတ်တစ်ဦးစီကရေးသားသည် ဆိုသောပြဿနာနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်သည်။

ကျွမ်းကျင်သူတို့၏ထင်မြင်ချက်များနှင့်စပ်လျဉ်းသော အကြောင်းခြင်းရာများ။

၄၆။ အခြားနည်းအားဖြင့် စပ်ဆိုင်မှုမရှိသော အကြောင်းခြင်းရာများသည် ဆက်စပ်မှုရှိသော ကျွမ်းကျင် သူတို့၏ထင်မြင်ချက်များကို ထောက်ခံလျှင်ဖြစ်စေ၊ မညီမညွတ်ဖြစ်လျှင်ဖြစ်စေ ထိုထင်မြင်ချက်များ သည် စပ်ဆိုင်သည်။

**ဥပမာများ**

(က) ပြဿနာမှာ A သည်တစ်စုံတစ်ခုသောအဆိပ်ဖြင့် အဆိပ်မိခြင်း ဟုတ် မဟုတ်ဖြစ်သည်။

ထိုအဆိပ်မျိုးဖြင့် အဆိပ်မိသောအခြားသူများ၌ အချို့သော လက္ခဏာများဖြစ်ပေါ်လာ၍ ကျွမ်းကျင်သူတို့ ကလည်း ထိုလက္ခဏာများသည် ထိုအဆိပ်မျိုးမှ ရရှိသောလက္ခဏာများဖြစ်သည်ဟု ထောက်ခံအတည်ပြု ခြင်း သို့မဟုတ် ငြင်းဆိုခြင်းသည်စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ သင်္ဘောဆိပ်ကမ်းတစ်ခု ပိတ်ဆို့ခြင်းသည် တစ်စုံတစ်ခုသော ရေကာတာကြောင့်ဟုတ် မဟုတ်ဖြစ်သည်။



Myanmar Law Information System (MLIS)

အဆိုပါ ရေကာတာမျိုးမရှိသည်မှအပ အခြားအကြောင်းခြင်းရာများ၌ တည်ရှိပုံအနေအထားချင်း တူညီသော အခြားဆိပ်ကမ်းများ၌ တစ်ချိန်တည်းလောက်တွင် ထိုသို့ ရေကာတာများမရှိသော်လည်း ပိတ်ဆို့စပြုလျက်ရှိသည်ဆိုသော အချက်သည်စပ်ဆိုင်သည်။

လက်ရေးလက်သားနှင့် စပ်လျဥ်းသည့်ထင်မြင်ချက်များသည် မည်သည့်အခါစပ်ဆိုင်ခြင်း။

၄၇။ တစ်စုံတစ်ခုသောစာချုပ်စာတမ်းကို မည်သူရေးသားသည် သို့မဟုတ် မည်သူလက်မှတ်ရေးထိုးသည် ဆိုသည့်အချက်နှင့်စပ်လျဥ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ ထိုစာချုပ်စာတမ်းကို ရေးသားသူ သို့မဟုတ် လက်မှတ်ရေးထိုးသူဟုဆိုသည့် သူ၏လက်ရေးကို သိကျွမ်းသူတစ်ဦးတစ်ယောက် က အဆိုပါစာချုပ်စာတမ်းကို အဆိုပါသူကရေးသားခဲ့သည် သို့မဟုတ် လက်မှတ်ရေးထိုးခဲ့သည်ဟူ၍ သော်လည်းကောင်း၊ အဆိုပါသူရေးသားခဲ့ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခဲ့ခြင်းမဟုတ်ဟူ၍သော် လည်းကောင်း ထင်မြင်ချက်ပေးလျှင် အဆိုပါထင်မြင်ချက် သည်စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ် သည်။

**ရှင်းလင်းချက်**။ လူတစ်ဦးတစ်ယောက်သည် အခြားသူတစ်ဦးတစ်ယောက်၏ လက်ရေးကိုထိုသူ ရေးသား သည်ကို လူကိုယ်တိုင်မြင်သည့်ကိစ္စ သူကိုယ်တိုင်ဖြစ်စေ၊ သူ၏ညွှန်ကြားချက်အရဖြစ်စေ ရေးသားပြီး ထိုသူထံလိပ်တပ်၍ပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ဖြေကြားသောအားဖြင့် ထိုသူကရေးသား သည့်သဘောသက်ရောက်သောစာရွက်စာတမ်းများကို သူကိုယ်တိုင်လက်ခံရရှိခဲ့သည့် ကိစ္စ၊ ထိုသူရေးသား သည့်သဘော သက်ရောက်သော စာရွက်စာတမ်းများကို လုပ်ရိုးလုပ်စဥ်အရ ထိုသူ့ထံ တင်ပြလေ့ရှိသည့် ကိစ္စများ၌သိကျွမ်းသည်ဟု ဆိုရမည်။

**ဥပမာများ**

ပြဿနာမှာ တင်ပြထားသောစာတစ်စောင်သည် လန်ဒန်မြို့နေကုန်သည် A ၏လက်ရေးနှင့် ဟုတ်မဟုတ် ဖြစ်သည်။

B သည်ရန်ကုန်နေ ကုန်သည်တစ်ဦးဖြစ်၍ A ထံလိပ်စာတပ်၍ စာများရေးသားပေးပို့ခဲ့ရာ A ရေးသား သည့်သဘောသက်ရောက်သောစာများကို ရရှိခဲ့သည်။ C သည် B ၏စာရေးဖြစ်၍ ယင်း၏တာဝန် များမှာ B ၏ပေးစာ၊ ရစာများကိုစစ်ဆေး၍ဖိုင်တွဲထားရန် ဖြစ်သည်။

D သည် B ၏ပွဲစားဖြစ်၍ B က မိမိထံသို့ A ရေးသည့် သဘောသက်ရောက်သော စာများကို D ထံ၊ ယင်းစာများနှင့်ပတ်သက်၍အကြံဉာဏ်ပေးရန်အတွက်တင်ပြလေ့ရှိသည်။

B၊ C နှင့် D တို့သည် A စာရေးသားသည်ကို မမြင်ဖူးကြသော်လည်း အဆိုပါစာသည် A ၏လက်ရေးနှင့် ဟုတ်မဟုတ်ဆိုသော ပြဿနာနှင့်စပ်လျဥ်း၍ B၊ C နှင့် D တို့၏ ထင်မြင်ချက် များသည်စပ်ဆိုင်သည်။

အခွင့်အရေး၊ သို့မဟုတ် ဓလေ့ထုံးတမ်းအမှန်ရှိမရှိနှင့်စပ်လျဥ်းသောထင်မြင်ချက်သည် မည်သည့် အခါစပ်ဆိုင်ခြင်း။

၄၈။ ယေဘုယျဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးတစ်ခုခု အမှန်ရှိမရှိနှင့်စပ်လျဥ်း၍တရားရုံးကဆင် ခြင်သုံးသပ်ရန်ရှိသည့်အခါ အဆိုပါဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးရှိခဲ့လျှင် ထိုသို့ရှိခဲ့ကြောင်းကို သိနိုင်ဖွယ်ရာရှိသောသူများက ထိုဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးရှိမရှိနှင့် စပ်လျဥ်း၍ ပေးသော ထင်မြင်ချက်များသည်စပ်ဆိုင်သည်။



Myanmar Law Information System (MLIS)

**ရှင်းလင်းချက်** ။ "ယေဘုယျဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေး" ဆိုသည့်စကားရပ်တွင် အတော်အတန်များပြားသော လူအတန်းအစား၊ အစုအဝေးတစ်ခုခုနှင့်သက်ဆိုင်သည့် ဓလေ့ထုံးတမ်း သို့မဟုတ် အခွင့်အရေးများပါဝင်သည်။

**ဥပမာ**

တစ်စုံတစ်ခုသော ကျေးရွာရှိ ရွာသူရွာသားများက တစ်စုံတစ်ခုသောရေတွင်းမှ ရေကိုသုံးစွဲနိုင်သော အခွင့်အရေးသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ယေဘုယျသက်ဆိုင်သော အခွင့်အရေးဖြစ်သည်။

အလေ့အထများ၊ အယူဝါဒများစသည်တို့နှင့် စပ်လျဉ်းသည့်ထင်မြင်ချက်များမည်သည့်အခါအမှု ၌စပ်ဆိုင်ခြင်း။

၄၉။ တရားရုံးသည် အောက်ပါကိစ္စများကိုဆင်ခြင်သုံးသပ်ရန်ရှိသည့်အခါ-

ထိုကိစ္စ၏ အကြောင်းအရာကိုသိရှိရန် အထူးအခွင့်အလမ်းရှိသူတို့၏ထင်မြင်ချက်များသည် အမှု၌ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်။

လူတစ်စု သို့မဟုတ် မိသားစုတစ်ခု၏အလေ့အထများနှင့် အယူဝါဒများတို့နှင့် စပ်လျဉ်းသည့်ကိစ္စ၊

ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်း တစ်ခုခု၏ဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်ပုံတို့နှင့် စပ်လျဉ်းသည့်ကိစ္စ၊

အချို့ဒေသများတွင်ဖြစ်စေ၊ အချို့လူအတန်းအစားကဖြစ်စေ တသီးတခြားသုံးစွဲပြောဆိုသော စကားလုံး များ သို့မဟုတ် ဝေါဟာရများ၏အဓိပ္ပာယ်နှင့်စပ်လျဉ်းသည့်ကိစ္စ။

ဆွေမျိုးတော်စပ်ခြင်းနှင့် စပ်လျဉ်းသည့် ထင်မြင်ချက်သည်မည်သည့်အခါစပ်ဆိုင်ခြင်း။

၅၀။ လူတစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးက ဆင်ခြင်သုံးသပ်ရန်ရှိသည့် အခါ

သက်ဆိုင်ရာမိသားစုတွင်ပါဝင်သူတစ်ဦးဖြစ်၍ သော်လည်းကောင်း၊ အခြားအကြောင်းကြောင့် သော်လည်းကောင်း

ထိုအကြောင်းကိစ္စကို သိရှိနိုင်ရန်အထူးအခွင့်အလမ်းရှိသူတစ်ဦးဦးက ထိုသို့ဆွေမျိုး တော်စပ်ခြင်းရှိမရှိနှင့် စပ်လျဉ်း၍ မိမိ၏သဘောထားထင်မြင်ချက်ကို အပြုအမူအားဖြင့်ဖော်ပြနေလျှင် ထိုသို့ဖော်ပြနေသော သဘောထားထင်မြင်ချက်သည် စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးဥပဒေအရ စွဲဆိုသောမှုခင်းများတွင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၄၊ ၄၉၅၊ ၄၉၇ သို့မဟုတ် ၄၉၈ အရအရေးယူသောမှုခင်းများတွင်ဖြစ်စေလက်ထပ်ထိမ်း မြားခြင်းကို သက်သေထင်ရှားတင်ပြရာ၌ အဆိုပါထင်မြင်ချက်သည် လုံလောက်သောသက်သေထင်ရှား မဖြစ်စေရ။

**ဥပမာများ**

(က) ပြဿနာမှာ A နှင့် B တို့လက်ထပ်ထိမ်းမြားခဲ့ခြင်းရှိ မရှိဖြစ်သည်။

A နှင့် B အားယင်း၏တို့မိတ်ဆွေများကခင်ပွန်းနှင့်ဇနီးအဖြစ်လက်ခံ၍ ဆက်ဆံလေ့ရှိသည် ဆို သောအချက်သည် စပ်ဆိုင်သည်။

(ခ) ပြဿနာမှာ A သည် B ၏တရားဝင်သား ဟုတ်မဟုတ်ဖြစ်သည်။ ထိုမိသားစုတွင် ပါဝင်သူများက A ကို တရားဝင်သားအဖြစ် အစဉ်သဖြင့် ဆက်ဆံခဲ့သည်ဆိုသော အချက်သည်စပ်ဆိုင်သည်။

Myanmar Law Information System (MLIS)

ထင်မြင်ချက်အတွက် အကြောင်းပြချက်များသည် မည်သည့်အခါစပ်ဆိုင်ခြင်း။

၅၁။ အသက်ရှင်လျက်ရှိသူ၏ထင်မြင်ချက်သည် စပ်ဆိုင်ပါက အဆိုပါထင်မြင်ချက်၏ အခြေတည်ရာ ဖြစ်သော အကြောင်းများသည်လည်း စပ်ဆိုင်သည်။

**ဥပမာ**

ကျွမ်းကျင်သူတစ်ဦးသည်မိမိထင်မြင်ချက် ပေးရန်အလို့ငှာ ဆင်ခြင်သုံးသပ်နိုင်ရေးအတွက် မိမိပြုလုပ်ခဲ့သောစမ်းသပ်ချက်များအကြောင်းကိုတင်ပြနိုင်သည်။

**အကျင့်စာရိတ္တသည် မည်သည့်အခါစပ်ဆိုင်ခြင်း**

တရားမမှုများတွင်စွပ်စွဲထားသော အပြုအမူအတွက်သက်သေခံချက်အဖြစ် အကျင့်စာရိတ္တသည် မစပ်ဆိုင်ခြင်း။

၅၂။ တရားမမှုများတွင် သက်ဆိုင်သူတစ်ဦးတစ်ယောက်က တစ်စုံတစ်ခုပြုသည်ဟု စွပ်စွဲထားသည့် အခါ ထိုသူ၏အကျင့်စာရိတ္တ ကိုထောက်ချင့်၍ ထိုအမှုကို ထိုသူပြုသည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရှိ မရှိ ဆိုသည့်အချက်သည် မစပ်ဆိုင်ချေ။ သို့ရာတွင် အမှု၌ ပေါ်ပေါက်သော အကြောင်းအချက်များအရအဆို ပါအကျင့်စာရိတ္တသည် အခြားနည်းအားဖြင့် စပ်ဆိုင်သော အချက်ဖြစ်နေသည့်အခါ အဆိုပါအချက်သည် စပ်ဆိုင်သည်။

ပြစ်မှုဆိုင်ရာအမှု များတွင်ယခင်ကအကျင့်စာရိတ္တကောင်းခဲ့ခြင်းသည်စပ်ဆိုင်ခြင်း။

၅၃။ ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံ၏အကျင့်စာရိတ္တကောင်းသည်ဆိုသောအချက်သည်စပ်ဆိုင် သည်။

ယခင်က အကျင့်စာရိတ္တမကောင်းခဲ့ခြင်းသည် အကျင့်စာရိတ္တကောင်းသည်ဆိုခြင်းကိုပြန်လည်ချေပရန်မဟုတ်လျှင်မစပ်ဆိုင်ခြင်း။

၅၄။ ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံ၏အကျင့်စာရိတ္တ မကောင်းဆိုသောအချက်သည်စပ်ဆိုင်သော အချက်မဟုတ်ချေ။ သို့ရာတွင် တရားခံ၏အကျင့်စာရိတ္တကောင်းကြောင်းသက်သေခံချက်တင်ပြထား လျှင်တရားခံ၏ အကျင့်စာရိတ္တမကောင်းဆိုသောအချက်သည် စပ်ဆိုင်သည်။

**ရှင်းလင်းချက်(၁)** ။ အမှုများတွင်လူတစ်ဦးတစ်ယောက်၏အကျင့်စာရိတ္တမကောင်းဟူသည့် အချက် သည် ပင်လျှင် အငြင်းဖြစ်သည့် အကြောင်းခြင်းရာဖြစ်နေလျှင် ဤပုဒ်မသည် ထိုအမှုများနှင့် မသက် ဆိုင်ချေ။

**ရှင်းလင်းချက်(၂)** ။ ယခင်ကပြစ်မှုကျူးလွန်သည်ဟုတရားရုံးကဆုံးဖြတ်သည်ကို ခံခဲ့ရခြင်းသည် အကျင့်စာရိတ္တမကောင်းကြောင်းသက်သေခံချက်အဖြစ်စပ်ဆိုင်သည်။

နစ်နာကြေးအရေးအတွက်နှင့်သက်ဆိုင်သည့်အကျင့်စာရိတ္တ။

၅၅။ တရားမမှုများတွင် လူတစ်ဦးတစ်ယောက်ရထိုက်သော နစ်နာကြေးကိုသတ်မှတ်ရာ၌ ထိုသူ၏ အကျင့်စာရိတ္တကို ထည့်သွင်းစဉ်းစားထိုက်သည်ဟူသောအချက်သည်စပ်ဆိုင်သည်။

**ရှင်းလင်းချက်**။ ပုဒ်မ ၅၂၊ ၅၃၊ ၅၄ နှင့် ၅၅ တို့၌ "အကျင့်စာရိတ္တ" ဆိုသော စကားရပ်တွင် ကျော်စော သတင်းနှင့် စိတ်နေသဘောထား နှစ်ရပ်လုံးပါဝင်သည်။ သို့ရာတွင် ပုဒ်မ ၅၄ တွင်ပြဋ္ဌာန်းထားသည့် အတိုင်းမှတစ်ပါး ကျော်စောသတင်းနှင့် စိတ်နေသဘောထားတို့ကို သက်သေခံတင်ပြရာ၌ယေဘုယျအား ဖြင့်သာတင်ပြနိုင်သည်။

ကျော်စောသတင်း သို့မဟုတ် စိတ်နေသဘောထားကိုဖော်ပြရန်အတွက်ပြုလုပ် မှုများကို တစ်ခုစီသက်သေခံတင်ပြရန် မလိုချေ။

## အပိုင်း(၂)

## သက်သေထင်ရှားပြခြင်း

### အခန်း(၃)

### သက်သေထင်ရှားပြရန်မလိုသည့်အကြောင်းခြင်းရာများ

အကြောင်းခြင်းရာများကိုတရားစီရင်ရာတွင်သက်သေခံချက်မယူဘဲလက်ခံခြင်း။

၅၆။ တရားရုံးက သက်သေခံချက်မယူဘဲ လက်ခံနိုင်သော အကြောင်းခြင်းရာများကို သက်သေထင်ရှား ပြရန် မလိုချေ။

တရားရုံးကသက်သေခံချက်မယူဘဲလက်ခံရမည့်အကြောင်းခြင်းရာများ။

၅၇။ တရားရုံးသည် အောက်ပါအကြောင်းခြင်းရာများကို သက်သေခံချက်မယူဘဲလက်ခံရမည်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော် သို့မဟုတ် အိန္ဒိယနိုင်ငံ သို့မဟုတ် ပါကစ္စတန်နိုင်ငံ၏ မည်သည့်ဒေသ၌မဆို ယခုအချိန်တွင် အာဏာတည်ဆဲဖြစ်သည့် သို့မဟုတ် ယခင်အာဏာတည်ခဲ့သည့် သို့မဟုတ် နောင်တွင် အာဏာတည်မည့် ဥပဒေအားလုံး သို့မဟုတ် နည်းဥပဒေအားလုံး၊

(၂) ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့ပါဝင်သော ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ပါလီမန်မှ ပြဋ္ဌာန်းထား သော သို့မဟုတ် နောင်ပြဋ္ဌာန်းမည်ဖြစ်သော အများပြည်သူတို့ဆိုင်ရာအက်ဥပဒေများအားလုံးနှင့် ဂရိတ် ဗြိတိန်နှင့် အိုင်ယာလန်တို့ပါဝင်သော ယူနိုက်တက်ကင်းဒမ်းနိုင်ငံက သက်သေခံချက်မယူဘဲလက်ခံရ မည်ဟုညွှန်ကြားသော ဒေသန္တရဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးရာ ဥပဒေများအားလုံး၊

(၃) ဗြိတိသျှဘုရင်မင်းမြတ်၏ ကြည်း၊ ရေ၊ လေ တပ်မတော်ဆိုင်ရာ စစ်စည်းမျဉ်းများ၊

(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်နှင့် ယူနိုက်တက်ကင်းဒမ်းတွင်ပါဝင်သည့် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံ ပါလီမန်တို့၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများ၊

(၅) ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင်ပါဝင်သည့် ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့၏ အကြီးအကဲတာဝန် ယူသည့် နေ့ရက်နှင့် တံဆိပ်လက်မှတ်များ၊

(၆) အင်္ဂလိပ်တရားရုံးများက သက်သေခံချက်မယူဘဲ လက်ခံရသည့် တံဆိပ်အမှတ်အသားများ၊ ပြည် ထောင်စုမြန်မာနိုင်ငံတော်ရှိ တရားရုံးများ၏ ရုံးတံဆိပ်များ၊ ပင်လယ်ရေကြောင်းဆိုင်ရာတရားရုံးများ နှင့် ပင်လယ်ရေကြောင်းဆိုင်ရာစီရင်ပိုင်ခွင့်တံဆိပ်များ၊ နိုထရိပဗ္ဗလစ် မှတ်ပုံတင်အရာရှိများ၏တံဆိပ် အမှတ်အသားများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးတစ် ယောက်အားသုံးစွဲခွင့်ပြုထားသည့် တံဆိပ်အမှတ်အသားများ၊

Myanmar Law Information System (MLIS)

(၇) ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ မည်သည့်ဒေသ၌မဆို ရာထူးတစ်ခုခုတွင် အခါအားလျော်စွာခန့်ထားခြင်းခံရသူများအား အဆိုပါရာထူးခန့်ထားကြောင်းကို နိုင်ငံတော်ပြန်တမ်းတွင်ထုတ်ပြန်ကြေ ညာလျှင် ထိုသို့ခန့်ထားသည့် နေ့ရက်၊ ထိုသူ၏အမည်၊ ရာထူး၊ အလုပ်ဝတ္တရားများနှင့်ထိုးမြဲလက်မှတ် များ၊

(၈) ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတက အသိအမှတ်ပြုထားသော နိုင်ငံအသီးသီး၏တည်ရှိမှု၊ ယင်းနိုင်ငံ၏ တရားဝင်အမည်နှင့် နိုင်ငံတော်အလံ၊

(၉) နာရီတို့၏ အချိန်ကာလအပိုင်းအခြားများ၊ ကမ္ဘာမြေကြီး၏ ပထဝီဝင်အပိုင်းအခြားများ၊ နိုင်ငံ တော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့် အများပြည်သူဆိုင်ရာ ပွဲနေ့များ၊ ဥပုသ်နေ့များနှင့်အလုပ် ပိတ်ရက်များ၊

(၁၀) ဗြိတိသျှအစိုးရပိုင်သည့် နယ်မြေဒေသအပိုင်းအခြားများ၊

(၁၁) အခြားနိုင်ငံတစ်ခုခုနှင့်ဖြစ်စေ၊ လူအစုအဝေးတစ်ခုခုနှင့်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ စစ်မက်စတင်ဖြစ်ပွားခြင်း၊ ဆက်လက်ဖြစ်ပွားခြင်းနှင့်ပြီးဆုံးခြင်း၊

(၁၂) တရားသူကြီးနှင့် တရားရုံးအရာရှိများ၏အမည်များ၊ ယင်းတို့က လွှဲအပ်သည့်အရာရှိများ၊ ယင်းတို့လက်အောက်အရာရှိများနှင့် လက်ထောက်များ၏အမည်များ၊ ထိုတရားရုံး၏အမိန့်ကို အတည်ပြုရသည့်အရာရှိအားလုံး၏အမည်များ၊ ရှေ့နေအားလုံးနှင့် ဥပဒေအရတရားရုံးသို့ လာရောက်လျှောက်လဲဆောင်ရွက်ခွင့်ရသည့် အခြားသူများ၏အမည်များ၊

(၁၃) ကုန်းပေါ်၌ဖြစ်စေ၊ ရေပေါ်၌ဖြစ်စေ၊ သွားလာရာတွင် လိုက်နာရမည့် လမ်းစည်းကမ်း။

ဤကိစ္စအားလုံး၌လည်းကောင်း၊ အများပြည်သူဆိုင်ရာ သမိုင်း၊ စာပေ၊ သိပ္ပံပညာ၊ သို့မဟုတ် ဝိဇ္ဇာပညာတို့နှင့်စပ်လျဉ်းသည့်ကိစ္စအားလုံး၌လည်းကောင်း၊ တရားရုံးသည် သင့်လျော်သည့်အကိုးအကား ပြုထိုက် သောစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကိုရှာဖွေကြည့်ရှုနိုင်သည်။

အကြောင်းအချက်တစ်ခုခုကို တရားရုံးကသက်သေခံချက်မယူဘဲ လက်ခံရန်တစ်ဦးတစ်ယောက်က တရားရုံးသို့လျှောက်ထားလျှင် တရားရုံးက ထင်မြင်သည့်စာအုပ်သို့မဟုတ် စာရွက်စာတမ်း တစ်စုံတစ်ရာကိုထိုသူက တင်ပြခြင်းမပြုသေးသမျှ တရားရုံးက ငြင်းဆိုနိုင်သည်။

ဝန်ခံသည့်အကြောင်းခြင်းရာများကို သက်သေထင်ရှားပြရန်မလို။

၅၈။ မည်သည့်အမှုတွင်မဆို အမှုသည်များကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ် ဆောင်ရွက်သူများကဖြစ် စေ၊ အမှုကြားနာသောအခါ ဝန်ခံရန် သဘောတူထားသော အကြောင်းခြင်းရာများကိုသော်လည်း ကောင်း၊ ကြားနာခြင်းမပြုမီ ယင်းတို့ကိုယ်တိုင် စာဖြင့် ဝန်ခံလက်မှတ်ရေးထိုးသဘောတူထားသော အကြောင်းခြင်းရာများကိုသော်လည်းကောင်း ထိုအချိန်အခါကအတည်ဖြစ်လျက်ရှိသောအဆိုအခြေနည်း ဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုအဆိုအခြေတို့တွင် ဝန်ခံပြီးဖြစ်သည်ဟု ယူဆနိုင်သော အကြောင်းခြင်းရာများကို သက်သေထင်ရှားပြရန်မလိုချေ။

သို့ရာတွင် ဝန်ခံသည့် အကြောင်းခြင်းရာများကိုပင် အဆိုပါဝန်ခံချက်များအပြင် အခြားနည်းဖြင့် ယင်းဝန်ခံချက်များကို သက်သေထင်ရှားတင်ပြစေရန် တရားရုံးက မိမိသဘောအလျောက်ညွှန်ကြား နိုင်သည်။

Myanmar Law Information System (MLIS)

## အခန်း(၄)

## နှုတ်သက်သေခံချက်အကြောင်း

အကြောင်းခြင်းရာများကို နှုတ်သက်သေခံတင်ပြခြင်း။

၅၉။ စာတမ်း အမှတ်အသားများတွင်ပါရှိသော အချက်များမှတစ်ပါး၊ အားလုံးသောအကြောင်းခြင်းရာ များကို သက်သေထင်ရှားစေရန် နှုတ်သက်သေခံတင်ပြနိုင်သည်။

နှုတ်သက်သေခံချက်သည်တိုက်ရိုက်သိဖြစ်ရမည်။

၆၀။ နှုတ်သက်သေခံချက်သည်မည်သည့် ကိစ္စမျိုးတွင်မဆို တိုက်ရိုက်သိဖြစ်ရမည်။

ဆိုလိုသည်မှာ-

မြင်နိုင်သည့်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ထွက်ဆိုလျှင် ထိုအကြောင်းခြင်းရာကို ယင်းကိုယ်တိုင် မြင်သည်ဆိုသော သက်သေ၏သက်သေခံချက်ဖြစ်ရမည်၊

ကြားနိုင်သည့်အချက်နှင့်စပ်လျဉ်း၍ ထွက်ဆိုလျှင် ထိုအချက်ကို ကိုယ်တိုင်ကြားသည်ဆိုသော သက်သေ ၏ သက်သေခံချက်ဖြစ်ရမည်၊

အခြားအာရုံတစ်ခုခုဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ သိရှိနိုင်သည့်အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ထွက်ဆိုလျှင် ထိုအကြောင်းခြင်းရာကို အဆိုပါအာရုံ၊ သို့မဟုတ် နည်းလမ်းဖြင့်ယင်းကိုယ် တိုင်သိရှိသည်ဆိုသော သက်သေ၏သက်သေခံချက်ဖြစ်ရမည်၊

ထင်မြင်ချက်တစ်ခုနှင့် သို့မဟုတ် ထိုထင်မြင်ချက်၏အခြေတည်ရာဖြစ်သော အကြောင်းများနှင့် စပ်လျဉ်း၍ထွက်ဆိုလျှင် ထိုအကြောင်းများကို အခြေတည်၍ ဖြစ်ပေါ်လာသော ထင်မြင်ချက်ကို ပေးသူက ထွက်ဆိုသော သက်သေခံချက်ဖြစ်ရမည်။

သို့ရာတွင် ရောင်းချလေ့ရှိသော စာအုပ်စာတမ်းတစ်စုံတစ်ရာတွင် ဖော်ပြထားသည့် အထူးကျွမ်းကျင် သူများ၏ ထင်မြင်ချက်များနှင့် ထိုထင်မြင်ချက်များ၏ အခြေတည်ရာဖြစ်သောအချက်များကို သက်သေ ထင်ရှားစေရန် ရေးသားသူသေဆုံးခြင်း၊ ရှာ၍မတွေ့နိုင်ခြင်း၊ သက်သေခံချက်မပေးနိုင်သည့် အဖြစ်သို့ ရောက်ခြင်း၊ သက်သေအဖြစ် ဆင့်ခေါ်ပါကကြန့်ကြာမည့်အချိန် သို့မဟုတ် ကုန်ကျမည့်စရိတ်မှာသင့် လျော်ခြင်း ရှိမည်မဟုတ်ဟု တရားရုံးက ယူဆနိုင်သည့် အခြေအနေများ၌သက်သေခံတင်ပြနိုင်သည်။

ထို့ပြင် နှုတ်သက်သေခံချက်သည် စာတမ်းအမှတ်အသားမဟုတ်သော အခြားအရာဝတ္ထုတစ်ခုခု၏ တည်ရှိမှု သို့မဟုတ် အခြေအနေနှင့်စပ်လျဉ်း၍ ထွက်ဆိုလျှင်၊ တရားရုံးက သင့်သည်ဟုယူဆပါက အဆိုပါ အရာဝတ္ထုကို ကြည့်ရှုစစ်ဆေးရန်အတွက် တင်ပြရန်ညွှန်ကြားနိုင်သည်။

## အခန်း(၅)

## စာတမ်းအမှတ်အသားသက်သေခံချက်အကြောင်း

စာတမ်းအမှတ်အသားများတွင်ပါရှိသည့်အချက်ကို သက်သေထင်ရှားတင်ပြခြင်း။



Myanmar Law Information System (MLIS)

၆၁။ စာတမ်းအမှတ်အသားများပါရှိသော အချက်များကို သက်သေထင်ရှားအောင်မူရင်းသက်သေခံချက် ကိုဖြစ်စေ၊ ဒုတိယအဆင့်သက်သေခံချက်ကိုဖြစ်စေ တင်ပြနိုင်သည်။

မူရင်းသက်သေခံချက်။

၆၂။ မူရင်းသက်သေခံချက်ဆိုသည်မှာ တရားရုံးက စစ်ဆေးကြည့်ရှုနိုင်ရန်တင်ပြသော မူရင်းစာတမ်း အမှတ်အသားကိုဆိုသည်။

**ရှင်းလင်းချက်(၁)** ။ စာတမ်းအမှတ်အသားတစ်ခုကို အပိုင်းများခွဲ၍ ချုပ်ဆိုလျှင် ထိုသို့ချုပ်ဆိုသောစာတမ်းအမှတ်အသားတစ်ပိုင်းစီသည် ထိုစာတမ်း အမှတ်အသား၏မူရင်းသက်သေခံချက်ပင်ဖြစ်သည်။

စာတမ်းအမှတ်အသားတစ်ခုကို မူရင်းခွဲ၍ချုပ်ဆိုရာ၌ ထိုသို့ချုပ်ဆိုသူတို့အနက် တစ်ဦးကသာ သို့မဟုတ် အချို့ကသာ ထိုမူရင်းခွဲအသီးသီးကိုချုပ်ဆိုလျှင် ထိုမူရင်းခွဲတစ်ခုစီသည် ယင်းကိုချုပ်ဆိုသူတို့အပေါ်၌ မူရင်းသက်သေခံချက်ဖြစ်သည်။

**ရှင်းလင်းချက်(၂)** ။ စာပုံနှိပ်ခြင်း၊ ကျောက်ပုံနှိပ်ခြင်း သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်းကဲ့သို့ တစ်ပုံစံတည်းဖြစ်သောလုပ်နည်းဖြင့် စာတမ်းအမှတ်အသားများကို ထုတ်လုပ်ထားလျှင် ထိုစာတမ်း အမှတ်အသားတစ် ခုစီသည် ကျန်စာတမ်းအမှတ်အသားများတွင် ပါရှိသောအချက်များ၏ မူရင်း သက်သေခံချက်ဖြစ်သည်။ သို့သော်လည်းထိုစာတမ်းအမှတ်အသားများသည် မူရင်းစာတမ်း အမှတ် အသားတစ်ခုတည်းမှကူးယူသော မိတ္တူများဖြစ်လျှင် ယင်းတို့သည် မူရင်းစာတမ်းအမှတ်အသားတွင် ပါရှိသောအချက်များ၏မူရင်းသက်သေခံချက်မဟုတ်ချေ။

**ဥပမာ**

လူတစ်ယောက်ထံတွင် မူရင်းကြော်ငြာစာတစ်စောင်မှ တစ်ချိန်တည်းပုံနှိပ်ထားသောကြော်ငြာစာရွက်များရှိကြောင်းတွေ့ရှိရသည်။ ထိုကြော်ငြာစာများအနက် မည်သည့်ကြော်ငြာစာမဆို ကျန်ကြော်ငြာစာတစ်ရွက်ရွက်ပါအချက်များ၏မူရင်းသက်သေခံချက်ဖြစ်သည်။ သို့သော်လည်းထိုကြော်ငြာစာများအနက် မည်သည့်ကြော်ငြာစာမျှမူရင်းကြော်ငြာစာပါအချက်များ၏ မူရင်းသက်သေခံချက်မဟုတ်ချေ။

ဒုတိယအဆင့်သက်သေခံချက်။

၆၃။ ဒုတိယအဆင့် သက်သေခံချက် ဆိုသည်မှာအောက်ပါတို့ကိုဆိုသည်-

(၁) ဤဥပဒေတွင် နောက်လာမည့်ပြဋ္ဌာန်းချက်များအရ ထုတ်ပေးသော တာဝန်ခံမိတ္တူများ၊

(၂) တိကျမှန်ကန်သော မိတ္တူများကူးယူပေးနိုင်သည့် စက်ကိရိယာဖြင့် မူရင်းမှကူးယူသော မိတ္တူများ ထို့ပြင် ယင်းမိတ္တူများနှင့် တိုက်ဆိုင်စစ်ဆေးထားသော မိတ္တူများ၊

(၃) မူရင်းမှ ကူးယူထားသော သို့မဟုတ် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားသော မိတ္တူများ၊

(၄) စာတမ်းအမှတ်အသားကို ချုပ်ဆိုခြင်း မပြုသူတို့၏အကျိုးနှင့်ဆန့်ကျင်၍ တင်ပြသောအခါ၌ထို စာတမ်းအမှတ်အသား၏ မူရင်းခွဲများ၊

Myanmar Law Information System (MLIS)

(၅) စာတမ်းအမှတ်အသားတစ်ခုကို ကိုယ်တိုင်မြင်ခဲ့သူက ထိုစာတမ်းအမှတ်အသားတွင်ပါရှိသည့် အချက်များအကြောင်းကို ပြောကြားချက်များ။

**ဥပမာများ**

(က) မူရင်းတစ်ခုကို ရိုက်ကူးထားသည့် ဓာတ်ပုံကို ထိုမူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားခြင်းမရှိသော် လည်း၊ ဓာတ်ပုံရိုက်ခဲ့သော အရာဝတ္ထုမှာ ထိုမူရင်းမှန်ကြောင်း သက်သေထင်ရှားရှိလျှင် ထိုဓာတ်ပုံသည် ထိုမူရင်းတွင်ပါရှိသော အချက်များနှင့် စပ်လျဉ်း၍ ဒုတိယအဆင့်သက်သေခံချက်ဖြစ်သည်။

(ခ) စာကူးစက်ဖြင့် စာတမ်းတစ်စောင်မှ ကူးယူထားသည့် မိတ္တူသည် မူရင်းစာမှ ကူးယူထားသောမိတ္တူ ဖြစ်ကြောင်းတင်ပြလျှင် ထိုမိတ္တူနှင့် တိုက်ဆိုင်စစ်ဆေးထားသော မိတ္တူတစ်စောင်သည်ထိုစာတွင် ပါရှိသော အချက်များနှင့်စပ်လျဉ်း၍ ဒုတိယအဆင့် သက်သေခံချက်ဖြစ်သည်။

(ဂ) မိတ္တူတစ်စောင်မှ ကူးယူထားသော မိတ္တူကို မူရင်းနှင့်တိုက်ဆိုင် စစ်ဆေးထားလျှင် ထိုသို့ကူးယူ ထားသော မိတ္တူသည် ဒုတိယအဆင့် သက်သေခံချက်ဖြစ်သည်။ သို့ရာတွင် ထိုမိတ္တူကို ထိုသို့မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးထားခြင်းမရှိလျှင်၊ ထိုမိတ္တူကူးယူရာ ဖြစ်သော မိတ္တူကို မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး ပြီး ဖြစ်စေကာမူ၊ အဆိုပါကူးယူထားသောမိတ္တူသည် မူရင်း၏ဒုတိယအဆင့် သက်သေခံချက်မဟုတ် ချေ။

(ဃ) မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးထားသော မိတ္တူအကြောင်း ပြောကြားချက်သည်သော်လည်းကောင်း၊ မူရင်း ကိုရိုက်ကူးထားသော ဓာတ်ပုံအကြောင်းကိုဖြစ်စေ၊ မူရင်းမှစက်ဖြင့် ကူးယူထားသော မိတ္တူ အကြောင်းကိုဖြစ်စေ ပြောကြားချက်သည်သော်လည်းကောင်း မူရင်း၏ဒုတိယအဆင့် သက်သေခံ ချက် မဟုတ်ချေ။

စာတမ်းအမှတ်အသားများကို သက်သေထင်ရှားစေရန်မူရင်းသက်သေခံချက်ကိုတင်ပြခြင်း။

၆၄။ ဤဥပဒေတွင် နောက်လာမည့် ပြဋ္ဌာန်းချက်များ၌ ဖော်ပြထားသည့် ကိစ္စများမှတစ်ပါး စာတမ်း အမှတ်အသားများကို သက်သေထင်ရှားစေရန် မူရင်းသက်သေခံချက်ကိုတင်ပြရပါမည်။

စာတမ်းအမှတ်အသားများနှင့်စပ်လျဉ်း၍ ဒုတိယအဆင့်သက်သေခံချက်တင်ပြနိုင်သောကိစ္စများ။

၆၅။ စာတမ်းအမှတ်အသားတစ်ခုတည်းရှိခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုစာတမ်းအမှတ်အသား၏စည်း ကမ်းချက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုစာတမ်းအမှတ်အသားတွင်ပါရှိသောအချက်များနှင့် စပ်လျဉ်း၍ဖြစ် စေ ဒုတိယအဆင့်သက်သေခံချက်ကိုအောက်ပါကိစ္စများတွင်တင်ပြနိုင်သည်-

(က) မူရင်းစာတမ်းအမှတ်အသားသည် ထိုစာတမ်းအမှတ်အသားကို သက်သေထင်ရှားတင်ပြခြင်းဖြင့် အကျိုးထိခိုက်နစ်နာမည့်သူ သို့မဟုတ် တရားရုံးက ဆင့်ခေါ်၍ မရနိုင်အောင်အလှမ်းကွာဝေးသူ သို့မ ဟုတ် တရားရုံးက ဆင့်ခေါ်ခြင်းကိုမလိုက်နာဘဲနေနိုင်ခွင့်ရှိသူ သို့မဟုတ် ဥပဒေအရ ယင်းစာတမ်းအ မှတ်အသားကိုတင်ပြရန် တာဝန်ရှိသူ၏ လက်တွင်ဖြစ်စေ၊ ယင်း၏စီမံပိုင်ခွင့် အတွင်းတွင် ဖြစ်စေ ရှိနေ ကြောင်းတင်ပြပြီးဖြစ်သည့်အခါတွင် သို့မဟုတ် ထိုသို့ရှိနေဟန် လက္ခဏာရှိသည့်အခါတွင် ထို့ပြင် ပုဒ်မ ၆၆ တွင် ဖော်ပြထားသည့်အကြောင်းကြားစာကိုလည်းပေးပို့ပြီးဖြစ်လျက်နှင့် ထိုသူကထိုမူရင်း စာတမ်း အမှတ်အသားကို တင်ပြခြင်းမရှိသည့်အခါ၊

(ခ) မူရင်းစာတမ်းအမှတ်အသားကို သက်သေထင်ရှားတင်ပြခြင်းဖြင့် အကျိုးထိခိုက်နစ်နာမည့်သူက သို့မဟုတ် ထိုသူ၏ကိုယ်စားလှယ်က မူရင်းစာတမ်းအမှတ်အသားတည်ရှိခြင်းကိုဖြစ်စေ၊ ယင်း၏စည်း ကမ်းချက်ကိုဖြစ်စေ၊ ယင်းတွင်ပါရှိသောအချက်များကိုဖြစ်စေ စာဖြင့်ရေးသားဝန်ခံထားကြောင်း သက်သေထင်ရှားတင်ပြသည့်အခါ၊

(ဂ) မူရင်းစာတမ်းအမှတ်အသားပျက်စီးသည့် သို့မဟုတ် ပျောက်ဆုံးသည့်အခါ သို့မဟုတ် ထိုမူရင်းစာ တမ်းအမှတ်အသားတွင်ပါရှိသောအချက်များကို သက်သေထင်ရှားတင်ပြလိုသူက မိမိ၏ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုကြောင့်ထိုမူရင်းစာတမ်းအမှတ်အသား ကို သင့်တော်သည့်အချိန်ကာလအတွင်းတင်ပြခြင်းမပြုနိုင်သည့်အခါ၊

(ဃ) မူရင်းစာတမ်းအမှတ်အသားသည် သဘောသဘာဝအားဖြင့် အလွယ်တကူ ရွှေ့ပြောင်းခြင်းမပြုနိုင် သည့် ပစ္စည်းမျိုးဖြစ်နေသည့်အခါ၊

(င) မူရင်းစာတမ်းအမှတ်အသားသည် ပုဒ်မ ၇၄ ပါပြဋ္ဌာန်းချက်တွင် အကျုံးဝင်သော အများပြည်သူ တို့နှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားဖြစ်နေသည့်အခါ၊

(စ) စာတမ်းအမှတ်အသားတစ်ခုကို သက်သေခံအဖြစ်တင်ပြရာ၌ မူရင်းစာတမ်းအမှတ်အသားသည် ဤဥပဒေအရဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တည်ဆဲဖြစ်သည့်အခြားဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ တာဝန်ခံမိတ္တူဖြင့် သက်သေခံတင်ပြရန်ခွင့်ပြုထားသည့်အခါ၊

(ဆ) မူရင်းစာတမ်းအမှတ်အသားများတွင် ငွေစာရင်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများ၊ မြောက်မြားစွာပါရှိသဖြင့် ယင်းတို့ကို တရားရုံးကအလွယ်တကူစစ်ဆေးခြင်းမပြုနိုင်သည့်ပြင် သက်သေ ထင်ရှားအောင်တင်ပြရမည့် အကြောင်းခြင်းရာမှာလည်း ထိုငွေစာရင်းများ သို့မဟုတ် စာရွက်စာတမ်း များအားလုံးကို စစ်ဆေးခြင်းဖြင့် အားလုံးခြုံ၍ တွေ့ရှိသည့် အချက်ဖြစ်သည့်အခါ။

အထက်ပါ (က)၊ (ဂ) နှင့် (ဃ) ကိစ္စများတွင် စာတမ်းအမှတ်အသား၌ပါရှိသော အချက်များ၏မည်သည့် ဒုတိယအဆင့် သက်သေခံချက်မဆို သက်သေခံဝင်သည်။

အထက်ပါ (ခ) ကိစ္စတွင် စာဖြင့်ရေးသားထားသော ဝန်ခံချက်သည် သက်သေခံဝင်သည်။

အထက်ပါ (င) သို့မဟုတ် (စ) ကိစ္စတွင်စာတမ်းအမှတ်အသား၏ တာဝန်ခံမိတ္တူသာလျှင် သက်သေခံ ဝင်၍ အခြားမည်သည့် ဒုတိယအဆင့် သက်သေခံချက်မျိုးမျှ သက်သေခံမဝင်ချေ။

အထက်ပါ (ဆ) ကိစ္စတွင် ထိုသို့သော စာတမ်းအမှတ်အသားများကို စစ်ဆေးခြင်း၌ ကျွမ်းကျင်သူတစ်ဦး ဦးက ထိုစာတမ်းအမှတ်အသားများကို စစ်ဆေးပြီးနောက် ယင်းတို့အပေါ်အားလုံးခြုံ၍ တွေ့ရှိသည့် အချက်ကိုသက်သေခံတင်ပြနိုင်သည်။

စာတမ်းအမှတ်အသားတင်ပြရန်အကြောင်းကြားစာနှင့် စပ်လျဉ်းသည့်စည်းကမ်းများ။

၆၆။ ပုဒ်မ ၆၅၊ အပိုဒ် (က) တွင်ရည်ညွှန်းထားသော စာတမ်းအမှတ်အသားများ၌ ပါရှိသည့်အချက်များ ၏ ဒုတိယအဆင့်သက်သေခံချက်ကိုတင်ပြလိုသောအမှုသည်က မူရင်းစာတမ်းအမှတ်အသားကိုလက်ရှိ ဖြစ်သော သို့မဟုတ် စီမံပိုင်ခွင့်ရှိသောအမှုသည်အားဖြစ်စေ၊ ယင်း၏ရှေ့နေအားဖြစ်စေ၊ အဆိုပါ စာတမ်းအမှတ်အသားကို

Myanmar Law Information System (MLIS)

တင်ပြစေရန်အတွက် ဥပဒေအရ သတ်မှတ်ထားသောအကြောင်းကြားစာဖြစ် စေ၊ အဆိုပါစာတမ်းအမှတ်အသားကို တင်ပြစေရန်အတွက် အကြောင်းကြားစာကို ဥပဒေအရ သတ်မှတ် ထားခြင်းမရှိလျှင် အမှု၏အခြေအနေအရ တရားရုံးကသင့်တော်သည်ဟုယူဆသော အကြောင်းကြားစာ ဖြစ်စေ အကြောင်းကြားစာတစ်မျိုးမျိုးကို ကြိုတင်ပေးပို့ခဲ့ခြင်းမရှိလျှင် မိမိတင်ပြလိုသော ဒုတိယအဆင့် သက်သေခံချက်ကို တင်ပြခြင်းမပြုရ။

သို့ရာတွင် အောက်ပါကိစ္စတစ်ရပ်ရပ်တွင် ဒုတိယအဆင့် သက်သေခံချက်ကို သက်သေခံဝင်စေရန် အတွက် အဆိုပါ အကြောင်းကြားစာကိုပေးပို့ရန်မလို-

(၁) သက်သေထင်ရှားတင်ပြရမည့် စာတမ်းအမှတ်အသားသည်ပင်လျှင် အကြောင်းကြားစာဖြစ်နေသည့် အခါ၊

(၂)အမှု၏သဘောသဘာဝအရ ထိုစာတမ်းအမှတ်အသားကိုတင်ပြစေရန် မိမိအားတောင်းဆိုတော့မည် ကိုဆန့်ကျင်ဘက်အမှုသည်အနေနှင့်သိထိုက်သည့်အခါ၊

(၃) ဆန့်ကျင်ဘက်အမှုသည်က လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အနိုင်အထက်ပြု၍ဖြစ်စေ၊ မူရင်းစာတမ်း အမှတ်အသားကို ရယူခဲ့သည့်လက္ခဏာရှိသည့် သို့မဟုတ် ထိုသို့ရယူခဲ့ကြောင်းသက်သေထင်ရှားရှိသည့် အခါ၊

(၄) ဆန့်ကျင်ဘက်အမှုသည်က သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူက မူရင်းစာတမ်းအမှတ်အ သားကို တရားရုံးတွင်တင်သွင်းထားသည့်အခါ၊

(၅) ဆန့်ကျင်ဘက်အမှုသည်က သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူက ထိုစာတမ်းအမှတ် အသားပျောက်ဆုံးကြောင်း ဝန်ခံထားသည့်အခါ၊

(၆) စာတမ်းအမှတ်အသားလက်ရှိဖြစ်သူသည် တရားရုံးကဆင့်ခေါ်၍မရနိုင်အောင်အလှမ်းကွာဝေးသူ သော်လည်းကောင်း၊ တရားရုံးကဆင့်ခေါ်ခြင်းကို မလိုက်နာဘဲနေနိုင်ခွင့်ရှိသူသော်လည်းကောင်းဖြစ် သည့်အခါ သို့မဟုတ် ဒုတိယအဆင့်သက်သေခံချက်ကိုသက်သေခံဝင်စေရန်အတွက် ထိုအကြောင်းကြား စာကိုပေးပို့ရန်မလို။

တင်ပြထားသည့်စာချုပ်စာတမ်းကိုလက်မှတ်ရေးထိုးခဲ့သည် သို့မဟုတ် ရေးသားခဲ့သည်ဆိုသူ၏ ထိုးမြဲလက်မှတ်နှင့်လက်ရေးဖြစ်ကြောင်းသက်သေထင်ရှားတင်ပြခြင်း။

၆၇။ စာချုပ်စာတမ်းတစ်ခုကို တစ်ဦးတစ်ယောက်သောသူက လက်မှတ်ရေးထိုးထားသည် သို့မဟုတ် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရေးသားထားသည်ဟုအဆိုရှိလျှင် ထိုထိုးမြဲလက်မှတ် သည် သို့မဟုတ် အဆိုပါစာတမ်းအမှတ်အသားရှိ ထိုသူ၏လက်ရေးနှင့်ဖြစ်သည်ဆိုသော ရေးသားချက် မှန်သမျှသည် ထိုသူ၏လက်ရေးနှင့်ဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရမည်။

ဥပဒေအရအသိသက်သေလက်မှတ်ရေးထိုးရန်လိုအပ်သောစာချုပ်စာတမ်းကိုချုပ်ဆိုကြောင်းသက် သေထင်ရှားတင်ပြခြင်း။

၆၈။ စာချုပ်စာတမ်းတစ်ခုကို ဥပဒေအရ အသိသက်သေများက လက်မှတ်ရေးထိုးရန်လိုအပ်သည်ဖြစ် လျှင် ထိုသို့လက်မှတ်ရေးထိုးသည့် အသိသက်သေများအနက် တစ်ဦးသည် အသက်ထင်ရှားရှိသူဖြစ်ပြီး တရားရုံးကဆင့်ခေါ်ခြင်းကို လိုက်နာရမည့်သူလည်းဖြစ်၍ သက်သေခံချက်ပေးနိုင်စွမ်းရှိသူလည်းဖြစ် လျှင် ထိုစာချုပ်စာတမ်းတွင်လက်မှတ်ရေးထိုးသော အသိသက်သေအနည်းဆုံးတစ်ဦးကို အဆိုပါ စာချုပ်စာတမ်း ချုပ်ဆိုခဲ့ပြီးကြောင်း သက်သေထင်ရှားတင်ပြရန်အတွက်ခေါ်ယူစစ်ဆေးပြီးမှသာလျှင် ထိုစာချုပ်စာတမ်းကို

သက်သေခံချက်အဖြစ် အသုံးပြုနိုင်သည်။ ထိုသို့အသိသက်သေကို ခေါ်ယူစစ်ဆေး ခြင်းမပြုသေးသမျှ ထိုစာချုပ်စာတမ်းကို သက်သေခံချက်အဖြစ် အသုံးမပြုရ။

သို့ရာတွင်စာချုပ်စာတမ်းတစ်ခုကို မှတ်ပုံတင်ထားပြီးဖြစ်သည့်ပြင် ထိုချုပ်ဆိုသူကပင် ယင်းသို့ချုပ်ဆိုခဲ့ ကြောင်းကို အတိအလင်း ငြင်းဆိုခြင်းမရှိပါက သက်သေထင်ရှား တင်ပြရန်အလို့ငှာ လက်မှတ်ရေးထိုး ခဲ့သူ အသိသက်သေတစ်ဦးကို ခေါ်ယူစစ်ဆေးရန်မလို၊ ဤကိစ္စတွင် သေတမ်းစာများအကျုံးမဝင်ချေ။

အသိသက်သေအဖြစ်လက်မှတ်ရေးထိုးသူကိုရှာမတွေ့သည့်အခါသက်သေထင်ရှားတင်ပြခြင်း။

၆၉။ အဆိုပါအသိသက်သေကို ရှာမတွေ့နိုင်လျှင် သို့မဟုတ် ယူနိုတ်တက်ကင်းဒမ်းတွင်ချုပ်ဆိုခြင်းဖြစ်ခဲ့ လျှင် ထိုစာချုပ်စာတမ်းတွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသူများအနက်မှ အနည်းဆုံးတစ်ဦး ၏သက်သေခံလက်မှတ်သည် ထိုသူ၏လက်ရေးဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုစာချုပ်စာတမ်းကို ချုပ်ဆိုသူ၏ထိုးမြဲလက်မှတ်သည် ထိုသူ၏လက်မှတ်ဖြစ်ကြောင်းကိုလည်းကောင်းသက်သေထင်ရှားတင် ပြရမည်။

အသိသက်သေလက်မှတ်ရေးထိုးထားသောစာချုပ်စာတမ်းကိုချုပ်ဆိုခဲ့သူက ထိုသို့ချုပ်ဆိုကြောင်း ကိုဝန်ခံခြင်း။

၇၀။ စာချုပ်စာတမ်းတစ်ခုသည် ဥပဒေအရ အသိသက်သေလက်မှတ်ရေးထိုးရမည် ဖြစ်စေကာမူသက် သေခံလက်မှတ်ရေးထိုးထားပြီးဖြစ်၍ ထိုချုပ်ဆိုသူကိုယ်တိုင်ကလည်း မိမိချုပ်ဆိုခဲ့ကြောင်းဝန်ခံ ထားလျှင် ယင်းဝန်ခံချက်သည် ထိုသူနှင့် ပတ်သက်၍ စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်းလုံလောက် သည့်သက်သေထင်ရှားခြင်းဖြစ်သည်။

လက်မှတ်ရေးထိုးသောအသိသက်သေကမချုပ်ဆိုကြောင်းငြင်းဆိုသည့်အခါသက်သေထင်ရှားတင် ပြခြင်း။

၇၁။ လက်မှတ်ရေးထိုးသော အသိသက်သေကထိုစာချုပ် စာတမ်းကို ချုပ်ဆိုခဲ့ခြင်းမရှိဟုငြင်းဆိုလျှင် သို့မဟုတ် သတိမရလျှင် ထိုသို့ချုပ်ဆိုခဲ့ကြောင်း အခြားသက်သေခံချက်ဖြင့်သက်သေထင်ရှားတင်ပြ နိုင်သည်။

ဥပဒေအရအသိသက်သေလက်မှတ်ထိုးရန်မလိုသောစာချုပ်စာတမ်းကိုချုပ်ဆိုကြောင်းသက်သေ ထင် ရှားတင်ပြခြင်း။

၇၂။ ဥပဒေအရ အသိသက်သေလက်မှတ်ရေးထိုးရန်မလိုသော စာချုပ်စာတမ်းတစ်ခု တွင်အသိသက်သေ လက်မှတ်ရေးထိုးထားပြီးဖြစ်သော်လည်း ချုပ်ဆိုခြင်းကို သက်သေထင်ရှားတင်ပြရာ၌အသိသက်သေ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အနေဖြင့်တင်ပြနိုင်သည်။

ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ကိုအခြားဝန်ခံထားသော သို့မဟုတ် သက်သေ ထင်ရှားတင် ပြပြီးသော ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်နှင့်တိုက်ဆိုင်စစ်ဆေးခြင်း။

၇၃။ တစ်စုံတစ်ခုသော ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်သည်ယင်းကို ရေးသားခဲ့သည် သို့မ ဟုတ် ပြုလုပ်ခဲ့သည်ဆိုသူ၏ ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ် ဟုတ်မဟုတ် သိရှိနိုင်ရန် အလို့ငှာ အဆိုပါ ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ကို ထိုသူရေးသားခဲ့သည် သို့မဟုတ် ပြု လုပ်ခဲ့သည်ဟု ဝန်ခံထားသော သို့မဟုတ် တရားရုံးကကျေနပ်လောက်အောင်သက်သေထင်ရှားတင်ပြ ထားသော ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ်တံဆိပ်တစ်ခုခုနှင့် တိုက်ဆိုင်စစ်ဆေးနိုင်သည်။ ထို သူရေးသားခဲ့သည့် သို့မဟုတ် ပြုလုပ်ခဲ့သည်ဟုဝန်ခံထားသော သို့မဟုတ် တရားရုံးကကျေနပ်လောက် အောင် သက်သေထင်ရှားတင်ပြထားသော

Myanmar Law Information System (MLIS)

ဆိုခဲ့သည့် ထိုးမြဲလက်မှတ်၊ လက်ရေး သို့မဟုတ် တံဆိပ်ကို တင်ပြစဉ်က ဤကိစ္စအတွက် တင်ပြခဲ့ခြင်း မဟုတ်စေကာမူ ထိုသို့တိုက်ဆိုင်စစ်ဆေးခြင်းပြုနိုင်သည်။

တရားရုံးသည် ရုံးရှေ့တွင် ရောက်ရှိနေသူ တစ်ဦးဦးအား ထိုသူရေးသားသည်ဆိုသော စာလုံးများ သို့မဟုတ် ဂဏန်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန်အလို့ငှာ မည်သည့်စာလုံး သို့မဟုတ် ဂဏန်းများကိုမဆို ရေးသားရန် ညွှန်ကြားနိုင်သည်။

ဤပုဒ်မသည် လက်ဗွေပုံစံများနှင့်လည်း သက်ဆိုင်သည်။ ယင်းကိစ္စအလို့ငှာ ဤပုဒ်မကိုလိုအပ်သလိုပြင် ဆင်ခြင်းလည်းပြုနိုင်သည်။

## အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများ

အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများ။

၇၄။ အောက်ပါစာတမ်းအမှတ်အသားများသည် အများပြည်သူတို့နှင့် သက်ဆိုင်သည့်စာတမ်းအမှတ်အ သားများဖြစ်သည်-

၁။ အောက်ပါတို့၏ဆောင်ရွက်ချက်ဖြစ်သော သို့မဟုတ် ဆောင်ရွက်ချက် မှတ်တမ်းများဖြစ်သောစာ တမ်းအမှတ်အသား သို့မဟုတ် ဥပဒေများ၏ မှတ်တမ်းများ-

(က) နိုင်ငံတော် အချုပ်အခြာအာဏာပိုင်၊

(ခ) ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့်ခုံရုံးများ၊ ထို့ပြင်

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခု၏ ဥပဒေပြုဆိုင်ရာ၊ တရား စီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာပြည်သူ့ဝန်ထမ်းများ။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အများပြည်သူတို့နှင့် သက်ဆိုင်သော မှတ်တမ်းများအဖြစ်ထိန်း သိမ်းထားရှိသည့် ပုဂ္ဂလိကစာတမ်းအမှတ်အသားများ။

ပုဂ္ဂလိကစာတမ်းအမှတ်အသားများ

၇၅။ အခြားစာတမ်းအမှတ်အသားအားလုံးသည် ပုဂ္ဂလိကစာတမ်းအမှတ်အသားများဖြစ်သည်။

အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများ။

၇၆။ မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိသော အများပြည်သူတို့နှင့် သက်ဆိုင်သည့် စာတမ်းအမှတ် အသားကို ထိန်းသိမ်းရသော ပြည်သူ့ဝန်ထမ်းအသီးသီးသည် ထိုသို့စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိသူက ကျသင့်သည့်တရားဝင်သတ်မှတ်သော အခကြေးငွေကိုပေးဆောင်၍ ထိုစာတမ်းအမှတ်အသားကိုတောင်း ဆိုသည့်အခါ ထိုသူအားယင်းမိတ္တူကို ထုတ်ပေးရမည်၊ ထိုမိတ္တူ၏အောက်ခြေတွင် ယင်းမိတ္တူမှာဆိုခဲ့ သည့် စာတမ်းအမှတ်အသား၏ တာဝန်ခံမိတ္တူမှန်ဖြစ်ကြောင်း သို့မဟုတ် ထိုစာတမ်းအမှတ်အသား တစ်စိတ်တစ်ပိုင်း၏ မိတ္တူဖြစ်ကြောင်း ထောက်ခံချက်ပါရှိစေရမည်၊ ထိုထောက်ခံချက်တွင် အဆိုပါ ပြည်သူ့ဝန်ထမ်းက မိမိ၏အမည်ရာထူးအမည် တို့ကိုဖော်ပြပြီးနေ့စွဲတပ်၍ လက်မှတ်ရေးထိုးရမည်၊ ထို ဝန်ထမ်းသည်ဥပဒေအရ တံဆိပ်အမှတ်အသားကို အသုံးပြုခွင့်ရှိလျှင် ထိုတံဆိပ်အမှတ်အသားကို ရိုက် နှိပ်ရမည်၊ ဤကဲ့သို့ထောက်ခံရေးသားထားသော မိတ္တူများကိုတာဝန်ခံမိတ္တူများဟု ခေါ်တွင်စေရ မည်။

Myanmar Law Information System (MLIS)

**ရှင်းလင်းချက်**။ ဝန်ထမ်းတစ်ဦးဦးသည် လုပ်ဆောင်နေကျဖြစ်သည့် မိမိ၏ရာထူးဆိုင်ရာ ဝတ္တရားအရ အဆိုပါ မိတ္တူများကို ထုတ်ပေးခွင့်ရှိလျှင် ထိုဝန်ထမ်းသည် ဤပုဒ်မ၏အဓိပ္ပာယ်အရဆိုခဲ့သော စာတမ်း အမှတ်အသားများကို ထိန်းသိမ်းရသော ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

တာဝန်ခံမိတ္တူများကိုစာတမ်းအမှတ်အသားများအဖြစ်သက်သေထင်ရှားတင်ပြခြင်း။

၇၇။ အများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများတွင် သို့မဟုတ် ယင်းစာတမ်း အမှတ်အသား၏ အစိတ်အပိုင်းများတွင် ပါရှိသည့်အချက်များ သက်သေထင်ရှားတင်ပြရန်အလို့ငှာ အဆိုပါ စာတမ်းအမှတ်အသားများ၏တာဝန်ခံမိတ္တူများကိုတင်ပြနိုင်သည်။

အစိုးရရုံးများဆိုင်ရာ အခြားစာတမ်းအမှတ်အသားများအတွက်သက်သေထင်ရှားတင်ပြခြင်း။

၇၈။ အောက်ပါအများပြည်သူတို့နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကို အောက်တွင်ဖော်ပြ ထားသည့်အတိုင်း သက်သေထင်ရှားတင်ပြနိုင်သည်-

(၁) အစိုးရအက်ဥပဒေများ၊ အမိန့်များနှင့် အမိန့်ကြော်ငြာစာများ-

သက်ဆိုင်ရာဌာနများ၏အကြီးအကဲများက တာဝန်ခံလက်မှတ်ရေးထိုးထားသော ဌာနဆိုင်ရာမှ မှတ်တမ်းများ သို့မဟုတ်ပြည်ထောင်စုသမ္မတ၏ အမိန့်သဘောအရပုံနှိပ်ထားသည်ဆိုသော စာတမ်း အမှတ်အသား များ၊

(၂) ဥပဒေပြုအဖွဲ့များ၏ဆောင်ရွက်ချက်များ-

ထိုအဖွဲ့များ၏ဂျာနယ်များ သို့မဟုတ် ထုတ်ပြန်ထားသော အက်ဥပဒေများ သို့မဟုတ်၎င်းတို့၏ ကောက် နုတ်ချက်များ သို့မဟုတ် ပြည်ထောင်စုသမ္မတ၏အမိန့်သဘောအရပုံနှိပ်ထားသည်ဆိုသောမိတ္တူများ၊

(၃) ဗြိတိန်ဘုရင် သို့မဟုတ် ပရီဗွီကောင်စီ သို့မဟုတ် ဗြိတိန်ဘုရင်အစိုးရ၏ဌာနတစ်ခုခုမှဖြစ်စေ ထုတ်ပြန်သော ကြေညာစာတမ်းများ-

အမိန့်နှင့်စည်းမျဉ်းဥပဒေများ သို့မဟုတ် လန်ဒန်ဂေဇက်က ရိုက်နှိပ်သည့်သဘောသက်ရောက်သည့် မိတ္တူနှင့်ကောက်နုတ်ချက်များ၊

(၄) နိုင်ငံခြားတိုင်းပြည်တစ်ပြည်၏အုပ်ချုပ်ရေးအဖွဲ့၏အက်ဥပဒေများ သို့မဟုတ် ဥပဒေပြုအဖွဲ့၏ ဆောင်ရွက်ချက်များ-

၎င်းအဖွဲ့များ၏ အမိန့်အာဏာအရ ထုတ်ဝေသော သို့မဟုတ် ထိုနိုင်ငံတွင် ထိုကဲ့သို့ထုတ်ဝေသည်ဟု သာမန်အားဖြင့် လက်ခံသောဂျာနယ်များ သို့မဟုတ် ထိုနိုင်ငံ၏တံဆိပ်ဖြင့်ဖြစ်စေ ထိုနိုင်ငံဘုရင်၏ တံဆိပ်အမှတ်အသားဖြင့် တာဝန်ခံလက်မှတ်ရေးထိုးထားသော သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တည်ဆဲဖြစ်သော ဥပဒေအရအသိအမှတ်ပြုထားသော မိတ္တူများ၊

(၅) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းစည်ပင်သာယာရေးအဖွဲ့ တစ်ဖွဲ့၏ဆောင်ရွက်ချက်များ-

အဆိုပါ ဆောင်ရွက်ချက်များကို ဥပဒေအရထိန်းသိမ်းရသူက တာဝန်ခံလက်မှတ်ရေးထိုးသောအဆိုပါ ဆောင်ရွက်ချက်များ၏မိတ္တူ သို့မဟုတ် အဆိုပါအဖွဲ့၏အမိန့်အရထုတ်ဝေထားသည်ဆိုသော ပုံနှိပ် ထားသည့်စာအုပ်၊

(၆) နိုင်ငံခြားတိုင်းပြည်တစ်ပြည်၏ အများပြည်သူတို့နှင့်သက်ဆိုင်သော အခြားစာတမ်းအမှတ် အသား-

Myanmar Law Information System (MLIS)

အထက်ပါ အမျိုးအစားတစ်ရပ်ရပ်ကို မူရင်းစာတမ်း သို့မဟုတ် အဆိုပါစာတမ်းအမှတ်အသားကို တရားဝင်ထိန်းသိမ်းရသူ၏ တာဝန်ခံမိတ္တူဖြင့် တင်ပြနိုင်သည်။ ဆိုခဲ့သည့်မှန်ကြောင်းထောက်ခံ ထားသောမိတ္တူသည် မူရင်းစာတမ်းအမှတ်အသား၏ အမျိုးအစားဖြစ်ကြောင်းကို ထိုနိုင်ငံခြားတိုင်းပြည် ၏တရားဥပဒေနှင့်အညီအထောက်အထားတင်ပြပြီးဖြစ်သည်ဟူ၍လည်းကောင်း၊ မူရင်းစာတမ်း အမှတ်အသားကို တရားဝင်ထိန်းသိမ်းရသူကနည်းလမ်းတကျ တာဝန်ခံမိတ္တူဖြစ်သည်ဟူ၍လည်း ကောင်း နိုထရီပတ်ဗလစ်မှတ်ပုံတင်အရာရှိကဖြစ်စေ၊ ဗြိတိသျှကောင်စစ်ဝန် သို့မဟုတ် သံတမန်ကိုယ် စားလှယ် သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော် သို့မဟုတ် သံတမန် ကိုယ်စားလှယ်ကဖြစ်စေ တံဆိပ် ရိုက်နှိပ်ထားပြီး တာဝန်ခံကြောင်းသက်သေခံချက်တစ်ရပ်ရပ်ပါရှိရမည်။

### စာတမ်းအမှတ်အသားများနှင့် စပ်လျဉ်း၍ အမှန်ကဲ့သို့မှတ်ယူခြင်း

တာဝန်ခံမိတ္တူများအစစ်အမှန်ဟုမှတ်ယူခြင်း။

၇၉။ သက်သေခံလက်မှတ်သော်လည်းကောင်း၊ တာဝန်ခံမိတ္တူသော်လည်းကောင်း၊ အခြားစာချုပ်စာ တမ်းသော်လည်းကောင်း ဖြစ်သည်ဆိုသော စာတမ်းအမှတ်အသားတစ်ခုသည် တစ်စုံတစ်ခုသော အချက်အတွက် သက်သေခံချက်အဖြစ် သက်သေခံဝင်သည်ဟု ဥပဒေအရ ကြေညာထားသောစာတမ်း အမှတ်အသားဖြစ်ခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဝန်ထမ်းတစ်ဦးဦးကနည်းလမ်းတကျ တာဝန်ခံထားသော စာတမ်းအမှတ်အသားဖြစ်ခြင်းတို့နှင့် ပြည့်စုံလျှင် တရားရုံးကယင်းကိုစစ်မှန်သည် ဟု မှတ်ယူရမည်။

သို့ရာတွင် ထိုကိစ္စနှင့်စပ်လျဉ်းသည့် အဓိကအားဖြင့် ဥပဒေတွင်ညွှန်ပြထားသည့် သဘောသက်ရောက် သောပုံစံဖြင့် ချုပ်ဆိုထား၍ ထိုသို့ညွှန်ပြထားသည့်နည်းလမ်းအရ ရေးသားချုပ်ဆိုထားသောစာတမ်း အမှတ်အသားဖြစ်ရမည်။

အဆိုပါ စာတမ်းအမှတ်အသားကို လက်မှတ်ရေးထိုးသည် သို့မဟုတ် တာဝန်ခံသည်ဆိုသော ဝန်ထမ်း သည် ထိုစာတမ်းအမှတ်အသားကို လက်မှတ်ရေးထိုးသည့်အခါ ယင်းစာတမ်းအမှတ်အသားပေါ်တွင် ဖော်ပြထားသည့်ရာထူးတွင် လက်ရှိထမ်းဆောင်နေသည်ဟု တရားရုံးကမှတ်ယူရမည်။

သက်သေခံချက်၏မှတ်တမ်းအဖြစ်တင်ပြသည့်စာတမ်းအမှတ်အသားများနှင့်စပ်လျဉ်း၍ အမှန်ကဲ့ သို့မှတ်ယူခြင်း။

၈၀။ တရားစီရင်ရေးမှုခင်းတစ်ခုတွင်ဖြစ်စေ၊ တရားဥပဒေအရ သက်သေခံ ရေးမှတ်ရယူခွင့်ရှိသူဝန်ထမ်း တစ်ဦးတစ်ယောက်ထံတွင်ဖြစ်စေ၊ သက်သေတစ်ဦးကထွက်ဆိုသော သက်သေခံချက် သို့မဟုတ် သက် သေခံချက်တစ်စိတ်တစ်ပိုင်း၏ မှတ်တမ်းသော်လည်းကောင်း၊ အကျဉ်းချုပ်သော်လည်းကောင်းဖြစ်သည် ဆိုသော စာတမ်းအမှတ်အသား သို့မဟုတ် တရားဥပဒေအရရေးမှတ်ရယူထားပြီးတရားသူကြီး သို့မဟုတ် ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အထက်ဆိုခဲ့သည့် ဝန်ထမ်းတစ်ဦးဦးကဖြစ်စေ လက်မှတ်ရေး ထိုးထားသည်ဆိုသော အကျဉ်းသား သို့မဟုတ် တရားခံတစ်ဦးတစ်ယောက်၏ ထွက်ချက်သော်လည်းကောင်း၊ ဖြောင့်ချက်သော်လည်းကောင်း ဖြစ်သည်ဆိုသော စာတမ်းအမှတ်အသား တစ်ခုခုကို တရားရုံး တစ်ခုခုသို့ တင်ပြသည့်အခါ ထိုတရားရုံးက ထိုစာတမ်းအမှတ်အသားသည် စစ်မှန်သည်ဟူ၍လည်းကောင်း၊ ထိုစာတမ်းအမှတ်အသားကို ရေးမှတ်ရယူရာတွင် ရှိနေသော အခြေအနေနှင့်စပ်လျဉ်း၍ လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်သည်ဟူ၍လည်းကောင်း



Myanmar Law Information System (MLIS)

ထိုသက်သေခံချက်၊ ထွက်ချက် သို့မဟုတ် ဖြောင့်ချက်ကို နည်းလမ်းတကျ ရေးမှတ်ရယူထားသည် ဟူ၍လည်းကောင်း မှတ်ယူရမည်။

နိုင်ငံတော်ပြန်တမ်းများ၊ သတင်းစာများနှင့် အခြားစာတမ်းအမှတ်အသားများ ပါလီမန်ဥပဒေများ နှင့်စပ်လျဥ်း၍ အမှန်ကဲ့သို့မှတ်ယူခြင်း။

၈၁။ အောက်တွင်ဖော်ပြထားသော စာတမ်းအမှတ်အသားများသည် အစစ်အမှန်ဖြစ်သည်ဟုမှတ်ယူရ မည်။

လန်ဒန်ဂေဇက် သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံပြန်တမ်း သို့မဟုတ် ဗြိတိသျှအစိုးရ၏ ကိုလိုနီ နိုင်ငံလက်အောက်ခံ နိုင်ငံ သို့မဟုတ် ပိုင်ဆိုင်သော နိုင်ငံ၏ အစိုးရပြန်တမ်း သို့မဟုတ် သတင်းစာ သို့ မဟုတ် ဂျာနယ် သို့မဟုတ် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့ပါဝင်သော ယူနိုက်တက်ကင်းဒမ်းနိုင်ငံပါလီ မန်၏ အက်ဥပဒေကိုအစိုးရပုံနှိပ်ရေးအရာရှိက ပုံနှိပ်ထားသည်ဆိုသော မိတ္တူနှင့်ဥပဒေတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရ လူတစ်ဦးတစ်ယောက်က ထိန်းသိမ်းထားရသော စာတမ်းအမှတ်အသားဖြစ်၍ ဥပဒေ က လိုအပ်သည့်အတိုင်း နေရာတကျထိန်းသိမ်းထားရာမှ တင်ပြခြင်းဖြစ်သည့် စာတမ်းအမှတ်အသား တိုင်းသည် အစစ်အမှန်ဖြစ်သည်ဟုတရားရုံးက မှတ်ယူရမည်။

အင်္ဂလန်တွင်လက်ခံနိုင်သည့် စာတမ်းအမှတ်အသားကိုတံဆိပ် သို့မဟုတ် လက်မှတ်ကိုထင်ရှား အောင် မပြုလုပ်ဘဲအမှန်ကဲ့သို့မှတ်ယူခြင်း။

၈၂။ ဤအမှတ်အသားပါ အမှန်ဖြစ်ကြောင်း ဖော်ပြသည့်တံဆိပ်ခေါင်း သို့မဟုတ် လက်မှတ်ကိုဖြစ်စေ၊ လက်မှတ်ရေးထိုးသည် အဆိုရှိသူက အမှီပြုသည့် ရာထူးကိုဖြစ်စေ ထင်ရှားအောင်မပြုလုပ်ဘဲအင်္ဂလန် နိုင်ငံတွင်ဖြစ်စေ၊ အိုင်ယာလန်နိုင်ငံတွင်ဖြစ်စေ တည်ရှိလျက်ရှိသည့်တရားဥပဒေအရ ယင်းနိုင်ငံများအ တွင်းတရားရုံး တစ်စုံတစ်ရာတွင် မည်သည့်အကြောင်းကိုမဆို ထင်ရှားဖော်ပြရန်လက်ခံလိုက်သည့် အမှတ်အသားတစ်စုံတစ်ရာကို တရားရုံးတွင် တင်ပြသည့်အခါ တရားရုံးက ယင်းတံဆိပ်၊ တံဆိပ်ခေါင်း သို့မဟုတ် လက်မှတ်သည် အစစ်အမှန်ဖြစ်ကြောင်း၊ ၎င်းလက်မှတ်ကိုရေးထိုးသူမှာလည်း ယင်းကဲ့သို့ ရေးထိုးသည့်အခါ တရားရေးရာအရ သို့မဟုတ် ရုံးလုပ်ငန်းအရ တာဝန်ထမ်းဆောင်နေကြောင်းမှတ်ယူ ရမည်။

ထို့ပြင် ယင်းစာတမ်းအမှတ်အသားသည် အင်္ဂလန်နှင့်အိုင်ယာလန်နိုင်ငံတို့တွင် သက်သေခံဝင်သည့်အ တိုင်း သက်သေခံဝင်ရမည်။

အစိုးရ၏ အမိန့်အရပြုလုပ်သည့်မြေပုံများ သို့မဟုတ် ပုံစံပြမြေပုံများနှင့်စပ်လျဥ်း၍အမှန်ကဲ့သို့ မှတ်ယူခြင်း။

၈၃။ နိုင်ငံတော်အစိုးရ၏အမိန့်အရပြုလုပ်ထားသည်ဆိုသော မြေပုံများ သို့မဟုတ် ပုံစံပြမြေပုံများကို ထိုကဲ့သို့ အမိန့်အရပြုလုပ်ထားသည်ဟူ၍လည်းကောင်း၊ ယင်းတို့သည် တိကျမှန်ကန်သည်ဟူ၍လည်း ကောင်း တရားရုံးကမှတ်ယူရမည်။ သို့ရာတွင်အခြားအကြောင်းကိစ္စတစ်ခုခုအတွက် ပြုလုပ်ထားသော မြေပုံများ သို့မဟုတ် စံပြမြေပုံများ တိကျမှန်ကန်ကြောင်းကိုမူ သက်သေထင်ရှားတင်ပြရမည်။

ဥပဒေစုများ၊ စီရင်ထုံးစာအုပ်များနှင့်စပ်လျဥ်း၍အမှန်ကဲ့သို့မှတ်ယူခြင်း။



Myanmar Law Information System (MLIS)

၈၄။ တိုင်းပြည်တစ်ခု၏ အစိုးရအမိန့်အရ ပုံနှိပ်ထုတ်ဝေပြီး တိုင်းပြည်၏ တရားဥပဒေများပါရှိသည် ဆိုသောစာအုပ်ဟူသမျှကိုလည်းကောင်း၊ အဆိုပါတိုင်းပြည်ရှိ တရားရုံးများ၏ စီရင်ထုံးများပါရှိသည်ဆို သော စာအုပ်ဟူသမျှကို လည်းကောင်းစစ်မှန်သည်ဟု တရားရုံးကမှတ်ယူရမည်။

ကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍အမှန်ကဲ့သို့မှတ်ယူခြင်း။

၈၅။ နိုထရီပက်ဗလစ် သို့မဟုတ် တရားရုံး၊ တရားမတရားသူကြီး၊ ရာဇဝတ်တရားသူကြီး၊ ဗြိတိသျှ ကောင်စစ်ဝန် သို့မဟုတ် လက်ထောက်ကောင်စစ်ဝန် သို့မဟုတ် ဗြိတိသျှဘုရင်၏ သို့မဟုတ် ပြန်ထောင်စု မြန်မာနိုင်ငံ၏ကိုယ်စားလှယ်ရှေ့မှောက်တွင်ချုပ်ဆို၍ယင်းက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေး ထိုးထားသော ကိုယ်စားလှယ်စာဖြစ်သည့် စာတမ်းအမှတ်အသားတိုင်းသည် ချုပ်ဆို၍မှန်ကန်ကြောင်း ထင်ရှားစေသည်ဟု မှတ်ယူရမည်။

နိုင်ငံခြားတရားရုံးကတာဝန်ခံလက်မှတ်ရေးထိုးထားသောမိတ္တူများနှင့်စပ်လျဉ်း၍ အမှန်ကဲ့သို့မှတ်ယူခြင်း။

၈၆။ ဗြိတိသျှဘုရင်ပိုင်နိုင်ငံများတွင် အပါအဝင်မဟုတ်သော သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ မဟုတ် သော နိုင်ငံတစ်ခု၏တရားရေးရာတာဝန်ခံ၏ မိတ္တူဆိုသော စာတမ်းအမှတ်အသားတစ်စောင်သည် ထိုနိုင်ငံတွင် တရားရေးရာ မှတ်တမ်းများကို တာဝန်ခံလက်မှတ်ရေးထိုးရာ၌ အစဉ်အားဖြင့်လိုက်နာကျင့် သုံးလေ့ရှိသော နည်းလမ်းအတိုင်း တာဝန်ခံသက်သေခံ လက်မှတ်ရေးထိုးထားခြင်းဖြစ်သည်ဟု ထိုနိုင်ငံရှိ သို့မဟုတ် ထိုနိုင်ငံအတွက် ခန့်အပ်ထားသော ဗြိတိသျှဘုရင်၏သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်တစ်ဦးဦးက တာဝန်ခံလက်မှတ်ရေးထိုးထားလျှင် ထိုစာတမ်း အမှတ်အသားသည်စစ်မှန်၍ တိကျသည်ဟု တရားရုံးကမှတ်ယူနိုင်သည်။

စာအုပ်များ မြေပုံများ၊ အခြေအနေပြမြေပုံများနှင့်စပ်လျဉ်း၍အမှန်ကဲ့သို့မှတ်ယူခြင်း။

၈၇။ အဆိုပါစာအုပ်သည် အများပြည်သူတို့၏ သို့မဟုတ် လူအများ၏အကျိုးနှင့်သက်ဆိုင်သောကိစ္စ များကို သိရှိနိုင်ရန်အလို့ငှာ တရားရုံးက အကိုးအကား ပြုသည့်စာအုပ်ဖြစ်လျှင် မြေပုံ သို့မဟုတ် အခြေ အနေပြမြေပုံသည် အမှု၌စပ်ဆိုင်သော အကြောင်းခြင်းရာများ ဖော်ပြပါရှိပြီး တရားရုံးက ကြည့်ရှု စစ်ဆေးရန် တင်ပြထားလျှင် ထိုရေးသားထားသည်ဆိုသူကပင် ရေးသားခဲ့သည်ဟူ၍လည်းကောင်း၊ ပုံ နှိပ်ဖြန့်ချိသည်ဟုဆိုသူကပင် ပုံနှိပ်ဖြန့်ချိခဲ့သည်ဟူ၍လည်းကောင်း၊ မည်သည့်အချိန်နှင့် မည်သည့်နေရာ၌ ရေးသားခြင်း၊ ပုံနှိပ်ခြင်းပြုသည် ဆိုသည့်အတိုင်းထိုအချိန်၊ ထိုနေရာ၌ပင်ရေးသားခြင်း၊ ပုံနှိပ်ဖြန့်ချိခြင်းပြုခဲ့သည် ဟူ၍လည်းကောင်း တရားရုံးကမှတ်ယူနိုင်သည်။

ကြေးနန်းစာများနှင့်စပ်လျဉ်း၍အမှန်ကဲ့သို့မှတ်ယူခြင်း။

၈၈။ ကြေးနန်းရုံးတစ်ရုံးက ပေးပို့သဖြင့် ကြေးနန်းလိပ်စာတွင် ဖော်ပြထားသူထံရောက်ရှိလာသည့် ကြေးနန်းစာတစ်စောင်သည် ကြေးနန်းရိုက်လိုက်သည်ဆိုသော ကြေးနန်းရုံးတွင် ပေးအပ်ခဲ့သည့်ကြေး နန်းစာနှင့် ထပ်တူဖြစ်သည်ဟု တရားရုံးကမှတ်ယူနိုင်သည်။ သို့ရာတွင် အဆိုပါကြေးနန်းစာကိုရိုက်ရန် ပေးအပ်ခဲ့သူသည် မည်သူမည်ဝါဖြစ်သည်ကိုမူ တရားရုံးက မည်သို့မျှ မှတ်ယူခြင်းမပြုရ။

တင်ပြခြင်းမပြုသောစာချုပ်စာတမ်းများကို ထိုက်သင့်သည့်အားလျော်စွာချုပ်ဆိုခြင်း စသည်တို့နှင့် စပ်လျဉ်း၍အမှန်ကဲ့သို့မှတ်ယူခြင်း။

၈၉။ စာချုပ်စာတမ်းတစ်ခုကို တင်ပြရန်လိုအပ်သည်ဟု တရားရုံးကယူဆသဖြင့် အကြောင်းကြားစာ ပေးပို့၍ တောင်းဆိုထားသော်လည်း တင်ပြခြင်းမပြုသည့်အခါ ထိုစာချုပ်စာတမ်းကို ဥပဒေအရလိုအပ် သည့်နည်းလမ်းအတိုင်း အသိသက်သေ လက်မှတ်ရေးထိုး၍ တံဆိပ်ခေါင်းကပ်ပြီး ချုပ်ဆိုထားသော စာချုပ်စာတမ်းဖြစ်သည်ဟု တရားရုံးကမှတ်ယူရမည်။

နှစ်ပေါင်း (၃၀) ကြာမြင့်သောစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ အမှန်ကဲ့သို့မှတ်ယူခြင်း။

၉၀။ နှစ်ပေါင်း ၃၀ ကြာမြင့်ပြီးဆိုသော သို့မဟုတ် ထိုမျှ ကြာမြင့်ကြောင်း သက်သေထင်ရှားပြီးဖြစ်သော စာချုပ်စာတမ်းတစ်ခုခုကိုသက်ဆိုင်ရာအမှုကိစ္စအတွက် ရုံးသို့တင်ပြသည့်အခါ ထိုစာချုပ်စာတမ်းကို သင့်တော်စွာ ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု တရားရုံးကယူဆလျှင် ယင်းစာချုပ်စာတမ်းတွင် တစ်ဦး တစ်ယောက်လက်မှတ်ဖြစ်သည်ဆိုသော ထိုးမြဲလက်မှတ်နှင့် အခြားအစိတ်အပိုင်းအသီးသီးမှာ ထိုသူ၏ လက်ရေးဖြင့်ဖြစ်သည်ဟု တရားရုံးကမှတ်ယူနိုင်သည်။ ထို့ပြင်ချုပ်ဆိုထားသော စာချုပ်စာတမ်းဖြစ် လျှင် ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုသည် သို့မဟုတ် အသိသက်သေအဖြစ်လက်မှတ်ရေးထိုးသည်ဆို သောသူများက နည်းလမ်းတကျချုပ်ဆိုခြင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း ဖြစ်သည်ဟု တရားရုံးကမှတ်ယူနိုင်သည်။

**ရှင်းလင်းချက်** ။ စာချုပ်စာတမ်းများသည် သဘာဝအတိုင်း ရှိထိုက်သည့်နေရာတွင်ရှိနေ၍ စောင့် ရှောက် သင့်သူက ထိန်းသိမ်းထားရှိလျှင် သင့်တော်စွာ ထိန်းသိမ်းထားရှိသည်ဟုဆိုရမည်။ သို့သော် လည်း ထိန်းသိမ်းထားရှိခြင်းမှာ မူလကတည်းကပင် တရားဝင်ဖြစ်ကြောင်း သက်သေထင်ရှားထား ရှိလျှင် သို့မဟုတ် သက်ဆိုင်ရာအမှုကိစ္စ၏အခြေအနေကိုထောက်၍ မူလကတည်းကပင် ထိုသို့ ထိန်းသိမ်းထားရှိခြင်း ဖြစ်ဖွယ်ရာရှိလျှင် ထိုသို့ထိန်းသိမ်းထားရှိခြင်းမှာလည်း ရှိထိုက်သည့် နေရာတွင် ထိန်းသိမ်းထားရှိခြင်း ဖြစ်သည်ဟုဆိုရမည်။

ဤရှင်းလင်းချက်သည် ပုဒ်မ ၈၁ နှင့်လည်းသက်ဆိုင်သည်။

**ဥပမာများ**

(က) A သည်ကာလကြာမြင့်စွာ မြေကိုလက်ရှိဖြစ်သည်။ ထိုမြေနှင့်စပ်လျဉ်း၍မိမိပိုင်ဆိုင်ခွင့်ရှိကြောင်း ဖော်ပြသောစာချုပ်စာတမ်းများကို မိမိထိန်းသိမ်းထားရှိရာ နေရာမှတင်ပြသည်။ ထိုသို့ထိန်းသိမ်းထား ရှိခြင်းမှာသင့်တော်သည်။

(ခ) မြေအပေါင်ခံသူ A သည်ထိုမြေနှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများကို တင်ပြသည်။ ထိုမြေမှာ ပေါင်နှံသူ၏လက်တွင်ရှိသည်။ ထိုသို့ထိန်းသိမ်းထားရှိခြင်းမှာ သင့်တော်သည်။

(ဂ) B နှင့်အဆက်အသွယ်ရှိသော A ထံတွင်လုံခြုံစွာ ထိန်းသိမ်းထားရန် B ကအပ်နှံထားသည့် B လက် ရှိဖြစ်သော မြေများနှင့်စပ်လျဉ်းသည့်စာချုပ်စာတမ်းများကို A ကတင်ပြသည်။ ထိုသို့ ထိန်းသိမ်းထားရှိ ခြင်းမှာ သင့်တော်သည်။



Myanmar Law Information System (MLIS)

## အခန်း (၆)

## စာတမ်းအမှတ်အသားသက်သေခံချက်တင်ပြရမည့် ကိစ္စတွင် နှုတ်သက်သေခံချက်ကိုပိတ်ပင်ခြင်း

စာချုပ်စာတမ်းအဖြစ်ရေးသားထားသောပဋိညာဉ်များ၊ ပစ္စည်းလွှဲပြောင်းပေးအပ်မှုများနှင့် ပစ္စည်း ကို အခြားနည်းစီမံမှုများတွင်ပါရှိသည့်စည်းကမ်းချက်များကိုသက်သေခံတင်ပြခြင်း။

၉၁။ ပဋိညာဉ်တစ်ခုတွင်ဖြစ်စေ၊ ဂရန်ပေးအပ်မှုတစ်ခုတွင်ဖြစ်စေ၊ ပစ္စည်းကို အခြားနည်းစီမံမှုတစ်ခုခု တွင်ဖြစ်စေ ပါရှိသည့်စည်းကမ်းချက်များကို စာချုပ်စာတမ်းအဖြစ် ရေးသားထားသည့်အခါအဆိုပါ စာချုပ်စာတမ်းတစ်ခုခုတွင်ပါရှိသည့် စည်းကမ်းချက်များကို သော်လည်းကောင်း၊ အကြောင်းအရာတစ် ရပ်ရပ်ကို ဥပဒေအရ စာချုပ်စာတမ်းအဖြစ် ရေးသားထားရှိရန်လိုအပ်သည့် အမှုကိစ္စများတွင် ယင်းစာ ချုပ်စာတမ်း၌ပါရှိသည့် စည်းကမ်းချက်များကိုသော်လည်းကောင်း သက်သေထင်ရှားတင်ပြရာ၌ မူရင်း စာချုပ်စာတမ်း၊ သို့မဟုတ် ယခင်ပါရှိပြီးဖြစ်သည့် ပြဋ္ဌာန်းချက်များအရဒုတိယအဆင့် သက်သေခံ ချက်၊ သက်သေခံဝင်သည့်ကိစ္စများတွင် ထိုမူရင်းစာချုပ်စာတမ်းပါ အကြောင်းအရာများ၏ဒုတိယအဆင့် သက်သေခံချက်များမှတစ်ပါး အခြားမည်သည့်သက်သေခံချက်ကိုမျှ တင်ပြခြင်းမပြုရ။

**ခြွင်းချက် (၁)** ။ ပြည်သူ့ဝန်ထမ်းတစ်ဦးကို ဥပဒေအရ စာဖြင့်ရေးသားခန့်ထားရမည့် ကိစ္စတွင် တစ်စုံတစ် ယောက်သောသူသည် အဆိုပါ ဝန်ထမ်းအဖြစ်ဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားပြီးသော အခါ အဆိုပါ ဝန်ထမ်းအား ခန့်အပ်ထားသည့်စာကို သက်သေထင်ရှားတင်ပြရန်မလိုချေ။

**ခြွင်းချက် (၂)** ။ သေတမ်းစာများသက်သေထင်ရှားစေရန်အလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း အတည်ဖြစ်လျက်ရှိသည့် သေတမ်းစာအတည်ပြုလက်မှတ်ကိုသက်သေထင်ရှားတင်ပြနိုင်သည်။

**ရှင်းလင်းချက် (၁)** ။ ရည်ညွှန်းဖော်ပြခဲ့သော ပဋိညာဉ်များ၊ ဂရန်ပေးအပ်မှုများ သို့မဟုတ် ပစ္စည်းကို အခြားနည်းစီမံမှုများသည် စာချုပ်စာတမ်းတစ်ခုတည်းတွင်ပါရှိသည်ဖြစ်စေ၊ တစ်ခုထက်ပိုသော စာချုပ် စာတမ်းများတွင်ပါရှိသည်ဖြစ်စေ ဤပုဒ်မသည် ထိုသို့သော ကိစ္စအားလုံးနှင့် ညီတူညီမျှသက်ဆိုင်သည်။

**ရှင်းလင်းချက် (၂)** ။ မူရင်းစာချုပ်စာတမ်း တစ်စောင်ထက်ပို၍ရှိနေလျှင် မူရင်းတစ်စောင်ကိုသာ သက် သေ ထင်ရှားတင်ပြရန်လိုသည်။

**ရှင်းလင်းချက် (၃)** ။ ဤပုဒ်မတွင်ရည်ညွှန်းဖော်ပြထားသော အကြောင်းခြင်းရာများမှတစ်ပါး အခြား အကြောင်းခြင်းရာတစ်ခုကို စာချုပ်စာတမ်းတစ်ခုခုတွင်ဖော်ပြထားသည့်အခါ ထိုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ နှုတ်သက်သေခံချက် လက်ခံခြင်းကို တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။

### ဥပမာများ

(က) ပဋိညာဉ်တစ်ခုသည် ပေးစာအများတွင် ပါရှိနေလျှင်၊ ထိုပဋိညာဉ်ပါရှိသော ပေးစာအားလုံးကို သက် သေထင်ရှားတင်ပြရမည်။

(ခ) ပဋိညာဉ် တစ်ခုသည် ငွေလွှဲစာချုပ်တစ်ခုတွင် ပါရှိနေလျှင် ထိုငွေလွှဲစာချုပ်ကို သက်သေထင်ရှား တင်ပြရမည်။

Myanmar Law Information System (MLIS)

(ဂ) ငွေလွှဲစာချုပ် တစ်ခုကို ၃ စောင်ပြုလုပ်ရေးထားလျှင် ငွေလွှဲစာချုပ်တစ်စောင်တည်းကိုသာသက်သေ ထင်ရှားတင်ပြရန်လိုသည်။

(ဃ) A သည် စည်းကမ်းချက်များဖြင့် မဲနယ်ပေးသွင်းရန်အတွက် B နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုသည်။ ထိုပဋိညာဉ်တွင်း ယခင်အကြိမ်ကနှုတ်ဖြင့် ပြုလုပ်ထားသော ပဋိညာဉ်အရ၊ အခြားမဲနယ်ဖိုးငွေကို B က A သို့ပေးပြီးကြောင်းဖော်ပြထားသည်။

ထိုအခြား မဲနယ်ဖိုးငွေကို မပေးချေသေးကြောင်းဖြင့် နှုတ်သက်သေခံတင်ပြသည်။ ယင်းသက်သေခံချက် သည် သက်သေခံဝင်သည်။

(င) B ကပေးသောငွေအတွက် A က B သို့ပြေစာတစ်စောင်ပေးသည်။ ထိုသို့ ငွေပေးသွင်းကြောင်းကို နှုတ်ဖြင့်သက်သေခံချက်တင်ပြသည်။ ယင်းသက်သေခံချက်သည် သက်သေခံဝင်သည်။

နှုတ်ဖြင့်သဘောတူညီချက်ရှိကြောင်းသက်သေခံချက်ကိုပိတ်ပင်ခြင်း။

၉၂။ ဆိုခဲ့သည့်ပဋိညာဉ်စာချုပ်၊ ဂရန်ချထားပေးအပ်မှု၊ စာချုပ် သို့မဟုတ် ပစ္စည်းကိုအခြားနည်းစီမံမှု စာချုပ် တစ်ခုခုတွင်ပါရှိသောစည်းကမ်းချက်များကိုဖြစ်စေ၊ ဥပဒေအရ စာချုပ်စာတမ်းအဖြစ်ရေးသား ထားရှိရန် လိုအပ်သောအကြောင်းအရာတစ်ခုခုနှင့် သက်ဆိုင်သည့် စာချုပ်တွင်ပါရှိသောစည်းကမ်းချက် များကိုဖြစ်စေ၊ နောက်ဆုံးဖော်ပြခဲ့သည့်ပုဒ်မနှင့်အညီသက်သေထင်ရှားတင်ပြပြီးသည့်အခါ အဆိုပါ စာချုပ်ရှိ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် ယင်းစည်း ကမ်းချက်များ နုတ်ပယ်ရန်အလို့ငှာ၊ ထိုစာချုပ် ချုပ်ဆိုသူတို့အချင်းချင်းဖြစ်စေ၊ ယင်းတို့၏အကျိုး ဆက်ခံခွင့်ရှိသည့် ကိုယ်စားလှယ်တို့အချင်းချင်းဖြစ်စေ၊ နှုတ်ဖြင့်သဘောတူညီချက်သော်လည်းကောင်း၊ ဖော်ပြချက်သော် လည်းကောင်းရှိကြောင်း တင်ပြသောသက်သေခံချက်ကိုလက်မခံရ။

**ခြွင်းချက်(၁)** ။ စာချုပ်စာတမ်း တစ်ခုကို ပျက်ပြယ်စေမည့် လိမ်လည် လှည့်ဖြားခြင်း၊ ခြောက်လှန့်ခြင်း၊ တရားဥပဒေနှင့်မညီခြင်း၊ နည်းလမ်းတကျ ချုပ်ဆိုမှုမရှိခြင်း၊ စာချုပ်ချုပ်ဆိုသူ တစ်ဖက်ဖက်၌ ထိုသို့ ချုပ်ဆိုရန်အရည်အချင်း မပြည့်ခြင်း၊ အဖိုးစားနားမရှိခြင်း သို့မဟုတ် အဖိုးစားနားပါရှိရန်ပျက် ကွက်ခြင်း သို့မဟုတ် အကြောင်းခြင်းရာ၌ဖြစ်စေ၊ ဥပဒေ၌ဖြစ်စေ မှားယွင်း၍ဆောင်ရွက်ခြင်း ကဲ့သို့သော အကြောင်းခြင်းရာများ အဆိုပါ စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ လူတစ်ဦးတစ်ယောက်အား ဒီကရီ သို့မဟုတ် အမိန့်တစ်စုံတစ်ရာ ရနိုင်ခွင့်ရှိစေမည့် အကြောင်းခြင်းရာကို သက်သေထင်ရှားတင်ပြနိုင် သည်။

**ခြွင်းချက်(၂)** ။ စာချုပ်စာတမ်းတစ်ခုတွင် ဖော်ပြထားခြင်းမရှိသော အကြောင်းအရာတစ်ခုသည် ထိုစာ ချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ နှုတ်ဖြင့် သဘောတူညီချက်တစ်ရပ် သီးခြားရှိနေကြောင်း သက်သေထင်ရှားတင်ပြနိုင်သည်။ စာချုပ်စာတမ်း တစ်ခုသည် ဤခြွင်းချက်နှင့် သက်ဆိုင်ခြင်း ရှိမရှိ စဉ်းစားဆင်ခြင်ရာ၌ ထိုစာချုပ်စာတမ်းကိုမည်မျှအထိ နည်းလမ်းတကျချုပ်ဆိုထားသည်ကို တရားရုံးက ဂရုပြုရမည်။

Myanmar Law Information System (MLIS)

**ခြွင်းချက်(၃)** ။ ဆိုခဲ့သည့် ပဋိညာဉ်စာချုပ်၊ ဂရန်ချထားပေးအပ်မှု စာချုပ် သို့မဟုတ်ပစ္စည်းကို အခြားနည်းစီမံမှု စာချုပ်အရ တာဝန်တစ်ရပ်ရပ်သတ်မှတ်ထားရာ၌ ကြိုတင်လိုက်နာရမည့် စည်းကမ်း ချက်ဖြစ်သည့် နှုတ်ပဋိညာဉ်တစ်ခု သီးခြားရှိနေလျှင် ထိုသို့ရှိနေကြောင်းသက်သေထင်ရှားတင်ပြနိုင် သည်။

**ခြွင်းချက်(၄)**။ အဆိုပါ ပဋိညာဉ်ကိုဖြစ်စေ၊ ဂရန်ချထားပေးအပ်မှုကိုဖြစ်စေ၊ ပစ္စည်းကို အခြားနည်းစီမံ မှုကိုဖြစ်စေ ဥပဒေအရ စာဖြင့်ရေးသားထားရန်လိုအပ်သော ကိစ္စများ သို့မဟုတ်စာချုပ်စာတမ်း မှတ်ပုံ တင်ခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဖြစ်သောဥပဒေအရ ဆိုခဲ့သည့်စာချုပ်ကို မှတ်ပုံတင်ထားပြီးဖြစ်သော ကိစ္စများမှတစ်ပါး၊ အဆိုပါ စာချုပ်စာတမ်းတစ်ခုခုကို ဖျက်သိမ်းရန်သော်လည်းကောင်း၊ ပြောင်းလဲပြင် ဆင်ရန်သော်လည်းကောင်း နှုတ်ဖြင့်သီးခြားသဘောတူညီချက်တစ်ရပ် နောက်ထပ်ပြုလုပ်ခဲ့ကြောင်း သက်သေထင်ရှားတင်ပြနိုင်သည်။

**ခြွင်းချက်(၅)** ။ ပဋိညာဉ်စာချုပ် တစ်ခုခုတွင် အတိအလင်းဖော်ပြထားခြင်း မရှိသော အကြောင်းအရာ များကို အလေ့အထ သို့မဟုတ် ဓလေ့ထုံးတမ်း တစ်ရပ်ရပ်အရ ထိုပဋိညာဉ်စာချုပ်မျိုးတွင် တစ်ပေါင်း တည်းပါရှိသည့် အလေ့အထ သို့မဟုတ် ဓလေ့ထုံးတမ်းရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်သည်။

သို့ရာတွင် အဆိုပါဖြစ်ရပ်ကို ထိုသို့ပူးတွဲပါရှိသည့် ပဋိညာဉ်စာချုပ်တွင် အတိအလင်းဖော်ပြထားသော စည်းကမ်းချက်များနှင့် ဆန့်ကျင်ခြင်း သို့မဟုတ် မညီမညွတ်မရှိစေရ။

**ခြွင်းချက်(၆)** ။ စာချုပ်စာတမ်းပါ အရေးအသားသည် တည်ရှိနေသော အကြောင်းခြင်းရာများနှင့် မည်သို့ဆက်စပ်လျက်ရှိသည်ကို တစ်စုံတစ်ရာသော အကြောင်းခြင်းရာက ဖော်ပြနေလျှင် ထိုအကြောင်းခြင်းရာ ကို သက်သေထင်ရှားတင်ပြနိုင်သည်။

**ဥပမာများ**

(က) "ရန်ကုန်မြို့မှ လန်ဒန်မြို့သို့သွားသော သင်္ဘောများတွင်" တင်ထားသော ကုန်စည်များအတွက် အာမခံစာချုပ်ချုပ်ဆိုသည်။ ယင်းကုန်စည်များကို သင်္ဘောတစ်စင်းတွင် တင်ပို့ရာ ယင်းသင်္ဘောပျောက် ဆုံးသွားသည်။ ပျောက်ဆုံးသွားသော သင်္ဘောမှာ အာမခံစာချုပ်ချုပ်ဆိုရာတွင် မပါဝင်စေရန် နှုတ်ဖြင့် သဘောတူညီချက်ရှိသည် ဟူသောအချက်ကိုသက်သေထင်ရှား တင်ပြခြင်းမပြုနိုင်။

(ခ) A က B သို့ ငွေ ကျပ် ၁၀၀၀ကို ၁၉၄၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင်ပေးရန် စာဖြင့်ရေးသားလျက် ခြွင်းချက်မရှိ သဘောတူခဲ့သည်။ တစ်ချိန်တည်း၌ပင် ထိုငွေကို မတ်လ ၃၁ ရက်နေ့ မတိုင်မီ ပေးဆပ်ခြင်းမပြုရန် နှုတ်ဖြင့် သဘောတူညီသည်ဟူသောအချက်ကို သက်သေထင်ရှား တင်ပြခြင်းမပြုနိုင်။

(ဂ) "ကလောလက်ဖက်ခြံ" ဟုခေါ်တွင်သော ခြံမြေကို အရောင်းစာချုပ်တွင် မြေပုံကိုပါပူးတွဲ၍ ရောင်း ချသည်။ မြေပုံတွင်မပါရှိသော မြေတစ်ကွက်မှာ ထိုခြံမြေ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု အစဉ်သဖြင့် ယူဆထားသည်။ ထိုစာချုပ်အရရောင်းချရာတွင် ထိုမြေကွက်လည်းပါဝင်ကြောင်း ဆိုလိုသည့် အချက်ကို သက်သေထင်ရှားတင်ပြခြင်း မပြုနိုင်။

(ဃ) A က B ပိုင်ဆိုင်သော သင်္ဘောတွင်းများကို သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် လုပ်ကိုင်ရန် နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုသည်။ B က သင်္ဘောတွင်းများ၏တန်ဖိုးနှင့်စပ်လျဉ်း၍ အလွဲတင်ပြပြောဆိုသွေးဆောင်သောကြောင့် A သည် ထိုသို့စာချုပ် ချုပ်ဆိုမိသည်။ ဤအချက်ကို သက်သေထင်ရှား တင်ပြနိုင်သည်။

(င) A က B ကိုပဋိညာဉ်စာချုပ်တွင် ပါရှိသည့်အတိုင်းဆောင်ရွက်စေရန်တရားမမှု စွဲဆိုပြီး ယင်းစာချုပ် တွင် စည်းကမ်းချက် တစ်ခုကိုမှားယွင်းထည့်သွင်းထားခြင်းကြောင့် ထိုစာချုပ်ကိုပြင်ဆင်ပေးရန် လျှောက်ထားသည်။ A က မိမိထိုသို့မှားယွင်းထည့်သွင်းခဲ့သော်လည်း ထိုမှားယွင်းချက်မှာ ဥပဒေအရ ထိုပဋိညာဉ်စာချုပ်ကို မိမိပြင်ဆင်နိုင်ခွင့်ရှိသော မှားယွင်းချက်မျိုးဖြစ်ကြောင်း သက်သေထင်ရှားတင်ပြ နိုင်သည်။

(စ) A က B ထံမှကုန်ပစ္စည်းများကို စာရေးသား၍ မှာယူရာ ကုန်ပစ္စည်းများကိုလက်ခံရရှိခဲ့သည်။ စာတွင် ပစ္စည်းတန်ဖိုးငွေကို မည်သည့်အချိန်တွင်ပေးချေရမည်ဟု မပါရှိချေ။ ကုန်ပစ္စည်းတန်ဖိုးငွေ ရလို ကြောင်းဖြင့် B က A ကိုတရားစွဲဆိုသည်။ ကုန်ပစ္စည်းများကို အကြွေးဝယ်ယူခြင်းဖြစ်၍ ငွေပေးချေရန် အချိန်မစေ့ရောက်သေးကြောင်းကို A ကသက်သေခံတင်ပြနိုင်သည်။

(ဆ) A က B အားမြင်းတစ်ကောင်ရောင်း၍ ထိုမြင်းမှာ အနာအဆာကင်းကြောင်း နှုတ်ဖြင့် အာမခံသည်။ A က B သို့ "မြင်းတစ်ကောင်း A ထံမှ ငွေ ကျပ် ၅၀၀ နှင့်ဝယ်သည်"ဟု စာရေး၍ ပေးသည်။ Aကနှုတ် ဖြင့် အာမခံပေးကြောင်းထင်ရှားအောင် B ကသက်သေထင်ရှားတင်ပြနိုင်သည်။

(ဇ) A က B ထံမှ အိမ်ခန်းများငှားရမ်းရာ "အခန်းများတစ်လလျှင် ငွေ ကျပ်၂၀၀" ဟု ရေးထားသောလက်မှတ်ကတ်ပြားတစ်ခုကို ထုတ်ပေးသည်။ ဤစည်းကမ်းချက်များတွင် အစား အသောက် တစ်စိတ်တစ်ဒေသ လည်းပါဝင်ကြောင်း နှုတ်ဖြင့်သဘောတူညီချက်ရှိကြောင်း A က သက်သေထင်ရှား တင်ပြနိုင်သည်။

A က B ထံမှ အိမ်ခန်းများကို တစ်နှစ်အတွက်ငှားရမ်းရာ ရှေ့နေတစ်ဦးက ရေးဆွဲ၍ စည်းကမ်းတကျ စာချုပ်တစ်စောင်ကို ချုပ်ဆိုထားကြသည်။ ထိုစာချုပ်တွင် အစားအသောက်နှင့် ပတ်သက်သည့် အကြောင်းမပါရှိချေ။ စည်းကမ်းချက်တွင် အစားအသောက်ပါရှိသည်ဟု နှုတ်ဖြင့်သဘောတူကြောင်း A ကသက်သေထင်ရှားတင်ပြခြင်းမပြုနိုင်။

(ဈ) A က B ထံသို့ပြေစာတစ်စောင်ပေးပို့၍ B ထံမှ ရရန်ရှိသော ကြွေးမြီကိုတောင်းခံရာ B ကပြေစာကို သိမ်းထားသော်လည်း ကြွေးကိုမပေးဆပ်ဘဲနေသည်။ ထိုငွေကိုရလိုကြောင်းစွဲဆိုသည့် တရားမမှုတွင် A က ထိုအကြောင်းကိုသက်သေထင်ရှားတင်ပြနိုင်သည်။

(ည) တစ်စုံတစ်ခုသော အကြောင်းအရာဖြစ်ပွားလျှင် ပဋိညာဉ်စာချုပ် အတည်ဖြစ်ရမည်ဟု A နှင့် B တို့သည် ပဋိညာဉ်စာချုပ်တစ်ခုကို ချုပ်ဆိုကြသည်။ ထိုစာချုပ်ကို B ထံတွင်ထားရှိရာ B က A ကိုယင်း စာချုပ်အရတရားစွဲဆိုသည်။ စာချုပ်ကို မည်သည့် အကြောင်းများကြောင့်ထိုသို့ပေးအပ်ခဲ့ကြောင်းကို A ကသက်သေခံတင်ပြနိုင်သည်။

အဓိပ္ပာယ်မရှင်းလင်းသောစာချုပ်စာတမ်းကိုရှင်းလင်းဖော်ပြရန်သို့မဟုတ် ပြင်ဆင်ရန်ဖြစ်သော သက်သေခံချက်ကိုပိတ်ပင်ခြင်း။

Myanmar Law Information System (MLIS)

၉၃။ စာချုပ်စာတမ်းတစ်ခုတွင်ပါရှိသည့် အရေးအသားသည် အဓိပ္ပာယ်မရှင်းလင်းကြောင်း သို့မဟုတ် မပြည့်စုံကြောင်း ပေါ်လွင်နေလျှင် ထိုအရေးအသား၏အဓိပ္ပာယ်ကို ဖော်ပြမည်ဖြစ်သော သို့မဟုတ် ဖြည့် ပေးမည်ဖြစ်သော အကြောင်းခြင်းရာများကိုသက်သေခံတင်ပြခွင့်မရှိ။

**ဥပမာများ**

(က) A ကမြင်းတစ်ကောင်းကို ကျပ် ၁၀၀၀ သို့မဟုတ် ကျပ် ၁၅၀၀ ဖြင့် B သို့ရောင်းချရန် သဘောတူစာချုပ် ရေးသားချုပ်ဆိုသည်။ အဆိုပါတန်ဖိုးနှစ်ရပ်အနက် မည်သည့်တန်ဖိုးကို ပေးရမည် ဖြစ်ကြောင်း ပေါ်လွင်အောင်သက်သေတင်ပြခြင်း မပြုနိုင်။

(ခ) စာချုပ်စာတမ်းတစ်ခုတွင် နေရာလပ်များပါရှိသည်။ ယင်းနေရာလပ်များတွင် မည်သို့ဖြည့်သွင်းရေး သားရန်ရည်ရွယ်ကြောင်းပေါ်လွင်စေမည့် အကြောင်းခြင်းရာများကို သက်သေတင်ပြခြင်းမပြုနိုင်။

စာချုပ်စာတမ်းတွင် တည်ရှိနေသည့်အကြောင်းခြင်းရာများနှင့်သက်ဆိုင်ခြင်းမရှိဟူသော သက်သေ ခံချက်ကိုပိတ်ပင်ခြင်း။

၉၄။ စာချုပ်စာတမ်းတစ်ခုတွင်ပါရှိသည့်အရေးအသားမှာ ထိုအတိုင်းပင် အဓိပ္ပာယ်ရှင်းလင်းနေသည့်ပြင် ထိုအရေးအသားတည်ရှိနေသည့်အကြောင်းခြင်းရာများနှင့်လည်း သက်ဆိုင်ကိုက်ညီနေလျှင် ထိုအရေး အသားသည် အဆိုပါ အကြောင်းခြင်းရာများနှင့်သက်ဆိုင်စေရန်ရည်ရွယ်၍ရေးသားခြင်းမဟုတ်ကြောင်း သက်သေခံတင်ပြခွင့်မရှိ။

**ဥပမာ**

A သည် "ထားဝယ်မြို့ရှိ ဧက ၁၀၀ ကျယ်ဝန်းသောကျွန်တော်ပိုင်မြေ" ဟုဆိုကာ ထိုမြေကို B အားစာ ချုပ်နှင့်ရောင်းချလိုက်သည်။ ထားဝယ်မြို့တွင်ဧက ၁၀၀ ကျယ်ဝန်းသော A ပိုင်သည့်မြေရှိသည်။ ရောင်းချရန်ရည်ရွယ်ရင်းဖြစ်သည့်မြေသည် အဆိုပါနေရာတွင်မဟုတ်ဘဲအခြားနေရာတွင် တည်ရှိသည့် မြေဖြစ်ကြောင်း၊ အကျယ်အဝန်းမှာလည်း အဆိုပါ အကျယ်အဝန်းအတိုင်း မဟုတ်ကြောင်းသက်သေခံ တင်ပြခွင့်မရှိ။

တည်ရှိနေသည့်အကြောင်းခြင်းရာများကိုထောက်၍ အဓိပ္ပာယ်မကွဲမပြားသောစာချုပ်စာတမ်းနှင့် စပ်လျဉ်း၍သက်သေခံချက်။

၉၅။ စာချုပ်စာတမ်းတစ်ခုတွင် ပါရှိသည့်အရေးအသားသည် ထိုအတိုင်းပင် အဓိပ္ပာယ်ရှင်းလင်းနေသော် လည်း တည်ရှိနေသည့်အကြောင်းခြင်းရာများနှင့် ဆက်စပ်၍ကြည့်လျှင် အဓိပ္ပာယ် မကွဲမပြားရှိပါက ထို အရေးအသားကို ထူးခြားသောအဓိပ္ပာယ်ဖြင့် ရေးသားထားကြောင်း ပေါ်လွင်အောင်သက်သေခံတင်ပြ နိုင်သည်။

**ဥပမာ**

A က "ရန်ကုန်မြို့ရှိကျွန်တော်၏အိမ်" ဟုဆိုကာ ထိုအိမ်ကို B အားစာချုပ်နှင့်ရောင်းချသည်။ A ၌ရန်ကုန်တွင်အိမ်ပိုင်မရှိ။ သို့ရာတွင် A ၌ အင်းစိန်မြို့တွင်တည်ရှိသော အိမ်တစ်အိမ်ရှိကြောင်း ပေါ်လွင် သည်။ ထိုစာချုပ် ချုပ်ဆိုသည့် အချိန်မှစ၍ ထိုအိမ်တွင် B နေထိုင်လျက်ရှိသည်။ ထိုစာချုပ်သည် အင်းစိန်မြို့ရှိ အိမ်နှင့်သက်ဆိုင်ကြောင်းထင်ရှားအောင်ပြရန်အတွက်ဆိုခဲ့သည့် အကြောင်းခြင်းရာများ နှင့် စပ်လျဉ်း၍ သက်သေထင်ရှားတင်ပြနိုင်သည်။

Myanmar Law Information System (MLIS)

လူအများအနက်တစ်ယောက်တည်းနှင့်သာ သက်ဆိုင်နိုင်သည့်အရေးအသားကို မည်သို့သက်ဆိုင် စေကြောင်း တင်ပြသည့်သက်သေခံချက်။

၉၆။ စာချုပ်စာတမ်းတွင်ပါရှိသော အရေးအသားသည် ရှိနေသောအကြောင်းခြင်းရာများအရ လူအများ သို့မဟုတ် အရာဝတ္ထုအများရှိသည့်အနက်မှ လူတစ်ဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုနှင့်သက်ဆိုင် ကြောင်း အဓိပ္ပာယ်သက်ရောက်နိုင်လျှင် ထို့ပြင်လူတစ်ဦးတစ်ယောက်ထက်ပို၍သော်လည်းကောင်း၊ အရာဝတ္ထုတစ်ခုထက်ပို၍သော် လည်းကောင်း သက်ဆိုင်ကြောင်းအဓိပ္ပာယ် မသက်ရောက်နိုင်လျှင် ထိုလူများ သို့မဟုတ် ထိုအရာဝတ္ထုများအနက်မှ မည်သည့်လူ သို့မဟုတ် မည်သည့်အရာဝတ္ထုနှင့်သက် ဆိုင်စေရန် ရည်ရွယ်ကြောင်းပေါ်လွင်စေမည့် အကြောင်းခြင်းရာများကို သက်သေခံတင်ပြနိုင်သည်။

**ဥပမာများ**

(က) A က "ကျွန်တော်၏မြင်းဖြူ" ဟု ဆိုသည့်မြင်းကို ငွေကျပ် ၁၀၀၀ နှင့် B အားရောင်းရန်သဘော တူသည်။ A တွင်မြင်းဖြူနှစ်ကောင်ရှိသည်။ ထိုနှစ်ကောင်အနက် မည်သည့်မြင်းကိုရောင်းရန် ရည်ရွယ် သည်ကို ပေါ်လွင်စေသောအကြောင်းခြင်းရာများကို သက်သေခံတင်ပြနိုင်သည်။

(ခ) A သည် B နှင့်အတူထန်းတပင်သို့ လိုက်ပါရန်သဘောတူသည်။ ထန်းတပင်ဆိုရာ၌ မည်သည့်ထန်း တပင်ကိုဆိုလိုကြောင်းပေါ်လွင်စေမည့် အကြောင်းခြင်းရာများကို သက်သေခံတင်ပြနိုင်သည်။

အကြောင်းခြင်းရာနှစ်မျိုးနှစ်စားရှိသည့်အနက်မည်သည့်အကြောင်းခြင်းရာမျိုးနှင့်သက်ဆိုင်သည်ဟု မှန်ကန်စွာကောက်ယူ၍ မရနိုင်သောအရေးအသားသည်မည်သည့် အကြောင်းခြင်းရာမျိုးနှင့် သက်ဆိုင် ကြောင်းသက်သေခံချက်။

၉၇။ စာချုပ်စာတမ်းတွင်ပါရှိသော အရေးအသားသည် တစ်စိတ်တစ်ဒေသအားဖြင့် တည်ရှိနေသည့် အကြောင်းခြင်းရာ တစ်မျိုးတစ်စားနှင့်သက်ဆိုင်၍ တစ်စိတ်တစ်ဒေသအားဖြင့် တည်ရှိနေသည့်အခြား အကြောင်းခြင်းရာတစ်မျိုးတစ်စားနှင့် သက်ဆိုင်သော်လည်း ထိုအရေးအသားတစ်ရပ်လုံးသည် ထို အကြောင်းခြင်းရာနှစ်မျိုးနှစ်စားအနက် မည်သည့် အကြောင်းခြင်းရာမျိုးနှင့် သက်ဆိုင်သည်ဟုမှန်ကန် စွာကောက်ယူ၍ မရလျှင် ထိုအရေးအသားကိုမည်သည့်အကြောင်းခြင်းရာမျိုးနှင့်သက်ဆိုင်စေရန် ရည် ရွယ်ကြောင်းပေါ်လွင်အောင် သက်သေခံတင်ပြနိုင်သည်။

**ဥပမာ**

A က "X ဒေသတွင်ရှိသောမြေသည် Y နေထိုင်လျက်ရှိကြောင်း" B အားရောင်းရန် သဘောတူညီခဲ့ပါ သည်။ သို့ရာတွင် A တွင် X ဒေသ၌မြေရှိသော်လည်း Y နေထိုင်ခြင်းမရှိချေ။ ထို့ပြင်သူ့တွင် Y နေထိုင် သော အိမ်ရှိသော်လည်း X ဒေသ၌မရှိချေ။ ထိုမြေနှစ်ကွက်အနက်မည်သည့် မြေကွက်ကို ရောင်းချရန် ဖြစ်ကြောင်း သက်သေခံတင်ပြနိုင်သည်။

ဖတ်၍မရသည့်အက္ခရာစာလုံးစသည်များ၏အဓိပ္ပာယ်နှင့်စပ်လျဉ်းသည့် သက်သေခံချက်။

၉၈။ ဖတ်၍မရသည့် သို့မဟုတ် သာမန်အားဖြင့် နားမလည်နိုင်သည့် အက္ခရာစာလုံးများ၊ နိုင်ငံခြားစကားရပ်များ၊ ရှေးဟောင်းစကားရပ်များ၊ ပညာရပ်ဆိုင်ရာစကားရပ်များ၊ ဒေသအလိုက်အသုံး ပြုသည့်စကားရပ်များနှင့် ကျေးလက်နယ်ပယ်အလိုက် အသုံးပြုသည့် စကားရပ်များ၊ အတိုကောက် ရေး သားချက်များနှင့် သက်ဆိုင်ရာကိစ္စ

Myanmar Law Information System (MLIS)

အလျောက် ထူးခြားသော အဓိပ္ပာယ်ဖြင့်အသုံးပြုထားသည့် စကားလုံးများတို့၏အဓိပ္ပာယ်ကိုပေါ်လွင်အောင် သက်သေခံတင်ပြနိုင်သည်။

**ဥပမာ**

ပန်းပုသမား A က "ကျွန်တော်ပိုင်ပန်းပုပစ္စည်းအားလုံး" ဟုဆိုကာ ထိုအရာအားလုံးကို B သို့ရောင်းချ ရန် သဘောတူသည်။ A မှာ ပန်းပုရုပ်များအပြင် ပန်းပုကိရိယာများလည်းရှိသည်။ ထိုနှစ်ရပ်အနက်မည် သည်ကို ရောင်းချရန် ရည်ရွယ်ကြောင်းပေါ်လွင်အောင် သက်သေခံတင်ပြနိုင်သည်။

စာချုပ်စာတမ်းပါစည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ရန်သဘောတူညီချက်ရှိကြောင်းကို မည်သူကသက်သေခံတင်ပြနိုင်ခြင်း။

၉၉။ စာချုပ်စာတမ်းတစ်ခုကို ချုပ်ဆိုသည့်အချိန်နှင့် တစ်ချိန်တည်းတွင် ယင်းစာချုပ်စာတမ်းပါစည်း ကမ်းချက်များကို ပြောင်းလဲပြင်ဆင်သဘောတူညီချက်ထားရှိခဲ့ကြကြောင်း ပေါ်လွင်စေမည့်အကြောင်း ခြင်းရာများကို အဆိုပါစာချုပ်အား ချုပ်ရာတွင် မပါဝင်သူများကသော်လည်းကောင်း၊ စာချုပ် ချုပ်ဆို သူ၏အကျိုးဆက်ခံသည့် ကိုယ်စားလှယ်မဟုတ်သူများကသော်လည်းကောင်း သက်သေခံတင်ပြနိုင် သည်။

**ဥပမာ**

A နှင့် B စာဖြင့်ရေး၍ ပဋိညာဉ်ပြုလုပ်ရာ B က A သို့ ဝါဂွမ်းရောင်းချရန်နှင့် ဝါဂွမ်းပေးအပ်သည့် အချိန်၌ အဖိုးငွေကိုပေးချေရန် ဖြစ်သည်။ ထိုသို့ ပဋိညာဉ်ချုပ်ဆိုသည်နှင့် တစ်ချိန်တည်းမှာပင် ဝါဂွမ်းဖိုးငွေကို A ကသုံးလကြာမှပေးချေရန် နှုတ်ဖြင့်သဘောတူညီချက်ထားရှိကြသည်။ ဤသို့နှုတ်ဖြင့် သဘောတူညီချက်ရှိကြောင်းကို A နှင့် B တို့အချင်းချင်းသက်သေတင်ပြနိုင်ခွင့် မရှိသော်လည်း C ကထိုသဘောတူညီ ချက်ကြောင့် မိမိ၏အကျိုးစီးပွားကို ထိခိုက်မည်ဆိုလျှင် သက်သေခံတင်ပြနိုင်သည်။

သေတမ်းစာများနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်း ဥပဒေတွင်ပါရှိသော ပြဋ္ဌာန်းချက်များကိုခြွင်းချန် ထားခြင်း။

၁၀၀။ ဤအခန်းတွင်ပါရှိသည့်အချက်များကြောင့် သေတမ်းစာများ၏အဓိပ္ပာယ်ကိုကောက်ယူခြင်းနှင့် စပ်လျဉ်း၍ အမွေဆက်ခံခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်သည်ဟု မမှတ်ယူရ။

## အပိုင်း(၃)

## သက်သေခံချက်တင်ပြခြင်းနှင့် သက်သေခံချက်၏အကျိုးသက်ရောက်ခြင်း

### အခန်း(၇)

### သက်သေထင်ရှားတင်ပြရန်တာဝန်

သက်သေထင်ရှားတင်ပြရန်တာဝန်။

၁၀၁။ မည်သူမဆိုမိမိအဆိုပြုသော အကြောင်းခြင်းရာတည်ရှိခြင်းအပေါ်အမှီပြုပြီး တရားဝင်အခွင့် အရေး သို့မဟုတ် တာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးကစီရင်ဆုံးဖြတ်ပေးစေလိုလျှင် ထိုသူသည် အကြောင်းခြင်းရာများကို တည်ရှိကြောင်းသက်သေထင်ရှားတင်ပြရမည်။

Myanmar Law Information System (MLIS)

တစ်ဦးတစ်ယောက်သောသူသည် တစ်စုံတစ်ရာအကြောင်းခြင်းရာတည်ရှိကြောင်း သက်သေထင်ရှား တင်ပြရမည်ဖြစ်လျှင် ထိုအကြောင်းခြင်းရာအား သက်သေထင်ရှားတင်ပြရန် တာဝန်သည် ထိုသူ၏အ ပေါ်တွင် ကျရောက်သည်ဟုဆိုရမည်။

**ဥပမာများ**

(က) A က B သည် ပြစ်မှုတစ်ခုကိုကျူးလွန်သည်ဟုပြောဆို၍ B အားပြစ်ဒဏ်စီရင်ရန် တရားရုံးက စီရင် ချက်ချပေးစေလိုသည်။ A က B ထိုပြစ်မှုကိုကျူးလွန်ကြောင်းသက်သေထင်ရှား တင်ပြရမည်။

(ခ) A ကဟုတ်မှန်သည်ဟုအဆိုပြု၍ B ကငြင်းဆိုထားသော အကြောင်းခြင်းရာများကို အကြောင်း ပြု၍ A က B ၏လက်ရှိဖြစ်သောမြေတစ်ကွက်ကိုရထိုက်ခွင့်ရှိကြောင်းကို တရားရုံး ကစီရင်ချက်ချပေး စေလို သည်။

A က ထိုအကြောင်းခြင်းရာများတည်ရှိကြောင်းသက်သေထင်ရှားတင်ပြရမည်။

သက်သေထင်ရှားတင်ပြရန်တာဝန်သည်မည်သူ့အပေါ်ကျရောက်ခြင်း။

၁၀၂။ တရားမမှုတစ်ခု သို့မဟုတ် အမှုအခင်းတစ်ခုတွင် အမှုသည်နှစ်ဦးနှစ်ဘက်အနက်မည်သည့် ဘက်ကမျှ သက်သေထင်ရှားတင်ပြခြင်းမရှိပါက သက်သေထင်ရှားပြရမည့်တာဝန်သည် တရားရှုံးမည့် အမှုသည်အပေါ်ကျရောက်သည်။

**ဥပမာများ**

(က) B လက်ဝယ်ရှိသောမြေသည် B ၏ဘခင်ဖြစ်သူ C ကမိမိအားသေတမ်းစာဖြင့် ပေးအပ်ခဲ့သည်ဟု A ကအဆိုပြုပြီး ထိုမြေကိုရလိုမှုနှင့် B အားတရားစွဲဆိုသည်။

မည်သည့်ဘက်ကမျှ သက်သေထင်ရှားမတင်ပြလျှင် A သည်ထိုမြေကို မိမိလက်ဝယ်ထားမြဲထားပိုင်ခွင့်ရှိသည်။

ထို့ကြောင့် သက်သေထင်ရှားတင်ပြရန်တာဝန်သည် A အပေါ်ကျရောက်သည်။

(ခ) ခံဝန်ချုပ်ပါငွေကိုရလိုကြောင်းနှင့် A က B ကိုတရားစွဲဆိုသည်။

ခံဝန်ချုပ် ချုပ်ဆိုကြောင်း B ကဝန်ခံသော်လည်း A ကလိမ်လည်သဖြင့် ချုပ်ဆိုခဲ့ရပါသည်ဟု B ကပြော သည်။ A ကလည်းစာချုပ် ချုပ်ရန်လိမ်လည်ခဲ့ခြင်းမရှိပါဟုငြင်းဆိုသည်။

မည်သည့်ဘက်ကမျှ သက်သေထင်ရှားမတင်ပြလျှင် ခံဝန်ချုပ် ချုပ်ဆိုကြောင်း အငြင်းပွားခြင်းမရှိသည့် ပြင်လိမ်လည်ကြောင်း သက်သေထင်ရှားမရှိသဖြင့် A ကအမှုတွင်အနိုင်ရပေလိမ့်မည်။

သို့ဖြစ်၍ သက်သေခံထင်ရှားတင်ပြရန် တာဝန်သည် B အပေါ်ကျရောက်သည်။

တစ်စုံတစ်ခုသောအကြောင်းခြင်းရာနှင့်စပ်လျဥ်း၍ သက်သေထင်ရှားပြရန်တာဝန်။

၁၀၃။ တစ်စုံတစ်ခုသောအကြောင်းခြင်းရာနှင့်စပ်လျဥ်း၍ သက်သေထင်ရှားတင်ပြရန်တာဝန်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ကျရောက်ရမည့်ဥပဒေ တစ်ရပ်ရပ်တွင် သီးခြားသတ်မှတ်ဖော်ပြ၍ ပြဋ္ဌာန်းထားခြင်းမရှိလျှင် ထိုတာဝန်သည် အဆိုပါအကြောင်းခြင်းရာ တည်ရှိကြောင်း တရားရုံးအား ယုံကြည်စေလိုသူအပေါ် ကျရောက်သည်။

**ဥပမာ**



Myanmar Law Information System (MLIS)

A က B ကိုခိုးမှုဖြင့် တရားစွဲဆိုရာတွင် B သည် မိမိခိုးမှုကျူးလွန်ကြောင်း C သို့ဝန်ခံသည်ဟုတရားရုံး အားယုံကြည်စေလိုသည်။ ထိုသို့ဝန်ခံသည်ဆိုသော အကြောင်းခြင်းရာ သက်သေထင်ရှားအောင် A ကတင်ပြရမည်။

B ကအဆိုပါ အချိန်တွင်မိမိသည် အခြားနေရာ၌ရှိနေကြောင်းတရားရုံးအားယုံကြည်စေလိုသည်။ B က မိမိအခြားနေရာ၌ရှိနေကြောင်း သက်သေထင်ရှားတင်ပြရမည်။

သက်သေခံချက်တစ်ရပ် သက်သေခံဝင်ရန်အတွက်သက်သေထင်ရှားပြရမည့်တာဝန်။

၁၀၄။ လူတစ်ဦးတစ်ယောက်က အကြောင်းခြင်းရာတစ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံတင်ပြနိုင်ရန် အတွက် အခြားအကြောင်းခြင်းရာတစ်ရပ်ရပ်ကို သက်သေထင်ရှားဦးစွာတင်ပြရန် လိုအပ်သည်ဖြစ်လျှင် ထိုအခြားအကြောင်းခြင်းရာကို သက်သေထင်ရှားတင်ပြရန်တာဝန်သည် အဆိုပါသက်သေတင်ပြလိုသူ အပေါ်ကျရောက်သည်။

**ဥပမာများ**

(က) A က B ၏သေခါနီးစစ်ချက်ကို သက်သေခံတင်ပြလိုပါသည်။ A သည် B သေဆုံးကြောင်းသက် သေထင်ရှားတင်ပြရမည်။

(ခ) A သည်ပျောက်ဆုံးသွားသောစာချုပ်စာတမ်းတစ်ခုတွင် ပါရှိသောအကြောင်းအရာများကို ဒုတိယ အဆင့်သက်သေခံချက်ဖြင့် သက်သေထင်ရှားတင်ပြလိုသည်။ A ကထိုစာချုပ်စာတမ်းပျောက်ဆုံး ကြောင်း သက်သေထင်ရှားတင်ပြရမည်။

တရားခံ အပေါ်စွဲဆိုထားသောအမှုသည်ကင်းလွတ်ချက်များတွင် အကျုံးဝင်ကြောင်းသက်သေထင် ရှားတင်ပြရန်တာဝန်။

၁၀၅။ တစ်ဦးတစ်ယောက်သည် ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသည့်အခါ ပြစ်မှုဆိုင်ရာ ဥပဒေပါကင်းလွတ်မြဲအချက်များအနက်မှ အချက်တစ်ရပ်ရပ် သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေ၏အခြား အပိုင်းတစ်ခုခုတွင်ဖြစ်စေ၊ အဆိုပါပြစ်မှုကို အဓိပ္ပာယ်ပိုင်းခြားဖော်ပြသည့် ဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ ပါရှိသောအထူးကင်းလွတ်ခွင့် သို့မဟုတ် ခြွင်းချက်တစ်ရပ်ရပ်တွင် အကျုံးဝင်စေသည့် အခြေအနေများ ရှိနေကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသူအပေါ်ကျရောက်သည်။ ထိုကဲ့သို့သက်သေ ထင်ရှားမတင်ပြနိုင်လျှင် တရားရုံးအနေဖြင့် အဆိုပါ အခြေအနေများမရှိဟု မှတ်ယူရမည်။

**ဥပမာများ**

(က) လူသတ်မှုဖြင့် စွဲဆိုခြင်းခံရသူ A ကမိမိသည် စိတ်ပေါ့သွပ်သောကြောင့် ပြုမိသော အပြုအမူမှာ မည်သို့သဘောရှိသည်ကို မသိခဲ့ပါဟုဆိုသည်။

သက်သေထင်ရှားတင်ပြရန် တာဝန်သည် A အပေါ် ကျရောက်သည်။

(ခ) လူသတ်မှုဖြင့်စွဲဆိုခြင်းခံရသူ A ကမိမိအား ရုတ်တရက်ဒေါသထွက်အောင်ပြုမှုကြောင့် မိမိစိတ်ကို ချုပ်တည်းနိုင်စွမ်းမရှိတော့ဟုဆိုသည်။

သက်သေထင်ရှားတင်ပြရန် တာဝန်သည် A အပေါ် ကျရောက်သည်။



Myanmar Law Information System (MLIS)

(ဂ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၅ တွင်ပြဋ္ဌာန်းထားသည့် အမှုမှတစ်ပါး၊ မည်သူမဆို မိမိအလို အလျောက် အပြင်းအထန်နာကျင်စေမှုကို ပြုလုပ်လျှင်ထိုသူအားသတ်မှတ်ထားသော ပြစ်ဒဏ်ကို ကျခံစေရမည်ဟု ယင်းဥပဒေပုဒ်မ ၃၂၅ တွင်ပြဋ္ဌာန်းထားသည်။

A သည်ပုဒ်မ ၃၂၅ အရမိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှုကို ပြုသည်ဟုစွဲဆိုခြင်းခံရသည်။

ထိုအမှုကို ပုဒ်မ ၃၃၅ အတွင်းအကျုံးဝင်စေမည့် အခြေအနေများကို သက်သေထင်ရှားတင်ပြရန် တာဝန် သည် A အပေါ်ကျရောက်သည်။

တစ်ဦးတစ်ယောက်သောသူသာ သိရှိနိုင်သည့်အကြောင်းခြင်းရာကို သက်သေထင်ရှားပြရန် တာဝန်။

၁၀၆။ အကြောင်းခြင်းရာတစ်ခုခုသည် တစ်ဦးတစ်ယောက်သောသူကသာ သိရှိနိုင်သည့်ထူးခြားသော အကြောင်းခြင်းရာဖြစ်နေသည့်အခါ ထိုအကြောင်းခြင်းရာသက်သေထင်ရှားတင်ပြရန် တာဝန်သည် ထိုသူအပေါ်ကျရောက်သည်။

**ဥပမာများ**

(က) လူတစ်ဦးတစ်ယောက်သည် တစ်စုံတစ်ခုပြုလုပ်ရာတွင် ထိုပြုလုပ်မှု၏သဘောနှင့်အခြေအနေများ အရ ခန့်မှန်းရသောရည်ရွယ်ချက်ဖြင့်မဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်လျှင် ထိုအခြား ရည်ရွယ်ချက်ရှိကြောင်းသက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသူအပေါ်ကျရောက်သည်။

(ခ) A သည်လက်မှတ်မပါဘဲ မီးရထားတွင်စီးနင်းလိုက်ပါသည်ဟုစွဲဆိုခြင်းခံရသည်၊ မိမိတွင် လက်မှတ် ပါရှိကြောင်း သက်သေတင်ပြရန်တာဝန်သည် A အပေါ်ကျရောက်သည်။

နှစ်ပေါင်း ၃၀ အတွင်း အသက်ရှင်လျက်ရှိသည်ဟု သိရသူသေဆုံးကြောင်း သက်သေထင်ရှား တင်ပြရန် တာဝန်။

၁၀၇။ ပြဿနာမှာလူတစ်ယောက်အသက်ရှင်လျက်ရှိသည်ဟူ၍သော်လည်းကောင်း၊ သေဆုံးပြီဟူ၍သော် လည်းကောင်း ဖြစ်သည့်အခါ ထိုသူသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်းအသက်ရှင်လျက်ရှိကြောင်း တင်ပြချက်ရှိလျှင် ထိုသူသေဆုံးကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် ထိုသူသေဆုံးပြီဟု အတည်ပြုပြောဆိုသူအပေါ်ကျရောက်သည်။

ခုနစ်နှစ်ကြာမျှ သတင်းမကြားရသူအသက်ရှင်လျက်ရှိကြောင်းသက်သေထင်ရှားတင်ပြရန်တာဝန်။

၁၀၈။ သို့ရာတွင်ပြဿနာမှာ လူတစ်ယောက် အသက်ရှင်လျက်ရှိသည်ဟူ၍သော်လည်းကောင်း၊ သေဆုံး ပြီဟူ၍သော်လည်းကောင်း ဖြစ်သည့်အခါ ထိုသူအသက်ရှင်လျက်ရှိပါက သူ၏သတင်းကိုသဘာဝ အတိုင်းဆိုလျှင် မုချကြားရမည့်သူတို့က (၇) နှစ်ကြာမျှ ထိုသူ၏သတင်းကို မကြားရကြောင်းသက်သေ ထင်ရှားရှိလျှင် ထိုသူအသက်ရှင်လျက်ရှိကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည်ထိုသူအသက် ရှင်လျက်ရှိသည်ဟု အတည်ပြုပြောဆိုသူအပေါ်ကျရောက်သည်။

အစုစပ်ဝင်များ၊ အိမ်ရှင်နှင့် အိမ်ငှား၊ မြေရှင်နှင့်မြေငှား၊ မူရင်းပုဂ္ဂိုလ်နှင့်ကိုယ်စားဆောင်ရွက်သူတို့ တွင်ထိုကဲ့သို့ဆက်သွယ်မှုရှိ မရှိသက်သေထင်ရှားတင်ပြရန်တာဝန်။

Myanmar Law Information System (MLIS)

၁၀၉။ ပြဿနာဖြစ်သည့်ကိစ္စမှာ အချို့သောသူများသည် အစုစပ်ဝင်များသော်လည်းကောင်း၊ အိမ်ရှင်နှင့် အိမ်ငှားသော်လည်းကောင်း၊ မြေရှင်နှင့်မြေငှားသော်လည်းကောင်း၊ ကိုယ်စားဆောင်ရွက်သူအားခန့်သူ နှင့် ကိုယ်စားဆောင်ရွက်သူသော်လည်းကောင်း ဟုတ် မဟုတ် ဟူသောကိစ္စဖြစ်သည့်အခါ ထိုသူ များသည် ဖော်ပြပါအတိုင်းပြုမူဆောင်ရွက်လျက်နေကြကြောင်း တင်ပြချက်ရှိခဲ့လျှင် ထိုသူများသည် တစ်ဦးနှင့်တစ်ဦး ထိုကဲ့သို့ဆက်သွယ်မှု အနေအထားအသီးသီးတွင်မရှိကြောင်း သို့မဟုတ် ထိုအနေ အထား အတိုင်းဆက်သွယ်ရာမှ ရပ်စဲပြီးဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသို့ ဆက်သွယ်မှုမရှိကြောင်း သို့မဟုတ် ထိုသို့ဆက်သွယ်မှုရပ်စဲပြီးကြောင်းအတည်ပြုပြောဆိုသူအပေါ် ကျရောက်သည်။

ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍သက်သေထင်ရှားတင်ပြရန်တာဝန်။

၁၁၀။ ပြဿနာမှာ တစ်ဦးတစ်ယောက်သောသူသည် တစ်စုံတစ်ခုသောပစ္စည်း၏ ပိုင်ရှင်ဟုတ် မဟုတ် ဟူသောကိစ္စဖြစ်သည့်အခါ၊ ထိုပစ္စည်းသည် ထိုသူ၏လက်ဝယ်ရှိကြောင်း တင်ပြချက်ရှိခဲ့လျှင် ထိုသူသည် ပစ္စည်းပိုင်ရှင်မဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ထိုသူမှာ ပစ္စည်းပိုင်ရှင်မဟုတ်ဟု အတည်ပြုပြောဆိုသူအပေါ်ကျရောက်သည်။

တစ်ဦးနှင့်တစ်ဦးအလုပ်ကိစ္စဆောင်ရွက်ကြရာတွင်တစ်ဘက်သောသူမှာ ယုံကြည်ကိုးစားခြင်းခံရ သည့်အခြေတွင်ရှိလျှင်အလုပ်ကိစ္စကိုသဘောရိုးဖြင့်ဆောင်ရွက်ကြောင်းသက်သေထင်ရှားတင်ပြခြင်း။

၁၁၁။ နှစ်ဦးနှစ်ဘက်ရှိရာတွင် တစ်ဘက်သောသူက ကျန်တစ်ဦး၏ယုံကြည်ကိုးစားခြင်းကိုခံရလျက် အလုပ်ကိစ္စဆောင်ရွက်ကြရာ၌သဘောရိုးဖြင့် ဆောင်ရွက်ခြင်း ဟုတ်မဟုတ်ဟူသော ပြဿနာပေါ်ပေါက် လျှင် ထိုအလုပ်ကိစ္စကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် ယုံကြည်ကိုးစားခြင်းခံရသူအပေါ်ကျရောက်သည်။

**ဥပမာများ**

(က) အမှုသည်တစ်ဦးက မိမိ၏ရှေ့နေအပေါ်စွဲဆိုသည့် တရားမမှုတွင် အမှုသည်က ထိုရှေ့နေသို့ တစ်စုံ တစ်ရာရောင်းချလိုက်ခြင်းမှာ သဘောရိုးဖြင့် ဟုတ်မဟုတ် ဟူသောပြဿနာရှိခဲ့သည်။ သဘောရိုးဖြင့် ရောင်းချသောကိစ္စဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် ရှေ့နေအပေါ်ကျရောက်သည်။

(ခ) အရွယ်ရောက်စဖြစ်သော သားကဖခင်အပေါ်စွဲဆိုသည့် တရားမမှုတွင် သားကဖခင်သို့တစ်စုံတစ်ခု ရောင်းချလိုက်ခြင်းမှာ သဘောရိုးဖြင့် ဟုတ်မဟုတ်ဟူသော ပြဿနာရှိခဲ့သည်။ သဘောရိုးဖြင့် ရောင်းချ သောကိစ္စဖြစ်ကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် ဖခင်အပေါ်ကျရောက်သည်။

လက်ထပ်ပေါင်းသင်းနေစဉ်ကာလအတွင်း ကလေးမွေးဖွားခြင်းသည် ထိုကလေးမှာတရားဝင် ကလေးဖြစ်ကြောင်း အပြီးသတ်သက်သေခံချက်ဖြစ်ခြင်း။

၁၁၂။ သူ၏မိခင်နှင့်ယောကျ်ားတစ်ဦးတို့ တရားဝင် လက်ထပ်ပေါင်းသင်းနေစဉ်ကာလအတွင်းလူတစ်ဦး တစ်ယောက်ကိုမွေးဖွားလျှင် သို့မဟုတ် လက်ထပ်ပေါင်းသင်းခြင်းကိုရပ်စဲပြီးသည့်နောက်၊ မိခင်နောက်

Myanmar Law Information System (MLIS)

အိမ်ထောင်မပြုဘဲနေခဲ့သော် ရက်ပေါင်း ၂၈၀ အတွင်းမွေးဖွားလျှင် ထိုသူမှာ ယောကျ်ားတစ်ဦး၏ တရား ဝင်ကလေးဖြစ်ကြောင်းထင်ရှားစေသည့် အပြီးသတ် သက်သေခံချက်ဖြစ်ရမည်။

သို့ရာတွင်ထိုသူပဋိသန္ဓေ တည်နိုင်လောက်သည့်မည်သည့်အခါ ကာလအတွင်းမဆို အဆိုပါလက်ထပ် ပေါင်းသင်းခြင်းပြုကြသူတို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံခွင့် မရှိခဲ့ကြောင်းတင်ပြနိုင်လျှင် အပြီးသတ် သက်သေခံချက်မဟုတ်ချေ။

၁၁၃။ * * * *

အချို့သောအကြောင်းခြင်းရာများတည်ရှိကြောင်းတရားရုံးကမှတ်ယူနိုင်ခြင်း။

၁၁၄။ တရားရုံးသည် တစ်စုံတစ်ခုသော အမှုကိစ္စ၏အကြောင်းခြင်းရာနှင့်ဆက်စပ်လျက်ရှိသော သဘာဝ အဖြစ်အပျက်များ၊ လူတို့၏အမူအကျင့်နှင့် အများပြည်သူဆိုင်ရာလုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာလုပ်ငန်း တို့၏ အများအားဖြင့် ဖြစ်တတ်သည့် ဖြစ်ရိုးဖြစ်စဉ်သဘောကို ထောက်ရှုဆင်ခြင်လျက် အကြောင်း ခြင်းရာတစ်ခုခုဖြစ်တန်ရာသည်ဟုထင်မြင်လျှင် ထိုအကြောင်းခြင်းရာများကို အမှန်ကဲ့သို့တရားရုံးက မှတ်ယူနိုင်သည်။

**ဥပမာများ**

တရားရုံးသည် အောက်ပါအတိုင်းအမှန်ကဲ့သို့ မှတ်ယူနိုင်သည်-

(က) ခိုးမှုဖြစ်ပွားပြီးနောက် မကြာမီအတွင်းခိုးရာပါပစ္စည်းကို လက်ဝယ်ရှိသူတစ်ယောက်က မည်သည့် နည်းလမ်းဖြင့် ထိုပစ္စည်းမိမိလက်ဝယ်သို့ ရောက်ရှိသည်ကို အကြောင်းမပြနိုင်လျှင် ထိုသူသည် သူခိုး သော်လည်းကောင်း၊ ခိုးရာပါ ပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် လက်ခံထားသူသော်လည်းကောင်းဖြစ် ကြောင်း၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါတစ်ဦး၏ထွက်ဆိုချက်ကို အရေးကြီးသောအကြောင်းအရာများ၌ အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ထိုသူမှာယုံကြည်ထိုက်သောသက်သေမဟုတ်ကြောင်း၊

(ဂ) လက်ခံပြီးသော သို့မဟုတ် အတည်ပြုပြီးသော ငွေလွှဲစာချုပ်တွင်ပါရှိသည့် အဖိုးစားနား အပြည့်အစုံ ရရှိသဖြင့် ထိုငွေလွှဲစာချုပ်ကိုလက်ခံခဲ့ကြောင်း သို့မဟုတ်အတည်ပြုခဲ့ကြောင်း၊

(ဃ) တစ်စုံတစ်ခုသော အရာဝတ္ထု သို့မဟုတ်အရာဝတ္ထုများ၏အခြေအနေတည်ရှိခြင်းမှာ ထိုသို့သော အရာဝတ္ထုများ သို့မဟုတ် အရာဝတ္ထုတို့၏အခြေအနေများရပ်စဲမြဲဖြစ်သော အချိန်ကာလမတိုင်မီ ယင်းသို့တည်ရှိနေသည်ဟု တင်ပြထားလျှင် ထိုအရာဝတ္ထုသည် သို့မဟုတ် ထိုအရာဝတ္ထုများ၏အခြေ အနေသည် ဆက်လက်တည်ရှိနေကြောင်း၊

(င) တရားစီရင်ရေးလုပ်ငန်းများနှင့် အခြားရုံးလုပ်ငန်းများကို ဆောင်ရွက်သင့်သလို ပုံမှန်ဆောင် ရွက်ထားကြောင်း၊

(စ) အလုပ်ကိစ္စများတွင် တစ်ခုစီကိုဆောင်ရွက်ရာ၌ အများအားဖြင့် ဆောင်ရွက်မြဲအတိုင်းပြုလုပ် ဆောင်ရွက်ထားကြောင်း၊

(ဆ) သက်သေခံတစ်ခုကို တင်ပြနိုင်ပါလျက် တင်ပြခြင်း မပြုလျှင် ထိုသို့မတင်ပြဘဲနေသူ၏အကျိုးနှင့် ဆန့်ကျင်လိမ့်မည်ဖြစ်ကြောင်း၊

(ဇ) မဖြေဆိုဘဲမနေရဟုဥပဒေကပြဋ္ဌာန်းထားခြင်းမရှိသော မေးခွန်းကိုလူတစ်ယောက်ကဖြေဆိုရန် ငြင်း ဆိုလျှင်ထိုသူ၏ အကျိုးနှင့် ဆန့်ကျင်လိမ့်မည်ဖြစ်ကြောင်း၊

(ဈ) တစ်စုံတစ်ခုသောတာဝန်ကိုထမ်းဆောင်ရန်ပြုလုပ်ထားသည့်စာချုပ်စာတမ်းသည် ထိုတာဝန်ကို ထမ်းဆောင်ရမည့်သူ၏လက်ထဲတွင် ရောက်ရှိနေလျှင် ထိုတာဝန်ကို ထမ်းဆောင်ပြီးဖြစ်ကြောင်း၊

သို့ရာတွင် တရားရုံးကဆိုခဲ့သည့် ဆောင်ပုဒ်များသည် တရားရုံးတွင်ရောက်ရှိလာသည့်အမှုတစ်မှုစီနှင့် သက်ဆိုင်ခြင်းရှိ မရှိစဉ်းစားဆင်ခြင်ရာ၌ အောက်ပါအကြောင်းခြင်းရာများကိုလည်းထောက်ရှုဆင်ခြင် ရမည်-

**ဥပမာ**။ ။ (က) တွင် အမှတ်အသားပြုလုပ်ထားသော ငွေတစ်ကျပ်ကို ခိုးယူပျောက်ဆုံးပြီးနောက် မကြာမီ ဆိုင်ရှင်တစ်ဦး၏ ဆိုင်ရှိငွေထည့်သေတ္တာငယ်တွင် တွေ့ရှိသည်။ ထိုငွေကို မည်သည့်နည်းဖြင့် မိမိ၏ လက်သို့ရောက်ရှိကြောင်းအတိအကျမဖော်ပြနိုင်သော်လည်း ထိုဆိုင်ရှင်၏လုပ်ငန်းစဉ်တွင် ကျပ် ငွေများ ကိုအဆက်မပြတ် လက်ခံရရှိနေခြင်း။

**ဥပမာ**။ ။ (ခ) တွင် အကျင့်စာရိတ္တအလွန်ကောင်းမွန်သူ A အပေါ်စက်ကိရိယာဆင်ရာ၌ ပေါ့လျော့မှု ကြောင့် လူတစ်ယောက်အား သေစေမှုဖြင့် တရားစွဲဆိုသည်။ ဤကဲ့သို့ပင် အကျင့်စာရိတ္တ ကောင်းမွန် ၍ထိုစက်ကိရိယာ ဆင်ရာ၌ပါဝင်သော B သည် ပြုလုပ်ခဲ့သမျှကို တိကျစွာ ဖော်ပြပြီးနောက် A နှင့်တကွ မိမိပါ သတိလစ်ဟင်းခဲ့ကြောင်းကိုဝန်ခံ၍ရှင်းလင်းဖော်ပြခြင်း။

**ဥပမာ**။ ။ (ခ) တွင် ပြစ်မှုတစ်ခုကို လူအများပူးပေါင်း၍ကျူးလွန်ကြသည်။ ပြစ်မှုကျူးလွန် သူများအနက် မှ A၊ B နှင့် C တို့ သုံးဦးကိုပြစ်မှုဖြစ်ပွားရာ နေရာတွင်ဖမ်းမိ၍ ယင်းတို့အား တစ်ယောက်တစ်နေရာစီ ထားသည်။ ယင်းတို့က အမှုအကြောင်းကို ပြောပြကြရာတွင် D ပါဝင်ကြောင်း အသီးသီးထွက်ဆို အစစ်ဆေးခံကြသည်။ ထိုသို့ထွက်ဆိုကြရာ၌ ယခင်ကကြိုတင်ပေါင်းဖက် ကြံစည် ထားသည့် လက္ခဏာမရှိ လောက်အောင် ယင်းတို့၏ထွက်ဆိုချက်များသည် တစ်ခုနှင့်တစ်ခု အထောက် အခံပြုလျက်ရှိခြင်း။

**ဥပမာ**။ ။ (ဂ) တွင်ငွေလွှဲစာချုပ်ဖြင့်ငွေထုတ်ယူသူ A သည်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ ထို စာချုပ်ကိုလက်ခံသူ B သည် ငယ်ရွယ်၍ အသိပညာကင်းမဲ့သူဖြစ်သည့်ပြင် A ဩဇာခံလုံးလုံးလျားလျား ဖြစ်ခြင်း။

**ဥပမာ**။ ။ (ဃ) တွင်မြစ်တစ်ခုသည် လွန်ခဲ့သည့်ငါးနှစ်က ရေကြောင်းမပြောင်းလဲဘဲစီးဆင်းခဲ့သည်မှာ သက်သေထင်ရှားသော်လည်း ထိုနောက်တွင် ရေကြီးရေလျှံကြောင်းသိရှိရသည်ဖြစ်ရာ ထိုသို့ရေကြီးရေ လျှံခြင်းကြောင့် ထိုရေစီးကြောင်းပြောင်းလဲသွားနိုင်ခြင်း။

**ဥပမာ**။ ။ (င) တွင်တရားစီရင်ရေးလုပ်ငန်းတစ်ရပ်ကို နည်းလမ်းတစ်ကျ ဆောင်ရွက်ခြင်းရှိမရှိ ဟူသော ပြဿနာတွင်ထိုဆောင်ရွက်ချက်ကို ထူးခြားသော အခြေအနေရဆောင်ရွက်ရခြင်း။

**ဥပမာ**။ ။ (စ) တွင်ပြဿနာမှာ စာတစ်စောင်ကို ရမရဖြစ်သည်၊ ထိုစာကိုစာတိုက်တွင် ထည့်ပြီးဖြစ် ကြောင်းတင်ပြထားသည်။ သို့ရာတွင် စာပို့ရိုးပို့စဉ် လုပ်ငန်းတွင် အဆီးအတားအနှောင့်အယှက်များရှိ ခြင်းကြောင့် စာမရောက်နိုင်ခြင်း။

**ဥပမာ**။ ။ (ဆ) တွင် လူတစ်ယောက်သည် သိပ်အရေးမကြီးသော ပဋိညာဉ်တစ်ခုနှင့်ပတ်သက်၍ တရား စွဲဆိုခြင်းခံရရာတွင် ထိုပဋိညာဉ်နှင့်သက်ဆိုင်မည်ဖြစ်သော စာချုပ်စာတမ်းတစ်ခုကို တင်ပြခြင်းမပြုခဲ့ ချေ။ ထိုစာချုပ်စာတမ်းသည် ထိုသူ၏မိသားစု၏စိတ်နှင့်ဂုဏ်သရေကိုထိခိုက်စေနိုင်ခြင်း။

Myanmar Law Information System (MLIS)

**ဥပမာ**။ ။ (ဇ) တွင် လူတစ်ယောက်သည် ဥပဒေအရမဖြေမဆိုဘဲနေ၍ ရနိုင်သည့် မေးခွန်းကိုဖြေဆိုရန် ငြင်းဆိုသည်။ သို့ရာတွင် ဖြေဆိုလျှင် မေးသည့်ကိစ္စနှင့်မစပ်ဆိုင်သောကိစ္စတွင် ထိုသူ၏အကျိုးစီးပွားကို ဆုတ်ယုတ်စေနိုင်သည်။

**ဥပမာ**။ ။ (ဈ) တွင် ခံဝန်ချုပ်တစ်ခုသည် တာဝန်ကိုထမ်းဆောင်ရမည့်သူ၏ လက်ဝယ်ရှိသည်။ သို့ရာ တွင်အမှုကိစ္စ၏ အခြေအနေအရ ထိုခံဝန်ချုပ်ကို ထိုသူ ခိုးယူရရှိထားနိုင်မည်ဖြစ်ခြင်း။

## အခန်း(၈)

## ငြင်းဆိုခွင့်မရှိခြင်း

ငြင်းဆိုခွင့်မရှိခြင်း။

၁၁၅။ တစ်စုံတစ်ယောက်သောသူသည်ကြေညာ၍ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ ပြုလုပ်ရန်ပျက်ကွက်ခြင်း ဖြင့်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်အားအကြောင်းအချက်တစ်ခုကို မှန်ကန်သည်ဟုယုံကြည်စေ၍ ထိုယုံကြည်ချက်အရ ပြုမူစေရန်တမင်ပြုလျှင် သို့မဟုတ် ပြုလျှင် မိမိနှင့်အခြားသူ သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်တို့ဖြစ်ပွားသည့်တရားမမှု တစ်စုံတစ်ရာတွင်လည်းကောင်း၊ အခြားမှုခင်း တစ်စုံတစ်ရာ တွင်လည်းကောင်း၊ ယင်းအကြောင်းအချက်နှင့်စပ်လျဉ်း၍ မမှန်ကန်ကြောင်းကိုမိမိကသော်လည်း ကောင်း၊ မိမိ၏ကိုယ်စားလှယ်ကသော်လည်းကောင်း ငြင်းဆိုခွင့်မပြုစေရ။

**ဥပမာ**

A သည် မြေတစ်ကွက်ကို ယင်းပိုင်မြေဖြစ်ကြောင်း B ကိုယုံကြည်စေရန်တမင် မမှန်မကန်ပြောဆိုလျက် B အား ထိုမြေကွက်ကို ဝယ်ယူစေပြီး အဖိုးငွေချေစေသည်။

ထို့နောက် အဆိုပါမြေမှာ A ပိုင်မြေဖြစ်လာ၍ A က ထိုမြေကိုရောင်းချစဉ် မိမိပိုင်မြေမဟုတ်သော ကြောင့် ရောင်းဝယ်ခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်။ ထိုသို့ ရောင်းချစဉ်အခါက ထိုမြေကို မိမိမပိုင်ဆိုင်ကြောင်းသက်သေထင်ရှားတင်ပြရန် A အားခွင့်မပြုရ။

ပစ္စည်းလက်ဝယ်ရှိသူထံမှ အခွင့်အမိန့်အရနေထိုင်သူ၏ငြင်းဆိုခွင့်မရှိခြင်း။

၁၁၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အငှားချထားသည့်ကိစ္စတွင် အိမ်ရှင် (သို့မဟုတ်) မြေရှင်သည် အငှားချထားခြင်း စတင်သည့်အချိန်က ထိုပစ္စည်းကိုပိုင်ဆိုင်ခွင့်မရှိကြောင်းဖြင့် မြေငှား (သို့မဟုတ်) အိမ်ငှားကဖြစ်စေ၊ ထိုပစ္စည်းကို အိမ်ငှား (သို့မဟုတ်) မြေငှားထံမှ ဆိုင်ရာဆိုင်ခွင့် ဆက်ခံသူကဖြစ်စေ၊ ထိုပစ္စည်းငှားရမ်းထားဆဲကာလအတွင်းငြင်းဆိုခွင့်မရှိစေရ။ ထို့ပြင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း တစ်ခုခု လက်ရှိဖြစ်သူ တစ်ဦးတစ်ယောက်သောသူအား အခွင့်အမိန့်ပေးအပ်၍ ထိုပစ္စည်းတွင်ဝင်ရောက် နေထိုင်ခွင့် အမိန့်ပေးအပ်စဉ်က ထိုပစ္စည်းကိုလက်ရှိထားပိုင်ခွင့်မရှိကြောင်းဖြင့် အဆိုပါ အခွင့်အမိန့်အရ ထိုပစ္စည်းတွင်ဝင်ရောက်နေထိုင်သူက ငြင်းဆိုခွင့် မရှိစေရ။

ငွေလွှဲစာချုပ်လက်ခံသူ၊ ပစ္စည်းအပ်နှံခံရသူ သို့မဟုတ် အခွင့်အမိန့်ရသူ၏ငြင်းဆိုခွင့်မရှိခြင်း။

၁၁၇။ ငွေလွှဲစာချုပ်တစ်ခုကို ရေးသားထုတ်ပေးသူမှာ ထိုသို့ရေးသားထုတ်ပေးပိုင်ခွင့်သော်လည်း ကောင်း၊ ယင်းကို အတည်ပြုလက်မှတ်ရေးထိုးပိုင်ခွင့်သော်လည်းကောင်း မရှိကြောင်းဖြင့် ထိုငွေလွှဲစာ ချုပ်လက်ခံသူက ငြင်းဆိုခွင့်မရှိစေရ။ ၎င်းအပြင်တစ်ဦးတစ်ယောက်အားပစ္စည်းအပ်နှံသူ သို့မဟုတ် အခွင့်အမိန့်ပေးအပ်သူမှာ ထိုပစ္စည်းအပ်နှံခြင်း

Myanmar Law Information System (MLIS)

စတင်သည့်အချိန်က သို့မဟုတ် ထိုအခွင့်အမိန့်ကို ပေးအပ်ခြင်း စတင်သည့်အချိန်က ထိုသို့ပစ္စည်း အပ်နှံပိုင်ခွင့်သော်လည်းကောင်း၊ အခွင့်အမိန့်ပေးအပ် ပိုင်ခွင့်သော်လည်းကောင်း မရှိကြောင်းဖြင့် ပစ္စည်းအပ်နှံခံရသူက သို့မဟုတ် အခွင့်အမိန့်ရသူကငြင်းဆို ခွင့်မရှိစေရ။

**ရှင်းလင်းချက် (၁)** ။ ငွေလွှဲစာချုပ်တစ်ခုကိုရေးသားထုတ်ပေးသည်ဆိုသူသည် အမှန်စင်စစ် ထိုငွေလွှဲ စာချုပ်ကို ရေးသားထုတ်ပေးခြင်းမပြုကြောင်းဖြင့် ထိုငွေလွှဲစာချုပ်လက်ခံသူက ငြင်းဆိုနိုင်သည်။

**ရှင်းလင်းချက် (၂)** ။ ကုန်ပစ္စည်းအပ်နှံခံရသူတစ်ဦးသည် မိမိထံအပ်နှံထားသည့် ကုန်ပစ္စည်းများကို ထိုကုန်ပစ္စည်းအပ်နှံသူမှတစ်ပါး အခြားသူအား ပေးအပ်လိုက်လျှင် ထိုအခြားသူမှာ ထိုကုန်ပစ္စည်း အပ်နှံသူထက် ယင်းကုန်ပစ္စည်းများကို ရထိုက်ခွင့်ရှိကြောင်း ထင်ရှားအောင် ကုန်ပစ္စည်းအပ်နှံခံရသူက သက်သေ ထင်ရှားတင်ပြနိုင်သည်။

## အခန်း(၉)

## သက်သေများအကြောင်း

မည်သူကသက်သေခံနိုင်ခြင်း။

၁၁၈။ မည်သူမဆို သက်သေခံနိုင်ခွင့်ရှိသည်။ သို့ရာတွင် အသက်အရွယ်နုနယ်သောကြောင့်သော်လည်း ကောင်း၊ အလွန်အိုမင်းသောကြောင့်သော်လည်းကောင်း၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ ရောဂါစွဲကပ်ခြင်း ကြောင့် သော်လည်းကောင်း၊ အလားတူဖြစ်သော အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း မိမိအား မေးမြန်းသည့်မေးခွန်းများကို နားမလည်နိုင်သူ သို့မဟုတ် ဆင်ခြင်တိုင်းထွာ၍ဖြေဆိုခြင်းမပြု နိုင်သူဟု တရားရုံးကထင်မြင်ယူဆလျှင် ထိုသူကို သက်သေခံခွင့်မပြုရ။

**ရှင်းလင်းချက်**။ ရူးသွပ်သူတစ်ယောက်သည် မိမိအား မေးမြန်းသည့်မေးခွန်းများကို နားလည်နိုင်စွမ်း လည်းမရှိ၊ ဆင်ခြင်တိုင်းထွာ၍ဖြေဆိုနိုင်စွမ်းလည်းမရှိလောက်အောင် ရူးသွပ်နေသည့် အခြေအနေမျိုး မဟုတ်လျှင် သက်သေခံနိုင်ခွင့်ရှိသည်။

**စကားမပြောနိုင်သောသက်သေများ။**

၁၁၉။ စကားမပြောနိုင်သော သက်သေတစ်ဦးသည် စာရေးသားတင်ပြခြင်း သို့မဟုတ် လက်ရိပ်ခြေရိပ်ပြခြင်းကဲ့သို့ သူတစ်ပါးနားလည်နိုင်သော အခြားနည်းတစ်နည်းနည်းဖြင့် သက်သေတင်ပြနိုင်သည်။ သို့ရာတွင် ထိုကဲ့သို့စာရေးသားတင်ပြခြင်း သို့မဟုတ် လက်ရိပ်ခြေရိပ်ပြခြင်းကို တရားရုံးတွင် လူအများရှေ့၌ ပြုလုပ်ရမည်။ ထိုကဲ့သို့တင်ပြသော သက်သေခံချက်ကို နှုတ်သက်သေခံချက်ဟု မှတ်ယူရမည်။

တရားမမှုတွင်အမှုသည်များနှင့် ယင်းတို့၏ဇနီးများ (သို့) ခင်ပွန်းများပြစ်မှုဆိုင်ရာမှုခင်းတွင် စွဲဆိုခြင်းခံနေရသူ၏ခင်ပွန်း သို့မဟုတ် ဇနီး။

Myanmar Law Information System (MLIS)

၁၂၀။ တရားမမှုအားလုံးတွင် အမှုသည်များသည်လည်းကောင်း၊ အမှုသည်၏ခင်ပွန်း သို့မဟုတ် ဇနီး သည်လည်းကောင်း သက်သေများအဖြစ်အစစ်ခံနိုင်ခွင့်ရှိသူများဖြစ်သည်။ ပြစ်မှုဆိုင်ရာ မှုခင်းများတွင် စွဲဆိုခြင်းခံရသူ၏ခင်ပွန်း သို့မဟုတ် ဇနီးဖြစ်သူသည် သက်သေအဖြစ် အစစ်ခံနိုင်ခွင့်ရှိသူဖြစ်သည်။

တရားသူကြီးများ။

၁၂၁။ တရားသူကြီးတစ်ဦးတစ်ယောက်ကိုမျှ အဆင့်မြင့်သောတရားရုံး၊ အထက်အဆင့်မြင့်တရားရုံး၏ အထူးအမိန့်မရဘဲ တရားသူကြီးအဖြစ်ဖြင့်တရားရုံးတွင် ထိုသူ၏ပြုမှုဆောင်ရွက်ချက် သို့မဟုတ် တရားသူကြီးအဖြစ်ဖြင့် တရားရုံးတွင်ဆောင်ရွက်နေစဉ် ထိုသူသိရှိခဲ့ရသည့်အကြောင်းအရာနှင့်စပ်လျဉ်း ၍ မေးခွန်းများကိုဖြေဆိုစေရန် အတင်းအကျပ်မပြုရ။ သို့ရာတွင်တရားသူကြီးအဖြစ်ဖြင့်ဆောင်ရွက်နေ ခိုက် ထိုသူ၏ရှေ့မှောက်၌ဖြစ်ပွားခဲ့သော အခြားအကြောင်းအရာများနှင့်စပ်လျဉ်း၍မူ ထိုသူအားစစ်ဆေး မေးမြန်းနိုင်သည်။

**ဥပမာများ**

(က) စက်ရှင်တရားရုံးတွင် အမှုစစ်ဆေးခြင်းခံနေရသူ A က B ရာဇဝတ်တရားသူကြီးသည်သက်သေ တစ်ဦး၏ထွက်ဆိုချက်ကိုနည်းလမ်းတကျမဟုတ်ဘဲရေးမှတ်ထားကြောင်းလျှောက်ထားပြောဆိုသည်။ အဆင့်မြင့်သောတရားရုံး၏ အထူးအမိန့်မရဘဲ အဆိုပါရာဇဝတ်တရားသူကြီးအား ထိုကိစ္စနှင့်စပ်လျဉ်း သည့်မေးခွန်းများကို အတင်းအကြပ်ဖြေဆိုစေခြင်းမပြုရ။

(ခ) A သည် ရာဇဝတ်တရားသူကြီး B ၏ရှေ့မှောက်တွင် မှသားသက်သေခံမှုဖြင့် စက်ရှင်တရားရုံးတွင် စွဲဆိုခြင်းခံရသည်။ အဆင့်မြင့်သောတရားရုံးက အထူးအမိန့်အရမဟုတ်လျှင် A မည်သို့ပြောဆို ကြောင်းကို B အားမေးမြန်းခြင်းမပြုနိုင်ချေ။

(ဂ) စက်ရှင်တရားသူကြီး B ရှေ့မှောက်တွင် အမှုစစ်ဆေးခံနေရစဉ် A သည်ရဲအရာရှိတစ်ဦးအား သတ်ရန်အားထုတ်မှုဖြင့် စက်ရှင်တရားရုံးတွင် စွဲဆိုခြင်းခံရမည်။ မည်ကဲ့သို့ပြစ်ချက်ရှိကြောင်းကိုအဆို ပါတရားသူကြီး B အားမေးမြန်းနိုင်သည်။

လက်ထပ်ပေါင်းသင်းနေစဉ်အတွင်းတစ်ဦးနှင့်တစ်ဦးဆက်သွယ်မှုများ။

၁၂၂။ အိမ်ထောင်လက်ရှိဖြစ်သူ သို့မဟုတ် အိမ်ထောင်ပြုခဲ့ဖူးသူ တစ်ဦးအား၊ ယင်းနှင့်လက်ထပ်ပေါင်း သင်းနေသူက သို့မဟုတ် ယင်းနှင့်လက်ထပ်ပေါင်းသင်းခဲ့ဖူးသူက လက်ထပ်ပေါင်းသင်းနေစဉ်ကာလ အတွင်း ဆက်သွယ်မှုတစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုစေရန် အဆိုပါအိမ်ထောင်လက်ရှိဖြစ်သူ သို့မဟုတ် အိမ်ထောင်ပြုခဲ့ဖူးသူအားအတင်းအကျပ်မပြုရ။ အိမ်ထောင်ဖက်အချင်းချင်းဖြစ်ပွားသည့် တရားမမှုများနှင့် အိမ်ထောင်ဖက်တစ်ဦးအပေါ်တစ်ဦးကျူး လွန်သည့်ပြစ်မှုဆိုင်ရာ မှုခင်းများမှတစ်ပါး၊ ဆက်သွယ်ခဲ့သောအချက်နှင့်စပ်လျဉ်း၍ ဆက်သွယ်အသိပေး ခဲ့သူက သို့မဟုတ် ယင်း၏ကိုယ်စားလှယ်၏အကျိုးဆက်ခံသူက သဘောမတူလျှင်ထိုသို့အသိပေးခြင်းခံ ရသော အိမ်ထောင်လက်ရှိဖြစ်သူ သို့မဟုတ် အိမ်ထောင်ပြုခဲ့ဖူးသူမှာ အဆိုပါအသိပေးထားသောအချက် ကိုထုတ်ဖော်ပြောဆိုခွင့်မရှိစေရ။

နိုင်ငံတော်ရေးရာနှင့်စပ်လျဉ်းသည့်သက်သေခံချက်။

၁၂၃။ နိုင်ငံတော်ရေးရာနှင့်စပ်လျဉ်း၍ထုတ်ပြန်ကြေညာခြင်းမပြုသည့် ရုံးမှတ်တမ်းများပါ အချက်များ ကို သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်မရဘဲ မည်သူမျှသက်သေခံတင်ပြခွင့်မရှိစေရ။ အဆိုပါ ဌာနအကြီးအကဲသည် မိမိသင့်သည်ထင်မြင်သည့်အတိုင်းထိုခွင့်ပြုချက်ကိုပေးရမည် သို့မဟုတ် မပေးဘဲ နေရမည်။

ရာထူးအလုပ်ဝတ္တရားအလျောက်အသိပေးထားသောအချက်များ။

၁၂၄။ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးက မိမိအားရာထူးအလုပ်ဝတ္တရားအလျောက်ယုံကြည်စိတ်ချ၍ အသိပေး ထားသောအချက်များကို ထုတ်ဖော်ပြောဆိုခြင်းအားဖြင့် အများပြည်သူ့အကျိုးထိခိုက်နစ်နာမည်ဟု ထင်မြင်ယူဆလျှင် ထိုပြည်သူ့ဝန်ထမ်းအား အဆိုပါ အသိပေးထားသောအချက်များကို အတင်းအကျပ် ထုတ်ဖော်ပြောဆိုစေခြင်းမပြုရ။

ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့်သတင်း။

၁၂၅။ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့်သတင်းကို မည်သူထံမှရရှိကြောင်းပြောဆိုစေရန် မည်သည့်ရာဇဝတ်တရားသူကြီး သို့မဟုတ်မည်သည့် ရဲအရာရှိကိုမျှ အတင်းအကျပ်မပြုရ၊ ပြည်သူ့အခွန် ငွေယုတ်လျော့စေရန် ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့်သတင်းကို မည်သူထံမှ ရရှိကြောင်း ပြောဆိုစေရန် မည်သည့်အခွန်အရာရှိကိုမျှ အတင်းအကျပ် မပြုရ။

**ရှင်းလင်းချက်**။ ။ ဤပုဒ်မတွင် အခွန်အရာရှိဆိုသည်မှာ နိုင်ငံတော်အခွန်ငွေဆိုင်ရာဌာနတစ်ခုခုတွင် လုပ်ငန်းဆောင်ရွက်ရသည့် အရာရှိကိုဆိုသည်။

ရှေ့နေရှေ့ရပ်လုပ်ငန်းအရပြောဆိုရေးသားချက်များ။

၁၂၆။ ရှေ့နေတစ်ဦးသည်မိမိ၏အမှုသည်က အတိအလင်းသဘောတူညီခြင်းမရှိလျှင် ထိုအမှုသည်၏ ရှေ့နေအဖြစ် ဆောင်ရွက်နိုင်ရန်အလို့ငှာ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း သိရှိထားသည့် မိမိအားအမှု သည်ကဖြစ်စေ၊ အမှုသည်အတွက်တစ်ဦးဦးကဖြစ်စေ ပြောဆိုရေးသားချက် သို့မဟုတ်မိမိသိရှိခွင့်ရခဲ့ သည့် စာချုပ်စာတမ်းတစ်ခုခုတွင် ပါရှိသောအချက်များ သို့မဟုတ် စာချုပ်စာတမ်း၏အခြေအနေ သို့မဟုတ် မိမိ၏အမှုသည်များအား မိမိပေးခဲ့သော အကြံဉာဏ်မည်သည့်အခါမျှ ထုတ်ဖော်ပြောဆိုခွင့် မရှိစေရ။

သို့ရာတွင် ဤပုဒ်မပါပြဋ္ဌာန်းချက်ကိုအကာအကွယ်ယူ၍ အောက်ပါအချက်တို့ကိုထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ နေခွင့်မရှိစေရ-

(၁) တရားဥပဒေနှင့် မညီသော အကြံအစည်တစ်ခုခုဖြစ်မြောက်စေရန်အလို့ငှာပြောဆိုရေးသားချက်တစ် ရပ်ရပ်၊

(၂) အမှုသည်၏ရှေ့နေအဖြစ် ဆောင်ရွက်နေစဉ်အတွင်း မိမိတွေ့ရှိရသည့် အချက်တစ်ခုခုအရပြစ်မှု သို့မဟုတ် လိမ်လည်မှုတစ်ခုခုကိုထိုအမှုသည်၏ရှေ့နေအဖြစ်သို့ဆောင်ရွက်ခြင်း စတင်ပြီးနောက်တွင် ကျူးလွန်ထားကြောင်းပေါ်လွင်လျှင်ထိုသို့တွေ့ရှိသောအချက်။

ရှေ့နေက သိရှိထားသည်ဆိုရာ၌ အမှုသည် သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သူနှင့်ဆက်သွယ်ရာ ၌ သိရှိရသောအကြောင်းခြင်းရာအားလုံးအကျုံးဝင်သည်။ အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စား ဖြစ်စေ အတိအလင်းသော်လည်းကောင်း၊ အခြားနည်းဖြင့် သော်လည်းကောင်းသိရှိရသောအကြောင်း ခြင်းရာအားလုံးကိုဆိုလိုသည်။

**ရှင်းလင်းချက်**။ ။ ဤပုဒ်မတွင်ဖော်ပြထားသော ဆောင်ရွက်ရန်တာဝန်မှာသက်ဆိုင်ရာအမှုတွင် ရှေ့နေ အဖြစ်ဆောင်ရွက်ခြင်းပြီးဆုံးသော်လည်း ဆက်လက်တည်ရှိသည်။

**ဥပမာများ**

(က) အမှုသည် A ကရှေ့နေ B အား "ကျွန်တော်လိမ်လည်အတုပြုမှုကို ကျူးလွန်ခဲ့၍ကျွန်တော့်အတွက် ခုခံချေပပေးပါ" ဟုပြောသည်။

ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသူအတွက် ခုခံချေပပေးခြင်းသည် ပြစ်မှုမကင်းသည့် အကြံအစည် မဟုတ်သောကြောင့် ထိုပြောဆိုချက်ကို ရှေ့နေကထုတ်ဖော်ပြောဆိုခွင့်မရှိ။

(ခ) အမှုသည် A က ရှေ့နေ B အား "ကျွန်တော်၏လိမ်လည်အတုပြုလုပ်ထားသည့်စာချုပ်ဖြင့် ပစ္စည်း ကိုရယူလိုပါသည်။ ထိုစာချုပ်ဖြင့်တရားစွဲဆိုပေးပါ" ဟုပြောဆိုသည်။

ထိုပြောဆိုချက်မှာ ပြစ်မှုမကင်းသည့်အကြံအစည် ဖြစ်မြောက်ရေးအတွက် ပြောဆိုချက်ဖြစ်၍ ရှေ့နေက မထုတ်ဖော် မပြောဆိုဘဲ နေခွင့်မရှိ။

(ဂ) A သည် အလွဲသုံးစားမှုဖြင့် တရားစွဲဆိုခြင်းခံရသဖြင့် မိမိအားခုခံပေးရန် ရှေ့နေ B ကို ငှားရမ်းသည်။ B သည် အမှုကိုလိုက်ပါဆောင်ရွက်နေစဉ်အတွင်း A ၏စာရင်းစာအုပ်တွင် အလွဲသုံးစား ထားသည်ဆိုသော ငွေနှင့်စပ်လျဉ်း၍ မိမိအားငှားရမ်းစအချိန်က မတွေ့ရှိခဲ့သော ရေးသွင်းချက်ကို ထိုစာရင်းစာအုပ် တွင် တွေ့မြင်ရသည်။

ထိုကဲ့သို့ B တွေ့မြင်ရသည့် အကြောင်းခြင်းရာမှာ မိမိရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်နေစဉ်အတွင်း သိရှိရသောအကြောင်းခြင်းရာဖြစ်ပြီး အမှုစတင်ဆောင်ရွက်သည့်နောက်မှ လိမ်လည်လှည့်ဖြားမှုကျူး လွန်ထားကြောင်း ထိုအကြောင်းခြင်းရာပေါ်လွင်သဖြင့် B သည် ထိုအကြောင်းခြင်းရာကို မထုတ် ဖော်မပြောဆိုဘဲနေခွင့်မရှိ။

ပုဒ်မ ၁၂၆ ကိုစကားပြန်စသည်တို့နှင့်သက်ဆိုင်စေခြင်း။

၁၂၇။ ပုဒ်မ ၁၂၆ ပါပြဋ္ဌာန်းချက်များသည်စကားပြန်များနှင့်သော်လည်းကောင်း၊ ရှေ့နေများ၏စာရေး များ သို့မဟုတ် အစေခံများနှင့်သော်လည်းကောင်းသက်ဆိုင်စေရမည်။

အလိုအလျောက်သက်သေခံခြင်းကြောင့် အခွင့်အရေးကိုစွန့်လွှတ်ရာမရောက်ခြင်း။

၁၂၈။ တရားမမှုတွင် အမှုသည်တစ်ဦးဦးက မိမိအလိုအလျောက်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ သက်သေခံလျှင် ထိုသို့သက်သေခံခြင်းကြောင့်ပုဒ်မ ၁၂၆ တွင်ဖော်ပြပါရှိသည့်အချက်များကို ထုတ်ဖော် ပြောဆိုစေရန် ထိုအမှုသည်က သဘောတူသည်ဟုမမှတ်ယူရ။ ထို့ပြင် တရားမမှုသို့မဟုတ် မှုခင်းကိစ္စ တစ်ခုတွင် အမှုသည်တစ်ဦးဦးက အဆိုပါရှေ့နေတစ်ဦးဦးအား သက်သေအဖြစ်ခေါ်ယူမေးမြန်းရာ၌ လည်း ထိုသို့မေးမြန်းခြင်းမပြုပါက ထိုရှေ့နေအနေဖြင့် ထုတ်ဖော်ပြောဆိုခွင့်မရှိသောကိစ္စကိုမေးမြန်းမှ သာလျှင် ဆိုခဲ့သည့်အတိုင်းထုတ်ဖော်ပြောဆိုစေရန် ထိုအမှုသည်ကသဘောတူသည်ဟု မှတ်ယူရမည်။

ရှေ့နေများနှင့်အတွင်းရေးဆက်သွယ်မှုများ။

Myanmar Law Information System (MLIS)

၁၂၉။ မည်သည့်အမှုသည်မဆို မိမိအလိုအလျောက် တရားရုံးတွင် သက်သေအဖြစ်အစစ်မခံလျှင် ထိုသူနှင့် ယင်း၏ရှေ့နေတို့ တစ်ဦးနှင့်တစ်ဦး အတွင်းရေးဆက်သွယ်မှု ရေးသားချက်များကိုတရားရုံး တွင် ထုတ်ဖော်ပြောဆိုစေရန် ထိုသူအားအတင်းအကျပ်မပြုရ။ အကယ်၍ထိုသူသည်မိမိအလိုအလျောက် သက်သေအဖြစ်အစစ်ခံလျှင်လည်း အဆိုပါဆက်သွယ်မှုများအနက် ထိုသူတင်ပြထားသော သက်သေခံ ချက်ကိုရှင်းလင်းရန်အတွက် သိရှိရန်လိုအပ်သည်ဟု တရားရုံးကထင်မြင်သမျှသော ဆက်သွယ်မှုမှ တစ်ပါး အခြားဆက်သွယ်မှုကို ထုတ်ဖော်ပြောဆိုစေရန်ထိုသူအားအတင်းအကျပ်မပြုနိုင်ချေ။

အမှုသည်မဟုတ်သောသက်သေ၏ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို တင်ပြခြင်း။

၁၃၀။ တရားမမှုတွင် အမှုသည်မဟုတ်သော သက်သေတစ်ဦးဦးထံမှ တစ်စုံတစ်ခုသောပစ္စည်းကို အဆိုပါ သက်သေပိုင်ဆိုင်ခွင့်ရှိကြောင်းဖော်ပြသည့်စာချုပ်စာတမ်းများ သို့မဟုတ် ရွှေ့ပြောင်းနိုင်သောပစ္စည်း ကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ အပေါင်ခံသူအဖြစ်အဆိုပါသက်သေကလက်ရှိထားရာ တွင် ထိုသို့လက်ရှိထားခွင့်ရှိစေသော စာချုပ်စာတမ်း သို့မဟုတ် စာချုပ်စာတမ်းတစ်ခုခုကို တင်ပြခြင်းကြောင့် ထိုသက်သေအားပြစ်မှုထိုက်သင့်စေနိုင်မည်ဖြစ်လျှင် ထိုသို့သောစာချုပ်စာတမ်းကို တင်ပြစေရန် ထိုသက်သေအား အတင်းအကျပ်မပြုရ။ သို့ရာတွင် ထိုသက်သေက ထိုစာချုပ်စာတမ်းများကိုတင်ပြပါ မည်ဟူ၍ ထိုသို့တင်ပြစေလိုသူနှင့် ဖြစ်စေ၊ ထိုသူမှတစ်ဆင့် အခွင့်အရေးတောင်းဆိုသူနှင့်ဖြစ်စေ စာဖြင့်ရေးသား၍ သဘောတူညီထားလျှင် ထိုသို့တင်ပြစေရန် ထိုသက်သေအားအတင်းအကျပ်ပြုနိုင်သည်။

အခြားသူ၏လက်ဝယ်ရှိလျှင်ထိုသူကတင်ပြရန်ငြင်းဆိုနိုင်သောစာချုပ်စာတမ်းများကို တင်ပြခြင်း။

၁၃၁။ တစ်ဦးတစ်ယောက်သောသူ၏လက်ဝယ်ရှိသောစာချုပ်စာတမ်းများမှာ အခြားသူတစ်ဦး၏လက် ဝယ်ရှိပါက ထိုအခြားသူက တင်ပြရန်ငြင်းဆိုနိုင်ခွင့်ရှိသော စာချုပ်စာတမ်းများဖြစ်နေလျှင် ယင်းတို့ကို တင်ပြစေရန် ထိုအခြားသူကသဘောတူခွင့်ပြုခြင်းမရှိသေးသမျှ ထိုသို့တင်ပြစေရန်အဆိုပါ စာချုပ်စာ တမ်းလက်ဝယ်ရှိသူအား အတင်းအကျပ်မပြုရ။

မေးမြန်းချက်ကိုဖြေဆိုလျှင် ပြစ်မှုရောက်စေနိုင်သည်ဟူသောအကြောင်းပြချက်ဖြင့် ထိုသို့ဖြေဆိုရ ခြင်း မှသက်သေအားကင်းလွတ်ခွင့်မပြုရခြင်း။

၁၃၂။ တရားမမှုတစ်ခုခုတွင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာမှုခင်းတစ်ခုခုတွင်ဖြစ်စေ ပေါ်ထွက်လျက်ရှိသောငြင်း ချက်များနှင့် စပ်လျဉ်း၍မေးသော မေးခွန်းများကို သက်သေကဖြေဆိုရမည်။ ထိုမေးခွန်းကို ဖြေဆိုခြင်း အားဖြင့် မိမိသည်ပြစ်မှုပြစ်ဒဏ်သင့်မည်ဟုသော်လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်သင့်မည့်အရိပ်နိမိတ်ပေါ် နိုင်သည်ဟုသော်လည်းကောင်း သို့မဟုတ် ပြစ်မှုပြစ်ဒဏ်ခံရခြင်းနှင့် ဖြစ်စေ၊ ဘဏ္ဍာတော်အဖြစ် ပစ္စည်း အသိမ်းခံရခြင်းနှင့်ဖြစ်စေ တိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်၍ကြုံတွေ့မည်ဟုသော်လည်းကောင်း၊ ကြုံတွေ့ မည့်အရိပ်နိမိတ်ပေါ်မည်ဟု သော်လည်းကောင်း အကြောင်းများရှိစေကာမူ သက်သေက ထိုမေးခွန်းများကို မဖြေဆိုဘဲမနေရ။

Myanmar Law Information System (MLIS)

သို့ရာတွင် မေးသမျှကို မဖြေဆိုဘဲမနေရ၍ ဖြေဆိုရသောဖြေဆိုချက်ကြောင့် ထိုသူအားဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းမပြုရ သို့မဟုတ် ထိုဖြေဆိုချက်ကို အကြောင်းပြု၍ မုသားသက်သေထွက်ဆိုသည်ဟု တရားစွဲဆိုသောပြစ်မှုမှအပ အခြားမည်သည့်ပြစ်မှုဆိုင်ရာမှုခင်းမှာမှ ထိုဖြေဆိုချက်ကိုသက်သေခံအဖြစ် အသုံးမပြုရ။

ပြစ်မှုကျူးလွန်ရာတွင်ကြံရာပါ။

၁၃၃။ ပြစ်မှုကျူးလွန်ရာတွင် ကြံရာပါတစ်ဦးသည် တရားခံနှင့်ဆန့်ကျင်၍ သက်သေအဖြစ် အစစ်ခံနိုင် ခွင့်ရှိသူဖြစ်ရမည်။ အခြားအထောက်အကူပြုသော သက်သေခံချက်မရှိဘဲ အဆိုပါကြံရာပါတစ်ဦး၏ သက်သေခံချက်အပေါ်တွင်သာ အခြေပြု၍ တရားခံအားပြစ်မှုထင်ရှားစီရင်ခြင်းသည်တရားနှင့်မညီမဖြစ် စေရ။

သက်သေဦးရေ။

၁၃၄။ မည်သည့်အမှုတွင်မဆို အကြောင်းခြင်းရာတစ်ရပ်ရပ်ကိုသက်သေထင်ရှားတင်ပြရေးအတွက် သက်သေဦးရေမည်မျှလိုအပ်ကြောင်းသတ်မှတ်ခြင်းမရှိစေရ။

## အခန်း(၁၀)

## သက်သေများကိုစစ်ဆေးခြင်းအကြောင်း

သက်သေများကိုတင်ပြရန်နှင့် စစ်ဆေးရန်အစီအစဉ်။

၁၃၅။ သက်သေများတင်ပြရန်နှင့် စစ်ဆေးရန်အစီအစဉ်ကိုတရားမမှုများနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီသတ်မှတ်ရမည်။ ဆိုခဲ့သည့်ဥပဒေမျိုးမရှိလျှင် အဆိုပါအစီအစဉ်ကို တရားရုံး၏ဆင်ခြင်မှုဖြင့်သတ်မှတ်ရမည်။

သက်သေခံချက် သက်သေခံဝင်သည် မဝင်သည်ကိုတရားသူကြီးကဆုံးဖြတ်ရခြင်း။

၁၃၆။ မည်သည့်အမှုသည်ကမဆို အကြောင်းခြင်းရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံချက် တင်ပြရန် အဆိုပြုသောအခါ တရားသူကြီးသည် သက်သေထင်ရှားရှိလျှင် မည်သည့်နည်းဖြင့် စပ်ဆိုင် ကြောင်းမေး မြန်းနိုင်သည်။ ယင်းအပြင် တရားသူကြီးသည် ထိုအကြောင်းခြင်းရာမှာ သက်သေထင်ရှားရှိလျှင် စပ်ဆိုင်မှုရှိမည်ဟု ထင်မြင်မှသာ ယင်းသက်သေခံချက်ကိုလက်ခံရမည်။ ထိုသို့မထင်မြင်လျှင်လက်မခံရ။ သက်သေထင်ရှား စေလိုသော အကြောင်းခြင်းရာသည် အခြားအကြောင်းခြင်းရာတစ်ရပ်ရပ်ကို သက်သေထင်ရှားပြမှသာ လက်ခံနိုင်မည်ဖြစ်လျှင် နောက်ဆုံးဖော်ပြသည့် အကြောင်းခြင်းရာကို ပထမဖော်ပြသည့်အကြောင်းခြင်း ရာ၏ အလျင်သက်သေထင်ရှားတင်ပြရမည်။ သို့ရာတွင် အဆိုပါအကြောင်းခြင်းရာကိုသက်သေထင်ရှား ပြသရမည်ဟုအမှုသည်က တာဝန်ယူလျှင်ယင်းတာဝန်ယူချက်ကိုလည်း တရားရုံးကကျေနပ်ပါက တင်ပြ ရန်ဖြစ်သော သက်သေခံချက်ကို ရှေးဦးစွာတင်ပြခွင့်ပြုနိုင်သည်။

**ဥပမာများ**

(က) စပ်ဆိုင်သည့် အကြောင်းခြင်းရာတစ်ခုနှင့် စပ်လျဉ်း၍ သေဆုံးပြီဟု အဆိုရှိသူ၏ထွက်ဆိုချက်ကို သက်သေထင်ရှားတင်ပြလိုကြောင်း အဆိုပြုထားသည်။ ထိုထွက်ဆိုချက်သည် ပုဒ်မ ၃၂ အရစပ်ဆိုင်သည့်ထွက်ဆိုချက်ဖြစ်သည်။

ထိုထွက်ဆိုချက်ကို သက်သေထင်ရှားတင်ပြလိုကြောင်း အဆိုပြုသူသည် ထိုထွက်ဆိုချက်နှင့်စပ်လျဉ်း၍ သက်သေခံတင်ပြခြင်းမပြုမီထိုသို့ ထွက်ဆိုသူသေဆုံးပြီဟူသော အကြောင်းခြင်းရာကိုသက်သေထင်ရှား တင်ပြရမည်။

(ခ) ပျောက်ဆုံးသည်ဆိုသောစာတမ်းအမှတ်အသားတစ်ခုပါ အချက်များကိုသက်သေထင်ရှားအဖြစ် ထိုစာတမ်းအမှတ်အသား၏မိတ္တူကိုတင်ပြလိုကြောင်းအဆိုပြုထားသည်။

ထိုစာတမ်းအမှတ်၏မိတ္တူကို တင်ပြလိုကြောင်းအဆိုပြုသူသည် ထိုမိတ္တူကို တင်ပြခြင်းမပြုမီ မူရင်းစာတမ်းအမှတ်အသား ပျောက်ဆုံးသည် ဆိုသောအချက်ကို သက်သေထင်ရှား တင်ပြရမည်။

(ဂ) A သည်ခိုးရာပါပစ္စည်းကို ခိုးယူ၍ ရရှိခဲ့ကြောင်းသိလျက်နှင့် လက်ခံထားသည်ဟု တရားစွဲဆိုခြင်းခံ ရသည်။ ထိုသူက ထိုပစ္စည်းမှာ မိမိလက်ဝယ်မရှိကြောင်းဖြင့် ငြင်းဆိုခဲ့သည်ကို သက်သေထင်ရှားတင်ပြ လိုကြောင်းအဆိုပြုထားသည်။

ပစ္စည်းသည် ခိုးရာပါပစ္စည်း ဟုတ်မှန်မှသာ အဆိုပါငြင်းဆိုချက်သည် အမှုနှင့်စပ်ဆိုင်မည်ဖြစ်သည်။ ပစ္စည်းလက်ဝယ်မရှိကြောင်းငြင်းဆိုချက်ကို သက်သေထင်ရှားတင်ပြခြင်းမပြုမီ ထိုပစ္စည်းမှာခိုးရာပါ ပစ္စည်း ဟုတ်မဟုတ် သက်သေခံတင်ပြရန် တရားရုံးက ချင့်ချိန်၍တောင်းဆိုနိုင်သည်။ သို့မဟုတ် ထိုပစ္စည်းမှာ ခိုးရာပါပစ္စည်းဟုတ်မှန်ကြောင်းသက်သေခံတင်ပြခြင်းမပြုမီ ပစ္စည်းလက်ဝယ်မရှိကြောင်း ငြင်းဆိုချက် ကို သက်သေထင်ရှားတင်ပြရန် တရားရုံးက ချင့်ချိန်၍ခွင့်ပြုနိုင်သည်။

(ဃ) အငြင်းဖြစ်သည့်အကြောင်းခြင်းရာဖြစ်ပေါ်ခြင်း၏အကြောင်းသော်လည်းကောင်း၊ အကျိုးသော် လည်းကောင်း ဖြစ်သည်ဆိုသော အကြောင်းခြင်းရာ A ကိုသက်သေထင်ရှားတင်ပြလိုကြောင်း အဆိုပြု ထားသည်။ အကြောင်းခြင်းရာ A သည် အငြင်းဖြစ်သည့်အကြောင်းခြင်းရာဖြစ်ပေါ်ရခြင်း၏အကြောင်း သော်လည်းကောင်း၊ အကျိုးသော်လည်းကောင်းဖြစ်သည်ဟုယူဆခြင်းမပြုနိုင်မီ အချို့သော ကြားဝင် အကြောင်းခြင်းရာများ (B၊ C နှင့် D) တို့တည်ရှိကြောင်းတင်ပြရမည်ဖြစ်သည်။ (B) (C) နှင့် (D) တို့ ကို သက်သေထင်ရှားတင်ပြရန် တရားရုံးကခွင့်ပြုနိုင်သည်၊ သို့မဟုတ် (A) ကိုသက်သေထင်ရှားတင်ပြ ခွင့်မပြုမီ (B) (C) နှင့် (D) တို့ကို သက်သေထင်ရှားပြရန် တရားရုံးက တောင်းဆိုနိုင်သည်။

အဓိကစစ်မေးခြင်း။

၁၃၇။ သက်သေတင်ပြသည့် အမှုသည်က မိမိ၏သက်သေအားစစ်မေးခြင်းကိုအဓိကစစ်မေးခြင်းဟုခေါ် သည်။

**ပြန်လှန်စစ်မေးခြင်း။**

အမှုသည်တစ်ဦးကတင်ပြသော သက်သေအား ဆန့်ကျင်ဘက်အမှုသည်က စစ်မေးခြင်းကို ပြန်လှန်စစ်မေးခြင်း ဟုခေါ်သည်။

**ထပ်မံစစ်မေးခြင်း။**

Myanmar Law Information System (MLIS)

အမှုသည်တစ်ဦးက တင်ပြသောသက်သေအား ဆန့်ကျင်ဘက်အမှုသည်က ပြန်လှန်စစ်မေးပြီးနောက် ထိုသက်သေကိုတင်ပြသည့်အမှုသည်က စစ်မေးခြင်းကိုထပ်မံစစ်မေးခြင်းဟုခေါ်သည်။

သက်သေစစ်မေးခြင်းအစီအစဉ်။

၁၃၈။ သက်သေများကိုရှေးဦးစွာ အဓိကစစ်မေးခြင်းပြုရမည်။ ထို့နောက်(ဆန့်ကျင်ဘက်အမှုသည်က စစ်မေးလိုလျှင်) ပြန်လှန်စစ်မေးခြင်းပြုရမည်။ ထို့နောက် (သက်သေတင်ပြသည့် အမှုသည်က ထပ်မံစစ်မေးလိုလျှင်) ထပ်မံစစ်မေးခြင်းပြုရမည်။

အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတို့မှာ အမှု၌စပ်ဆိုင်သည့် အကြောင်းခြင်းရာများနှင့်သက် ဆိုင်စေရမည်၊ သို့သော်လည်းပြန်လှန်စစ်မေးရာတွင်အဓိကစစ်မေးစဉ်ကထိုသက်သေထွက်ဆိုခဲ့သည့် အကြောင်းခြင်းရာများအပေါ်တွင်သာပြန်လှန်စစ်မေးရမည်ဟု ကန့်သတ်ထားရန်မလိုချေ။

**ထပ်မံစစ်မေးခြင်း၏ဦးတည်ချက်။**

ထပ်မံစစ်ဆေးခြင်းမှာ ပြန်လှန်စစ်မေးရာ၌ပါရှိသော အကြောင်းအရာများကို ရှင်းလင်းရန်အတွက်ဖြစ်ရမည်။ ထပ်မံစစ်မေးရာ၌ တရားရုံး၏ခွင့်ပြုချက်ဖြင့် အကြောင်းအရာသစ်တစ်ခုကို ထည့်သွင်းမေးမြန်းလျှင် ဆန့်ကျင်ဘက်အမှုသည်က ထိုအကြောင်းအရာပေါ်တွင် နောက်ထပ်ပြန်လှန်စစ်မေးနိုင်သည်။

စာတမ်းအမှတ်အသားတင်ပြရန်ဆင့်ခေါ်ခြင်းခံရသူအားပြန်လှန်စစ်မေးခြင်း။

၁၃၉။ စာတမ်းအမှတ်အသားတစ်ခုကိုတင်ပြရန်ဆင့်ခေါ်ခြင်းခံရသူသည် ထိုစာတမ်းအမှတ်အသားကို တင်ပြရုံမျှဖြင့် သက်သေအဖြစ်သို့မရောက်၊ ထိုသူကိုသက်သေအဖြစ်တင်ပြခြင်းမဟုတ်လျှင်ထိုသူအား ပြန်လှန်စစ်မေးခြင်းမပြုနိုင်။

အကျင့်စာရိတ္တအတွက်တင်ပြသည့်သက်သေများ။

၁၄၀။ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍ တင်ပြသောသက်သေများကို ပြန်လှန်စစ်မေးခြင်းနှင့် ထပ်မံစစ်မေး ခြင်းပြုနိုင်သည်။

နိမိတ်ပြမေးခွန်းများ။

၁၄၁။ မေးမြန်းသူ အလိုရှိသည့်အတိုင်း သို့မဟုတ် မျှော်လင့်သည့်အတိုင်းဖြေဆိုစေရန်လမ်းကြောင်းပေး သောမေးခွန်းကိုနိမိတ်ပြမေးခွန်းဟုခေါ်သည်။

နိမိတ်ပြမေးခွန်းများကိုမည်သည့်အခါ၌မမေးရခြင်း။

၁၄၂။ အဓိကစစ်မေးခြင်းပြုရာတွင် ဖြစ်စေ၊ ထပ်မံစစ်မေးခြင်းပြုရာတွင်ဖြစ်စေ နိမိတ်ပြမေးခွန်း မေးမြန်းခြင်းကို ဆန့်ကျင်ဘက်အမှုသည်က ကန့်ကွက်လျှင် မေးမြန်းခြင်းမပြုရ။ သို့ရာတွင် တရား ရုံး၏ခွင့်ပြုချက်အရ နိမိတ်ပြမေးခွန်းများကို မေးမြန်းနိုင်သည်။

အစပျိုးသည့် သို့မဟုတ် အငြင်းမပွားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လုံလောက်စွာ သက်သေထင်ရှားပြီးဖြစ်သည်ဟု တရားရုံးကထင်မြင်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ဖြစ်စေ နိမိတ်ပြမေးခွန်းများကို မေးမြန်းရန်တရားရုံးက ခွင့်ပြုရမည်။

နိမိတ်ပြမေးခွန်းများကိုမည်သည့်အခါမေးမြန်းနိုင်ခြင်း။

၁၄၃။ ပြန်လှန်စစ်မေးရာတွင်နိမိတ်ပြမေးခွန်းများကို မေးမြန်းနိုင်သည်။

စာဖြင့်ရေးသားထားသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ သက်သေခံချက်။

၁၄၄။ ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပဋိညာဉ်ပြုခြင်း၊ ဂရန်ချထားပေးခြင်း သို့မဟုတ် အခြားနည်းစီမံ ခြင်းကိုသက်သေခံသည့် သက်သေတစ်ဦးအားထိုသို့ သက်သေခံနေစဉ်အတွင်း ဆန့်ကျင်ဘက်အမှုသည် က အဆိုပါကိစ္စတစ်ခုခုကို စာချုပ်စာတမ်းတွင်ထည့်သွင်းထားခြင်းရှိ မရှိ မေးမြန်းနိုင်သည်။ အကယ်၍ ထိုသက်သေက ထိုသို့ထည့်သွင်းထားသည်ဟု ဖြေဆိုလျှင် ထိုစာချုပ်စာတမ်းကိုမတင်ပြသေးသမျှ ထိုသို့ သက်သေခံခြင်းကို ဆန့်ကျင်ဘက်အမှုသည်က ကန့်ကွက်နိုင်သည်။ သို့ရာတွင် ထိုစာချုပ်စာတမ်းကို တင်ပြရန် လိုအပ်သည်ဟု တရားရုံးကထင်မြင်လျှင် တရားရုံးသည် ထိုသို့ ကန့်ကွက်ခြင်းကိုလက်ခံ၍ ထိုသို့တင်ပြရန် မလိုအပ်ဟု ထင်မြင်ပါက ထိုကန့်ကွက်ချက်ကိုပယ်နိုင်သည်။ အကယ်၍ထိုသက်သေက စာချုပ်စာတမ်းတစ်ခုခုတွင်ပါရှိသည့် အကြောင်းအချက်များနှင့်စပ်လျဉ်း၍ထွက်ဆိုမည်ပြုလျှင်၊ ထိုသက် သေကိုတင်ပြသည့် အမှုသည်က ထိုစာချုပ်စာတမ်း၏ဒုတိယအဆင့် သက်သေခံချက်တင်ပြပိုင်ခွင့်ရှိ ကြောင်း သက်သေထင်ရှားတင်ပြခြင်းမပြုသေးသမျှ ထိုသို့သက်သေခံခြင်းကိုဆန့်ကျင်ဘက်အမှုသည်က ကန့်ကွက်နိုင်သည်။

**ရှင်းလင်းချက်** ။ စာတမ်းအမှတ်အသားတွင်ပါရှိသော အချက်များနှင့်ပတ်သက်၍ အခြားသူများ ၏ထွက်ဆိုချက်များသည် စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်လျှင်သက်သေတစ်ဦးလည်း အဆိုပါ ပြောဆိုချက်ကို နှုတ်သက်သေပေးနိုင်သည်။

**ဥပမာများ**

ပြဿနာမှာ A သည် B အားလက်ရောက်မှုကျူးလွန်ခြင်း ရှိမရှိဖြစ်သည်။

“B က ကျွန်တော့်အားခိုးမှုဖြင့် စွပ်စွဲသော စာတစ်စောင်ရေးသဖြင့် ကျွန်တော့်သူ့ကိုလက်စားချေမည်” ဟု A က D ကိုပြောသည်ကိုကြားရသည်ဟူ၍ C ကထွက်ဆိုသည်။ ထိုထွက်ဆိုချက်မှာ A အတွက်လက် ရောက်မှု ကျူးလွန်ရန်စေ့ဆော်ချက်ဖြစ်ကြောင်းပေါ်လွင်သဖြင့်စပ်ဆိုင်သည်။ ထိုစာနှင့်စပ်လျဉ်း၍ အခြားမည်သည့်သက်သေခံချက်ကိုမျှ မတင်ပြသော်လည်းအဆိုပါထွက်ဆိုချက်နှင့်စပ်လျဉ်း၍ သက်သေ ခံချက်တင်ပြနိုင်သည်။

စာဖြင့်ရေးသားထားသောယခင်ထွက်ဆိုချက်များနှင့်စပ်လျဉ်း၍ ပြန်လှန်စစ်မေးခြင်း။

၁၄၅။ သက်သေတစ်ဦး၏ ယခင်ကစာဖြင့်ရေးသားထားသည့်ထွက်ဆိုချက်များသည် သို့မဟုတ် ရေးမှတ်ထားချက်များသည် အချင်းဖြစ်ကိစ္စများနှင့် စပ်ဆိုင်နေလျှင်၊ ထိုရေးသားချက်ကို ထိုသက်သေ အားမပြဘဲ သို့မဟုတ် သက်သေထင်ရှား တင်ပြခြင်းမပြုဘဲ အဆိုပါ ရေးသားချက်များနှင့်စပ်လျဉ်း၍ ထိုသက်သေအား ပြန်လှန်စစ်မေးခြင်းပြုနိုင်သည်။ သို့ရာတွင် ထိုရေးသားချက်ကိုအသုံးပြု၍ ထိုသက် သေအား ဆန့်ကျင်မေးမြန်းရန် ရည်ရွယ်လျှင် ထိုရေးသားချက်ကို သက်သေထင်ရှားမပြုနိုင်မီ ထိုသက် သေအား ထိုသို့ဆန့်ကျင်မေးမြန်းရန်အလို့ငှာ အသုံးပြုမည့် ထိုရေးသားချက်မှ အပိုင်းများကို ထိုသက် သေအားအသိပေးရမည်။

ပြန်လှန်စစ်မေးရာတွင် တရားဥပဒေနှင့် အညီမေးနိုင်သည့်မေးခွန်းများ။

၁၄၆။ သက်သေတစ်ဦးအားပြန်လှန်စစ်မေးသည့်အခါ ဤအထက်က ပြဋ္ဌာန်းချက်များ၌ ဖော်ပြခဲ့သော မေးခွန်းများအပြင်အောက်ပါမေးခွန်းများကိုလည်း မေးမြန်းနိုင်သည်-

(၁) ထိုသူ၏ထွက်ဆိုချက်မှန်ကန်မှုရှိ မရှိစမ်းသပ်ရန်၊

(၂) ထိုသူသည် မည်သည့်လူစားမျိုးဖြစ်သည်၊ ယင်းအပြင် ထိုသူ၏ဘဝအခြေအနေမည်သို့ရှိသည်ကို ထုတ်ဖော်ရန်၊

(၃) ထိုသူအားယုံကြည်ထိုက်မှုကို ယိမ်းယိုင်သွားစေရန် ထိုသူ၏အကျင့်စာရိတ္တကိုထိခိုက်သည့်အချက် များ ပေါ်လွင်စေမည့် မေးခွန်းများကို ဖြေဆိုရာ၌ ထိုသူအားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြစ်မှု ရောက်စေနိုင်သည့် အဖြေသော်လည်းကောင်း၊ ပြစ်ဒဏ်ခံရခြင်းနှင့် ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် ပစ္စည်း သိမ်းယူသည့်ဒဏ်ဖြစ်စေ ချမှတ်ခံရမည့်အဖြေသော်လည်းကောင်း ဖြစ်နိုင်သော်လည်း ထိုသို့မေးမြန်းနိုင် သည်။

မည်သည့်အခါသက်သေကို အတင်းအကြပ်ဖြေဆိုစေရခြင်း။

၁၄၇။ မေးခွန်းတစ်ခုသည်သက်ဆိုင်ရာ တရားမမှု သို့မဟုတ် မှုခင်းကိစ္စ၌ စပ်ဆိုင်သည့်ကိစ္စနှင့် သက်ဆိုင်နေလျှင်ပုဒ်မ ၁၃၂ ပါပြဋ္ဌာန်းချက်များသည် ထိုမေးခွန်းနှင့်သက်ဆိုင်စေရမည်။

မည်သည့်အခါမေးခွန်းကိုမေး၍ မည်သည့်အခါသက်သေအားအတင်းအကြပ်ဖြေဆိုစေရမည်ကို တရားရုံးကဆုံးဖြတ်ရခြင်း။

၁၄၈။ မေးခွန်းတစ်ခုသည် သက်ဆိုင်ရာတရားမမှု၌ သို့မဟုတ် မှုခင်း၌ ကိစ္စတစ်ရပ်သည် စပ်ဆိုင်ခြင်းမ ရှိဘဲ သက်သေ၏ယုံကြည်ထိုက်မှုကို ထိခိုက်စေရန် ထိုသူ၏အကျင့်စာရိတ္တကိုညိုးနွမ်းစေမည့်မေးခွန်း ဖြစ်လျှင် ထိုသက်သေအား ထိုမေးခွန်းကို အတင်းအကျပ်ဖြေဆိုစေခြင်း ပြုမည်မပြုမည်ကိုတရားရုံးက ဆုံးဖြတ်ရမည်။ သင့်သည်ထင်မြင်လျှင်သက်သေအား ထိုမေးခွန်းကိုဖြေဆိုရန်တာဝန်မရှိကြောင်းသတိ ပေးနိုင်သည်။ တရားရုံးသည် ချင့်ချိန်မှုကို ကျင့်သုံးရာ၌ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား ရမည်-

(၁) မေးခွန်းများတွင်ပါသော ရည်ညွှန်းသည့်စွပ်စွဲချက်မှန်ကန်ပါက သက်သေအစစ်ခံနေသော အကြောင်းအရာနှင့်စပ်လျဉ်း၍ ထိုသက်သေကို ယုံသင့်မယုံသင့် တရားရုံးက စဉ်းစားဆင်ခြင်ရာ၌ များ စွာထိခိုက်စေမည်ဖြစ်လျှင် ထိုသို့သော မေးခွန်းများသည်မေးထိုက်သောမေးခွန်းများဖြစ်သည်။

(၂) မေးခွန်းများတွင်ပါသော ရည်ညွှန်းသည့်စွပ်စွဲချက်သည် အချိန်ကာလကြာမြင့်စွာကဖြစ်ပျက်ခဲ့သော အကြောင်းအရာများဖြစ်၍သော်လည်းကောင်း၊ ထိုစွပ်စွဲချက်မှန်ကန်လျှင်လည်း သက်သေထွက်ဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ သက်သေကို ယုံသင့် မယုံသင့် တရားရုံးက စဉ်းစားဆင်ခြင်ရာ၌ ထိခိုက်စေခြင်းမရှိလျှင် သို့မဟုတ် အနည်းငယ်မျှသာ ထိခိုက်စေမည်ဖြစ်လျှင် ထိုသို့သောမေးခွန်း များသည် သင့်တော်သည်မဟုတ်ချေ၊

(၃) သက်သေ၏အကျင့်စာရိတ္တကို ထိပါးစေသည့်စွပ်စွဲချက်၏အရေးပါမှုနှင့် ထိုသက်သေ၏သက်သေခံ ချက်တို့၏အရေးပါမှုတို့မှာ မမျှမတအောင်ကွာခြားနေလျှင် ထိုသို့သောမေးခွန်းများသည်သင့်တော် သည် မဟုတ်ချေ၊

(၄) မေးခွန်းကို မဖြေဆိုလိုကြောင်း သက်သေကငြင်းဆိုလျှင် တရားရုံးသည် ထိုငြင်းဆိုချက်ကို ထောက်ရှုလျက် မေးခွန်းကို ဖြေဆိုခဲ့သော် ထိုသက်သေအတွက် အကျိုးယုတ်ရန်ရှိသည်ဟု ကောက်ယူသင့်သည် ထင်မြင်ပါက ကောက်ယူနိုင်သည်။

သင့်လျော်သည့်အကြောင်းမရှိဘဲမမေးရသည့်မေးခွန်း။

၁၄၉။ ပုဒ်မ ၁၄၈ တွင်ရည်ညွှန်းဖော်ပြသည့် မေးခွန်းကိုမေးမြန်းသူသည် ထိုမေးခွန်းတွင်ပါသော ရည်ညွှန်းသည့် စွပ်စွဲချက်မှာ အခြေအမြစ်ကောင်းစွာ ရှိသည်ဟုယူဆရန် သင့်တော်သော အကြောင်းမရှိ လျှင် ထိုမေးခွန်းမျိုးကို မမေးသင့်ချေ။

**ဥပမာများ**

(က) ရှေ့နေတစ်ဦးအားယင်း၏ အမှုသည်က အရေးကြီးသော သက်သေတစ်ဦးမှာ ခားပြေဖြစ်သည်ဟု ပြောကြားသည်။ ဤသည်မှာထို သက်သေအား ခားပြေ ဟုတ်မဟုတ် မေးမြန်းရန်သင့်လျော်သော အကြောင်းဖြစ်သည်။

(ခ) တရားရုံး၌ ရှေ့နေတစ်ဦးအား လူတစ်ယောက်က အရေးကြီးသော သက်သေတစ်ဦးမှာ "ခားပြေ" ဖြစ်သည်ဟုပြောကြားသည်။ ရှေ့နေက မေးမြန်းသောအခါ ထိုသတင်းပေးသူကမိမိ၏ ပြောကြားချက်အ တွက် ကျေနပ်လောက်သောအကြောင်းများကိုဖော်ပြသည်။ ဤသည်မှာ ထိုသက်သေအား ခားပြေ ဟုတ် မဟုတ် မေးမြန်းရန်သင့်လျော်သောအကြောင်းဖြစ်သည်။

(ဂ) သက်သေတစ်ဦး၏အကြောင်းမည်သို့မျှ မသိဘဲလျက် ထိုသက်သေအားခားပြေ ဟုတ် မဟုတ်ရမ်းဆ ၍ မေးမြန်းသည်။ ဤကိစ္စတွင် ထိုမေးခွန်းမေးရန်သင့်လျော်သော အကြောင်းများမရှိချေ။

(ဃ) သက်သေတစ်ဦး၏အကြောင်းမည်သို့မျှ မသိဘဲလျက် ယင်း၏နေထိုင်မှုအခြေအနေနှင့်အသက် မွေးဝမ်းကြောင်းမှုကို မေးမြန်းရာ ထိုသက်သေက ကျေနပ်ဖွယ်မရှိသော အဖြေကိုပေးသည်။ ဤသည်မှာ ထိုသက်သေအားခားပြေ ဟုတ်မဟုတ် မေးမြန်းရန် သင့်လျော်သော အကြောင်းဖြစ်နိုင်သည်။

သင့်တော်သော အကြောင်းများမရှိဘဲ မေးခွန်းကိုမေးမြန်းလျှင်တရားရုံးက ကျင့်သုံးရမည့်ကျင့်ထုံး များ။

၁၅၀။ အဆိုပါမေးခွန်းမျိုးကို သင့်တော်သော အကြောင်းများမရှိဘဲ ရှေ့နေတစ်ဦးက မေးမြန်းခဲ့သည်ဟု တရားရုံးကထင်မြင်ယူဆလျှင် တရားရုံးသည် အမှု၏အခြေအနေကို တရားရုံးချုပ်သို့ဖြစ်စေ၊ အဆိုပါ ရှေ့နေ၏လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲပိုင်ခွင့်ရှိသော အခြားအာဏာပိုင်သို့ဖြစ်စေ တိုင်ကြား နိုင်သည်။

မဖွယ်ရာသော သို့မဟုတ် အသရေကိုထိခိုက်စေသောမေးခွန်းများ။

၁၅၁။ မေးခွန်းများ သို့မဟုတ် စုံစမ်းစစ်ဆေးချက်များသည် တရားရုံးက စဉ်းစားဆဲဖြစ်သောကိစ္စများနှင့် အနည်းငယ်သက်ဆိုင်သော်လည်း မဖွယ်မရာဖြစ်သည် သို့မဟုတ် အသရေကို ထိခိုက်စေသည်ဟု တရားရုံးကယူဆလျှင် အဆိုပါမေးခွန်းများကိုမမေးရန် သို့မဟုတ် ထိုသို့စုံစမ်းစစ်ဆေးခြင်းမပြုရန် တရားရုံးကတားမြစ်နိုင်သည်။ သို့ရာတွင် အငြင်းဖြစ်သည့် အကြောင်းခြင်းရာများနှင့်သော်လည်း ကောင်း၊ အငြင်းဖြစ်သည့် အကြောင်းခြင်းရာများတည်ရှိ မရှိကို ဆုံးဖြတ်နိုင်ရန်အလို့ငှာသိရှိရန် လိုအပ်သော ကိစ္စများနှင့်သော်လည်းကောင်း သက်ဆိုင်လျှင် အဆိုပါမေးခွန်းများမမေးရန် သို့မဟုတ် ထိုသို့ စုံစမ်းစစ်ဆေးခြင်းမပြုရန် တရားရုံးက တားမြစ်ခြင်းမပြုနိုင်ချေ။

စော်ကားရန် သို့မဟုတ် စိတ်ငြိုငြင်စေရန်ရည်ရွယ်၍မေးသည့်မေးခွန်းများ။

၁၅၂။ စော်ကားရန် သို့မဟုတ်စိတ်ငြိုငြင်စေရန် ရည်ရွယ်၍မေးသောမေးခွန်းဖြစ်သည်ဟု တရားရုံးက ထင်မြင်သောမေးခွန်း သို့မဟုတ် သင့်တော်သော မေးခွန်းပင်ဖြစ်သော်လည်း အကြောင်းမဲ့နာကြည်းစေ သည့် မေးခွန်းမျိုးဖြစ်သည်ဟု ထင်မြင်သော မေးခွန်းကိုတရားရုံးသည်တားမြစ်ရမည်။

မှန်ကန်မှုရှိ မရှိစမ်းသပ်သည့် မေးခွန်းများ၏အဖြေကိုဆန့်ကျင်ရန် တင်ပြသည့် သက်သေခံချက် ကိုပယ်ခြင်း။

၁၅၃။ သက်သေတစ်ဦး၏အကျင့်စာရိတ္တကို ညိုးနွမ်းစေခြင်းဖြင့် ယင်းအပေါ်ယုံကြည်မှုကိုထိခိုက်စေရုံ မျှသာ စုံစမ်းစစ်ဆေးဆဲ အမှုနှင့် စပ်ဆိုင်သော မေးခွန်းတစ်ခုခုကိုမေးမြန်း၍ ထိုသက်သေကလည်း ဖြေ ဆိုပြီးဖြစ်လျှင်



Myanmar Law Information System (MLIS)

ထိုသက်သေ၏ဖြေဆိုချက်ကို ဆန့်ကျင်၍ မည်သည့်သက်သေခံချက်ကိုမျှ မတင်ပြရ။ သို့ ရာတွင် သက်သေက မမှန်မကန်ဖြေဆိုလျှင် မမှန်သက်သေခံမှုဖြင့် နောက်မှထိုသက်သေအားတရားစွဲ ဆိုနိုင်သည်။

**ခြွင်းချက် (၁)** ။ သက်သေတစ်ဦးအား ယခင်ကပြစ်မှုထင်ရှား စီရင်ခံရဖူးခြင်းရှိ မရှိ မေးမြန်း၍ ထိုသက်သေက ထိုသို့မခံရဖူးကြောင်းဖြင့် ငြင်းဆိုလျှင်ထိုသက်သေအား ယခင်ကပြစ်မှုထင်ရှား စီရင်ခဲ့ဖူး ကြောင်း သက်သေခံတင်ပြနိုင်သည်။

**ခြွင်းချက် (၂)** ။ သက်သေတစ်ဦး ဘက်လိုက်နေသည်ဟူ၍ စွပ်စွဲနိုင်ရန်ထိုသက်သေအား အချို့သော အကြောင်းခြင်းရာများကိုထုတ်ဖော် မေးမြန်း၍ ထိုသက်သေက ထိုအကြောင်းခြင်းရာများကိုငြင်းဆို ဖြေကြားလျှင် ထိုသက်သေအား ထိုဖြေကြားချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်မေးမြန်းခြင်း၊ သက်သေခံ တင်ပြခြင်းပြုနိုင် သည်။

**ဥပမာများ**

(က) အာမခံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအပေါ် ငွေရလိုကြောင်း တရားစွဲဆိုရာ လိမ်လည်တောင်းဆို သည်ဟု ခုခံချေဆိုသည်။

ယခင်က အလုပ်ကိစ္စ ဆောင်ရွက်ခဲ့ရာတွင် လိမ်လည်၍ တောင်းဆိုဖူးခြင်း ရှိ မရှိ ထိုတောင်းဆိုသူအား မေးမြန်းရာ ယင်းကထိုသို့လိမ်လည်တောင်းဆိုဖူးခြင်းမရှိဟုငြင်းဆိုသည်။

ထိုသူယခင်က ထိုသို့လိမ်လည်၍ တောင်းဆိုဖူးကြောင်းပြရန် သက်သေခံချက်ကိုတင်ပြလိုသည်။

ထိုသက်သေခံချက်မှာ သက်သေခံမဝင်။

(ခ) မရိုးမဖြောင့်ခြင်းကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရဖူးသည် မဟုတ်လောဟု သက်သေအားမေး မြန်းရာ ထိုသက်သေက ထိုသို့အလုပ်မှ ထုတ်ပယ်ခြင်းမခံရဖူးကြောင်းငြင်းဆိုသည်။

ထိုသူသည် မရိုးမဖြောင့်ခြင်းကြောင့် အလုပ်မှ ထုတ်ပြစ်ခြင်းခံရဖူးကြောင်းကိုပြရန်သက်သေခံချက်တင် ပြလိုသည်။

ထိုသက်သေခံချက်မှာ သက်သေခံမဝင်။

(ဂ) A က နေ့ရက်တစ်ရက်တွင် B ကိုမန္တလေးမြို့၌ တွေ့မြင်ခဲ့ကြောင်း အခိုင်အမာပြောဆိုသည်။

A အားထိုနေ့ရက်တွင် ရန်ကုန်မြို့၌ ရှိ မရှိ မေးမြန်းရာ A ကမရှိကြောင်း ငြင်းဆိုသည်။

ထိုနေ့ရက်တွင် ရန်ကုန်မြို့၌ A ရှိကြောင်းကိုပြရန် သက်သေခံချက် တင်ပြလိုသည်။

ဤသက်သေခံချက်သည် သက်သေခံဝင်သည်။

ထိုသို့ သက်သေခံဝင်ခြင်းမှာ A အားယုံကြည်ထိုက်ခြင်းနှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာကို ဆန့် ကျင်သည့်အနေဖြင့် မဟုတ်ဘဲ B ကိုထိုနေ့ရက်တွင်မန္တလေးမြို့၌ တွေ့မြင်ခဲ့သည် ဆိုသော အကြောင်း ခြင်းရာကို ဆန့်ကျင်သည့်အနေဖြင့် သက်သေခံဝင်ခြင်းဖြစ်သည်။

အထက်အမှုအသီးသီးတွင်သက်သေ၏ငြင်းဆိုချက်သည် မဟုတ်မမှန် ခဲ့လျှင် ယင်းသက်သေအား မမှန် သက်သေခံမှုဖြင့် တရားစွဲဆိုနိုင်သည်။

(ဃ) B အပေါ်တွင်သက်သေခံနေသော A အားယင်း၏ မိသားစုနှင့် B ၏မိသားစုတို့ဆွေစဉ်မျိုးဆက် ရန်ငြိုးရန်စ ရှိမရှိမေးမြန်းရာ A ကထိုသို့ ရန်ငြိုးရန်စ မရှိကြောင်းငြင်းဆိုသည်။



Myanmar Law Information System (MLIS)

ဤမေးခွန်းမှာ သူသည်တစ်ဖက်သို့ဘက်လိုက် ငဲ့ညှာနေကြောင်းဖော်ထုတ်၍ မေးသော မေးခွန်းဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် သူ့အားယင်း၏ ငြင်းဆိုချက်နှင့်စပ်လျဥ်း၍ ဆန့်ကျင်မေးမြန်းနိုင်သည်။

အမှုသည်က မိမိသက်သေကိုမေးမြန်းခြင်း။

၁၅၄။ သက်သေခေါ်ယူတင်ပြသူက မိမိသက်သေအားမေးမြန်းရာတွင် ဆန့်ကျင်ဘက် အမှုသည်က ထိုသက်သေအားပြန်လှန်စစ်မေးရာ၌ မေးနိုင်သော မေးခွန်းမျိုးကို မေးမြန်းရန် တရားရုံးသည် ချင့်ချိန်၍ခွင့်ပြု နိုင်သည်။

သက်သေကို မယုံကြည်ထိုက်ကြောင်းဖြင့်ပြစ်တင်စွပ်စွဲခြင်း။

၁၅၅။ သက်သေတစ်ဦးကို မယုံကြည်ထိုက်ကြောင်းဖြင့် စွပ်စွဲလိုလျှင် ဆန့်ကျင်ဘက် အမှုသည်ကဖြစ်စေ၊ တရားရုံးကခွင့်ပြုပါက ထိုသက်သေကိုတင်ပြသောအမှုသည်က ဖြစ်စေ အောက်ပါနည်းလမ်းများဖြင့် စွပ်စွဲနိုင်သည်-

(၁) မိမိတို့သိရသမျှ ထိုသက်သေမှာယုံကြည်ထိုက်သူမဟုတ်ကြောင်း သက်သေခံကြသောသူတို့၏သက် သေခံချက်၊

(၂) ထိုသက်သေသည် သက်သေခံရန်အတွက်တံစိုးလက်ဆောင်ရရှိထားကြောင်း သို့မဟုတ် တံစိုးလက် ဆောင်ပေးမည်ဟူသော ကမ်းလှမ်းချက်ကို ရရှိထားကြောင်း သို့မဟုတ် အခြားမတော်မဖြောင့်သော သွေးဆောင်မှုတစ်ခုခုကို ရရှိထားကြောင်းသက်သေအဖြစ်တင်ပြခြင်း၊

(၃) ထိုသက်သေ၏ယခုသက်သေခံချက်တစ်စိတ်တစ်ဒေသသည် တိုက်ဆိုင်၍မေးမြန်းခြင်း ပြုထိုက်ပါ က ယခုထွက်ဆိုချက်နှင့် မညီမညွတ်ဖြစ်နေသော ယခင်ထွက်ဆိုချက်များရှိနေကြောင်းသက်သေထင်ရှား ခြင်း၊

(၄) ယောကျာ်းတစ်ဦးအား မုဒိမ်းမှုဖြင့်ဖြစ်စေ၊ မုဒိမ်းကျင့်ရန် အားထုတ်မှုဖြင့်ဖြစ်စေ၊ အရေးယူသော အမှုတွင်စွပ်စွဲသူ အမျိုးသမီးသည် အကျင့်စာရိတ္တပေါ့ပျက်သူ ဖြစ်ကြောင်းတင်ပြချက်။

**ရှင်းလင်းချက်**။ သက်သေတစ်ဦးက အခြားသက်သေတစ်ဦးမှာ ယုံကြည်ထိုက်သူ မဟုတ် ကြောင်းဖြင့် ထွက်ဆိုရာ၌ မူလစစ်မေးခြင်းဖြစ်ပါက မည်သည့် အကြောင်းကြောင့် မိမိထိုသို့ယုံကြည်မှတ်ယူသည်ကို ဖော်ပြခြင်းမပြုဘဲ နေနိုင်သည်။ သို့သော်လည်း ပြန်လှန်စစ်မေးသည့်အခါတွင်မူ မည်သည့်အကြောင်း ကြောင့် ထိုသို့ယုံကြည်မှတ်ယူခဲ့ကြောင်း ထိုသူ့အားမေးမြန်းနိုင်သည်။ ထိုမေးမြန်းချက်နှင့် စပ်လျဥ်း၍ ထိုသူ၏ ဖြေဆိုချက်များကို ဆန့်ကျင်၍ မေးမြန်းခြင်း၊ သက်သေခံတင်ပြခြင်း မပြုနိုင်ချေ။ သို့ရာတွင် ထိုဖြေဆိုချက်များ မမှန်ကန်လျှင် မမှန်သက်သေခံမှုဖြင့် ထိုသူ့အားနောက်ကာလတွင်စွဲချက်ပြု၍ အရေး ယူနိုင်သည်။

## ဥပမာများ

(က) A က B သို့ရောင်းချပေးအပ်လိုက်သော ကုန်ပစ္စည်းများ၏အဖိုးငွေရလိုမှုဖြင့် B အားတရားစွဲဆို သည်။ A သည် B သို့ကုန်ပစ္စည်းများပေးအပ်ခဲ့ကြောင်းဖြင့် C ကထွက်ဆိုသည်။

A သည် အဆိုပါကုန်ပစ္စည်းများကို B အားမပေးအပ်ခဲ့ဟု ယခင်တစ်ကြိမ်က C ထွက်ဆိုခဲ့ကြောင်းသက် သေခံတင်ပြရန်အဆိုပြုသည်။

ထိုသက်သေခံချက်သည် သက်သေခံဝင်သည်။

(ခ) A သည် B အားလူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံရသည်။ B သေဆုံးရသောဒဏ်ရာသည် A ပြုလုပ် သော ဒဏ်ရာဖြစ်ကြောင်းဖြင့် B သေခါနီးဆဲဆဲတွင် ပြောဆိုသွားသည်ဟု C ကထွက်ဆိုသည်။

ထိုဒဏ်ရာသည် A ကသော်လည်းကောင်း၊ ထိုသူ၏မျက်မှောက်၌သော်လည်းကောင်း ပြုလုပ်ခဲ့သည့် ဒဏ်ရာမဟုတ်ကြောင်းဖြင့် ယခင်တစ်ကြိမ်က C ပြောဆိုခဲ့ကြောင်းဖော်ပြ၍ သက်သေခံတင်ပြရန်အဆို ပြုသည်။

ထိုသက်သေခံချက်သည် သက်သေခံဝင်သည်။

စပ်ဆိုင်သည့်အကြောင်းခြင်းရာနှင့် ပတ်သက်သောသက်သေခံချက်ကိုထောက်ခံရန်ဖြစ်သည့် မေးခွန်းများသက်သေခံဝင်ခြင်း။

၁၅၆။ စပ်ဆိုင်သော အကြောင်းခြင်းရာတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံသော သက်သေတစ်ဦးအား ယင်း၏သက်သေခံချက်ကို ထောက်ခံချက်တင်သွင်းရန် ကြံရွယ်ပါက အမှု၌ အဆိုပါစပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်ပွားသည့်အချိန် သို့မဟုတ် ထိုအချိန်လောက်တွင် ဖြစ်စေ ဖြစ်ပွားသည့် နေရာ သို့မဟုတ် ထိုနေရာအနီးအနား၌ဖြစ်စေ ထိုသက်သေ သိမြင်ခဲ့ရသည့်အခြားအခြေအနေများနှင့် သက်သေ ထင်ရှားလျှင် တရားရုံးက စပ်ဆိုင်သော အကြောင်းခြင်းရာများနှင့် ပတ်သက်၍ သက်သေ၏ထွက်ချက် ကို ထောက်ခံသည်ဟု ယူဆလျှင် ထိုသက်သေအား မေးမြန်းနိုင်သည်။

**ဥပမာ**

လုယက်မှုတစ်ခုတွင် ပါဝင်ကျူးလွန်ခဲ့သူ ကြံရာပါက ထိုလုယက်မှု၏ဖြစ်ပျက်ပုံအကြောင်းကို အစစ်ခံရာ၌ ထိုလုယက်မှုကျူးလွန်ရာနေရာသို့ အသွားနှင့် ထိုနေရာမှအပြန် ခရီးလမ်းတွင် ထိုလုယက်မှုနှင့် ဆက်စပ်ခြင်း မရှိသော အခြားအဖြစ်အပျက်အမျိုးမျိုးကို ဖော်ပြသည်။

ထိုလုယက်မှုနှင့်စပ်လျဉ်းသည့် ထိုသူ၏သက်သေခံချက်ကို ထောက်ခံရန်အလို့ငှာ အဆိုပါ အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ လွတ်လပ်သော သက်သေခံချက်ကိုတင်ပြနိုင်သည်။

ဖြစ်ရပ်တစ်ခုနှင့်စပ်လျဉ်း၍သက်သေခံချက်ကိုထောက်ခံရန် အလို့ငှာ သက်သေ၏ယခင်ထွက်ဆို ချက်များကိုသက်သေထင်ရှားတင်ပြခြင်း။

၁၅၇။ သက်သေတစ်ဦး၏သက်သေခံချက်ကိုထောက်ခံရန်အလို့ငှာ ဖြစ်ပွားသည့်အချိန်တွင်ဖြစ်စေ၊ ဖြစ် ပွားသည့် အချိန်လောက်တွင်ဖြစ်စေ ဖြစ်ရပ်တစ်ခုတည်းနှင့် စပ်လျဉ်း၍ ထိုသက်သေ၏ယခင်ထွက်ဆို ချက် သို့မဟုတ် ထိုအကြောင်းခြင်းရာကို စုံစမ်းထောက်လှမ်းနိုင်ရန် ဥပဒေအရ အာဏာပိုင်တစ်ဦး၏ ရှေ့တွင် ထွက်ဆိုခဲ့သည့် ထွက်ဆိုချက်ကို သက်သေထင်ရှားတင်ပြနိုင်သည်။

ပုဒ်မ ၃၂ သို့မဟုတ် ၃၃ အရစပ်ဆိုင်သောထွက်ဆိုချက်နှင့်စပ်လျဉ်း၍မည်သည့်ကိစ္စကို သက်သေ ထင်ရှားတင်ပြနိုင်ခြင်း။

၁၅၈။ ပုဒ်မ ၃၂ သို့မဟုတ် ၃၃ အရ စပ်ဆိုင်သောထွက်ဆိုချက်တစ်ခုခုကို သက်သေခံတင်သွင်းလာပါက၊ အကယ်၍ အဆိုပါသက်သေသည် ပြန်လှန်မေးခွန်းနှင့် ပတ်သက်၍ ထွက်ဆိုချက်တွင်ပါဝင်သည့် ကိစ္စ မှန်ကန်မှုကိုငြင်းဆိုလျှင် ယင်းကိစ္စကို ဆန့်ကျင်ရန် သို့မဟုတ် ထောက်ခံရန် သို့မဟုတ် ယုံကြည်စေရန် သက်သေထင်ရှား တင်ပြနိုင်သည်။

ပြန်လည်သတိရရန်ကြည့်ရှုခြင်း။

၁၅၉။ သက်သေတစ်ဦးသည် အစစ်အဆေးခံနေစဉ်အတွင်း မိမိအားမေးမြန်းသော အမှုကိစ္စနှင့်စပ်လျဉ်း ၍ ပြန်လည်သတိရရှိရန်အလို့ငှာ အဆိုပါအမှုကိစ္စ ဖြစ်ပွားချိန်တွင်ဖြစ်စေ၊ ထိုကိစ္စ ဖြစ်ပွားချိန် တွင်ဖြစ်စေ၊



Myanmar Law Information System (MLIS)

ထိုကိစ္စဖြစ်ပွားပြီးနောက်များမကြာမီ ထိုကိစ္စကိုကောင်းစွာမှတ်မိနိုင်လောက်ဖွယ်ရှိသေး သည်ဟုတရားရုံးကထင်မြင်ယူဆသည့် အချိန်အတွင်းတွင်ဖြစ်စေ၊ မိမိကိုယ်တိုင် ရေးသားခဲ့သော ရေးသားချက်ကို ကြည့်ရှုနိုင်သည်။ အခြားသူတစ်ဦးဦး၏ရေးသားချက်တစ်ရပ်ရပ်ကို အထက်ဆိုခဲ့သည့် အချိန်အတွင်း သက်သေက ဖတ်ကြည့်ခဲ့ရပြီး ထိုသို့ဖတ်ကြည့်သည့်အခါ ရေးသားချက်မှန်ကန်ကြောင်း သိခဲ့ရလျှင် ထို အခြားသူ၏ရေးသားချက်ကိုရည်ညွှန်းနိုင်သည်။

**ပြန်လည်သတိရရန်အလို့ငှာ စာရွက်စာတမ်း၏မိတ္တူကို မည်သည့်အခါသက်သေကကြည့်ရှုနိုင် ခြင်း။**

သက်သေတစ်ဦးသည် ပြန်လည်သတိရရှိရန်အလို့ငှာ စာရွက်စာတမ်းတစ်ခုခုကို ကြည့်ရှုနိုင်ခွင့်ရှိသည့်အခါ ထိုစာရွက်စာတမ်း၏မိတ္တူကိုလည်း တရားရုံး၏ခွင့်ပြုချက်ဖြင့် ကြည့်ရှုနိုင်သည်။ မူရင်းစာရွက် စာတမ်းကို မတင်ပြဘဲနေခြင်းမှာ လုံလောက်သောအကြောင်းရှိသည်ဟု တရားရုံးကကျေနပ်သည့်အခါ ထိုသို့ ခွင့်ပြုနိုင်သည်။

အထူးကျွမ်းကျင်သူတစ်ဦးသည် ပြန်လည်သတိရရှိရန် အလို့ငှာ သက်ဆိုင်ရာအတတ်ပညာနှင့် စပ်လျဉ်း သည့်စာအုပ်စာတမ်းများကို ကြည့်ရှုနိုင်သည်။

ပုဒ်မ ၁၅၉ တွင်ဖော်ပြပါရှိသည့်စာရွက်စာတမ်းပါအကြောင်းခြင်းရာများကို သက်သေခံခြင်း။

၁၆၀။ သက်သေတစ်ဦးသည် စာရွက်စာတမ်းတစ်ခုတွင် မှန်ကန်စွာရေးမှတ်ထားကြောင်း မိမိကေန်သိ လျှင် ထိုစာရွက်စာတမ်းပါ အကြောင်းခြင်းရာများကို တိကျသေချာစွာမှတ်မိခြင်းမရှိသော်လည်း ထို အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ သက်သေခံနိုင်သည်။ သို့ရာတွင် ထိုအကြောင်းခြင်းရာများသည် ပုဒ်မ ၁၅၉ တွင်ဖော်ပြထားသည့် စာရွက်စာတမ်းမျိုး၌ပါရှိသော အကြောင်းခြင်းရာများဖြစ်ရမည်။

**ဥပမာ**

စာရင်းကိုင်တစ်ဦးသည် လုပ်ရိုးလုပ်စဉ်အရ နည်းလမ်းတကျ ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များ တွင်ရေးသွင်းထားသော သီးခြား အလုပ်ကိစ္စ များကိုမေ့လျော့သော်လည်း ထိုစာရင်းစာအုပ်များကို မှန်ကန်စွာ ထိန်းသိမ်းထားရှိကြောင်း မိမိသိရှိလျှင် ထိုစာရင်းစာအုပ်များတွင် မိမိရေးမှတ်ထားသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ သက်သေခံနိုင်သည်။

ပြန်လည်သတိရရန်ကြည့်ရှုသည့်ရေးသားချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက်အမှုသည်၏အခွင့်အရေး။

၁၆၁။ အထက်ပါ နောက်ဆုံးပုဒ်မ ၂ ခုတို့၏ဖော်ပြထားသော ရေးသားချက်တစ်ခုခုကိုကြည့်ရှုလိုကြောင်း ဆန့်ကျင်ဘက်အမှုသည်ကတောင်းဆိုလျှင် ထိုရေးသားချက်ကို တရားရုံးသို့တင်ပြ၍ ဆန့်ကျင်ဘက် အမှုသည်အားပြသရမည်။ ဆန့်ကျင်ဘက်အမှုသည် သည် ထိုရေးသားချက်နှင့် စပ်လျဉ်း၍ သက်သေကို ပြန်လှန်စစ်မေးလိုလျှင် စစ်မေးနိုင်သည်။

စာရွက်စာတမ်းများကိုတင်ပြခြင်း။

၁၆၂။ သက်သေတစ်ဦးသည် စာရွက်စာတမ်းတစ်ခုကိုတင်ပြရန်ဆင့်ခေါ်ခြင်းခံရ၍ ထိုစာရွက်စာတမ်း မှာလည်း ထိုသက်သေ၏လက်တွင်ဖြစ်စေ၊ ထိုသူရယူပိုင်ခွင့်ရှိရာနေရာ၌ဖြစ်စေ ရှိလျှင်ထိုစာရွက်စာတမ်း တင်ပြခြင်းကိုသော်လည်းကောင်း၊ ထိုစာရွက်စာတမ်း၏ သက်သေခံဝင်မှုကိုသော်လည်းကောင်း ကန့်ကွက်ချက်ရှိစေကာမူ

Myanmar Law Information System (MLIS)

ထိုစာရွက်စာတမ်းကိုတရားရုံးသို့ယူဆောင်ခဲ့ရမည်။ အဆိုပါ ကန့်ကွက်ချက် ခိုင်လုံ မှုရှိသည် မရှိသည် ကိုတရားရုံးကဆုံးဖြတ်ရမည်။

ထိုစာရွက်စာတမ်းမှာနိုင်ငံတော်ဆိုင်ရာကိစ္စများနှင့် မပတ်သက်လျှင် တရားရုံးသည် ထိုစာရွက်စာတမ်း သက်သေခံဝင်သည် မဝင်သည်ကိုဆုံးဖြတ်နိုင်ရန်အလို့ငှာ မိမိသင့်တော်သည် ထင်မြင်ပါက ထိုစာရွက်စာ တမ်းကိုကြည့်ရှုစစ်ဆေးနိုင်သည် သို့မဟုတ် အခြားသက်သေခံချက်ကိုရယူနိုင်သည်။

**စာရွက်စာတမ်းများကိုဘာသာပြန်ခြင်း။**

အဆိုပါကိစ္စအလို့ငှာ စာရွက်စာတမ်းတစ်ခုခုကို ဘာသာပြန်ဆိုစေရန်လိုအပ်သည့်အခါ တရားရုံးသည် မိမိသင့်တော်သည်ထင်မြင်ပါက ထိုစာရွက်စာတမ်းကို သက်သေခံတင်ပြခြင်းမပြုလျှင် ထိုစာရွက်စာ တမ်းပါအကြောင်းအရာများကို လျှို့ဝှက်ထားရန် သက်ဆိုင်ရာဘာသာပြန်ဆိုသူအားညွှန်ကြားနိုင်သည်။ ဘာသာပြန်ဆိုသူသည် ထိုညွှန်ကြားချက်ကို မလိုက်နာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၆ အရ ပြစ်မှု ကျူးလွန်သည်ဟုမှတ်ယူရမည်။

အကြောင်းကြားစာပေးပို့တောင်းဆိုသဖြင့် တင်ပြသည့် စာရွက်စာတမ်းကိုသက်သေခံအဖြစ် တင်သွင်း ခြင်း။

၁၆၃။ အမှုသည်တစ်ဦးက ဆန့်ကျင်ဘက်အမှုသည်ထံ အကြောင်းကြားစာပေးပို့၍ စာရွက်စာတမ်းတစ် စောင်ကို တင်ပြရန်တောင်းဆိုသဖြင့် ထိုဆန့်ကျင်ဘက်အမှုသည်က တင်ပြသောထိုစာရွက်စာတမ်းကို ထိုသို့ တောင်းဆိုသည့် အမှုသည်က ကြည့်ရှုစစ်ဆေးပြီးသည့်အခါ ထိုသို့ကြည့်ရှုစစ်ဆေးသော အမှုသည် သည် စာရွက်စာတမ်းတင်ပြသူကတောင်းဆိုလျှင် ထိုစာရွက်စာတမ်းကိုသက်သေခံအဖြစ်တင်သွင်းရန် တာဝန်ရှိသည်။

တင်ပြရန် အကြောင်းကြားစာပေးထားသော်လည်း တင်ပြရန်ငြင်းဆိုထားသောစာရွက်စာတမ်း များကိုသက်သေခံအဖြစ် တင်ပြခြင်း။

၁၆၄။ အမှုသည်တစ်ဦးသည် စာရွက်စာတမ်းတစ်ခုကိုတင်ပြရန် အကြောင်းကြားစာရရှိပြီးဖြစ်သော် လည်း၊ ထိုစာရွက်စာတမ်းကိုတင်ပြရန် ငြင်းဆိုလျှင် ထိုသူသည် ဆန့်ကျင်ဘက် အမှုသည်၏သဘောတူ ခွင့်ပြုချက်မရဘဲ သို့မဟုတ် တရားရုံး၏အမိန့်မရဘဲ နောင်တွင် ထိုစာရွက်စာတမ်းကို သက်သေခံအဖြစ် ဖြင့်တင်ပြခွင့်မရှိချေ။

**ဥပမာ**

A က B အပေါ်တွင် ကတိစာချုပ်တစ်ခုအရ တရားစွဲဆို၍ ထိုကတိစာချုပ်ကို တင်ပြရန် B အားအကြောင်းကြားစာပေးသည်။ အမှုစစ်ဆေးသည့်အခါ A က ထိုစာချုပ်ကိုတောင်းဆိုသော်လည်း B ကတင်ပြရန် ငြင်းဆိုသည်။ A ကထိုစာချုပ်ပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဒုတိယအဆင့် သက် သေခံချက်တင်ပြသည်။ B က A တင်ပြသည့် ဒုတိယအဆင့်သက်သေခံချက်ကိုဆန့်ကျင်ရန် သို့မဟုတ် ထိုစာချုပ်တွင်တံဆိပ်ခေါင်းကပ်ထားခြင်းမရှိကြောင်း တင်ပြရန် အလို့ငှာ မူရင်းကတိစာချုပ်ကိုတင်ပြလို သည်။ သို့သော်လည်း B သည်ထိုမူရင်းစာချုပ်ကိုတင်ပြခွင့်မရှိချေ။

တရားသူကြီး၏မေးမြန်းပိုင်ခွင့် သို့မဟုတ် တစ်စုံတစ်ခုတင်ပြစေရန် အမိန့်ပေးပိုင်ခွင့်။

၁၆၅။ တရားသူကြီးသည် အမှု၌ စပ်ဆိုင်သောအကြောင်းခြင်းရာများကိုဖော်ထုတ်ရန် သို့မဟုတ် အမှု၌ စပ်ဆိုင်သောအကြောင်းခြင်းရာများ သက်သေထင်ရှားရန်အလို့ငှာ အကြောင်းခြင်းရာတစ်ခုသည် အမှု၌ စပ်ဆိုင်သည်ဖြစ်စေ၊ မစပ်ဆိုင်သည်ဖြစ်စေ ထိုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ သက်သေတစ်ဦးဦးအား သို့မဟုတ် အမှုသည်များအား မိမိမေးလိုသည့်မေးခွန်းကို မည်သည့်ပုံစံမျိုးနှင့်မဆို အချိန်မရွေးမေးမြန်းနိုင်သည်။ စာတမ်းအမှတ်အသား သို့မဟုတ် အရာဝတ္ထုတစ်ခုခုကိုတင်ပြရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းကို အမှုသည်များကဖြစ်စေ၊ ယင်းတို့၏ကိုယ်စား ဆောင်ရွက်သူများကဖြစ်စေ ကန့်ကွက်ခွင့်မရှိစေရ။ ထို့ပြင်ထိုသို့ဆောင်ရွက်ရာ၌ မေးသောမေးခွန်းကိုဖြေဆိုသော သက်သေအား တရားရုံး၏ခွင့်ပြုချက်မရဘဲ ပြန်လှန်စစ်မေးခွင့်လည်းမရှိစေရ။

သို့ရာတွင် တရားသူကြီးသည် ဤဥပဒေအရ အမှု၌စပ်ဆိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသော ထို့ပြင်သက်သေ ထင်ရှားစေရန် နည်းလမ်းတကျသက်သေထင်ရှား တင်ပြပြီးသည်လည်းဖြစ်သော အကြောင်းခြင်းရာ အပေါ်တွင် အခြေပြု၍ စီရင်ချက်ချမှတ်ရမည်။

ထို့ပြင်တရားသူကြီးသည် အထက်ပါ လုပ်ပိုင်ခွင့် ကိုကျင့်သုံးရာ၌ အောက်ပါစည်းကမ်းချက်များကိုလိုက် နာရမည်။ ဆန့်ကျင်ဘက်အမှုသည်ကမေးသောမေးခွန်းကို သို့မဟုတ် တောင်းဆိုသောစာချုပ်စာတမ်းကို သက်သေတစ်ဦးက ပုဒ်မ ၁၂၁ မှ ၁၃၁ အထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများအရ မဖြေဆိုလို သို့မဟုတ် မတင်ပြလိုဟုငြင်းဆိုခွင့်ရှိမည်ဖြစ်လျှင် ထိုမေးခွန်းကို ဖြေဆိုစေရန် သို့မဟုတ် ထိုစာရွက်စာတမ်းကိုတင်ပြစေရန် ထိုသက်သေအားအတင်းအကျပ်မပြုရ။ ပုဒ်မ ၁၄၈ သို့မဟုတ် ၁၄၉ အရ အခြားသူတစ်ဦးဦးကမေးမြန်းရန် မသင့်တော်သော မေးခွန်းကို မေးမြန်းခြင်းမပြုရ။ ဤဥပဒေတွင် ယခင်ပါရှိပြီးဖြစ်သည့် ပြဋ္ဌာန်းချက်များအရခြွင်းချက်ပြုထားသော ကိစ္စများမှတစ်ပါး စာရွက်စာတမ်း တစ်ခုခုနှင့်စပ်လျဉ်း၍ မူရင်းအတိုင်းသက်သေခံချက် မတင်ပြဘဲနေရန်ခွင့်မပြုရ။

ဂျူရီနှင့်အကဲဖြတ်ပုဂ္ဂိုလ်များ၏မေးမြန်းပိုင်ခွင့်အာဏာများ။

၁၆၆။ ဂျူရီလူကြီးများနှင့်ဖြစ်စေ၊ အကဲဖြတ်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ စစ်ဆေးသောအမှုများတွင်တရားသူ ကြီးက သင့်တော်သည်ဟုယူဆ၍ ၎င်းကိုယ်တိုင်မေးမြန်းမည်ဖြစ်သော မေးခွန်းများကို ဂျူရီ သို့မဟုတ် အကဲဖြတ်ပုဂ္ဂိုလ်များသည် တရားသူကြီးမှတစ်ဆင့်သော်လည်းကောင်း၊ တရားသူကြီး၏ခွင့်ပြုချက်ဖြင့် သော်လည်းကောင်း သက်သေများအားမေးမြန်းနိုင်သည်။

## အခန်း(၁၁)

## သက်သေခံချက်ကို နည်းလမ်းမကျဘဲလက်ခံခြင်းနှင့် နည်းလမ်းမကျဘဲပယ်ခြင်း

သက်သေခံချက်ကိုနည်းလမ်းမကျဘဲလက်ခံခြင်း သို့မဟုတ် နည်းလမ်းမကျဘဲပယ်ခြင်းကို အကြောင်း ပြု၍ အမှုကိုအသစ်တစ်ဖန် မစစ်ဆေး၊ မစီရင်စေရခြင်း။

Myanmar Law Information System (MLIS)

၁၆၇။ သက်သေခံချက်ကို နည်းလမ်းမကျဘဲလက်ခံခဲ့သည် သို့မဟုတ် နည်းလမ်းမကျဘဲ ပယ်ခဲ့သည်ဟူ ၍ကန့်ကွက်လျှင် ကြားနာသည့် တရားရုံးသည် နည်းလမ်းမကျဘဲလက်ခံကြောင်းကန့်ကွက်ထားသော် လည်းလက်ခံခဲ့သောသက်သေခံချက်မပါရှိဘဲနှင့်ပင် မူလအမှုတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်မှာ လုံ လောက်သော သက်သေထင်ရှားရှိကြောင်း သို့မဟုတ် ပယ်ခဲ့သောသက်သေခံချက်ကိုလက်ခံခဲ့လျှင်လည်း အဆိုပါ ဆုံးဖြတ်ချက်ကိုတစ်နည်း တစ်ဖုံပြောင်းလဲစေမည်မဟုတ်ကြောင်း ထင်မြင်ပါက ဖော်ပြပါ အကြောင်းတစ်ခုခုကိုသာ အကြောင်းပြု၍ အဆိုပါအမှုကို အသစ်တစ်ဖန်စစ်ဆေးစီရင်စေခြင်း သို့မဟုတ် အဆိုပါ အမှုတွင်ချမှတ်ထားသော ဆုံးဖြတ်ချက်ကိုပယ်ဖျက်ခြင်းမပြုရ။

**----- Footnote -----**

[ပင်ရင်း- သီးသန့်စာအုပ်မှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)